http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၁၁)

အရှင်သန္တာဓိက

ရွှေပါရမီတောရ

# ဆေးပေါင်းခတဲ့မျက်ရည်



ပဉ္စမအကြိမ်

ရွှေပါရမီ စာစဉ်(၁၁)
အရှင်သန္တာဓိက • ဆေးပေါင်းခတဲ့မျက်ရည်

http://www.dhammadownload.com



http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# ဆေးပေါင်းခတဲ့မျက်ရည်



ရွှေပါရမီစာစဉ်(၁၁)

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၁ အမှတ်(၂)

စာမူခွင့်ပြုချက်
၃၂၀၃၄၂၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်
၃၂၀၃၀၆၀၆၀၇
၂၀၀၇ ခုနှစ် ❀ ဇွန်လ ❀ ပဌမအကြိမ် ❀ အုပ်ရေ ၂၀၀၀၀
မျက်နှာဖုံးပန်းချီ
နေဝင်းအောင်
စာအုပ်ချုပ်
ဖူးပွင့်မွှေး
မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။
အတွင်းပုံနှိပ်သူ
ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်
အမှတ် ၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။
ထုတ်ဝေသူ
တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့
အမှတ် (၁၉-အေ/၂)၊ မိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်။
ဖြန့်ချိရေး
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့
အမှတ် (၆၁)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။
(☎ ၂၁၀၄၆၂၊ ၂၂၆၅၀၀)

**တန်ဖိုး ၈၀၀ ကျပ်**

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ မြစိမ်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော်ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။

- ၁၉၈၄ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။

- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။

- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင် ထုတ်ဝေခဲ့သည်။

- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကောစာရီ တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ

## ဆေးပေါင်းခတဲ့မျက်ရည်


| | | |
|---|---|---|
| ၁။ | ■ လူသားအစ မျက်ရည်က | ၁၁ |
| ၂။ | ■ အချစ်ကွဲမျက်ရည်နှင့်အမုန်းတွဲမျက်ရည် | ၁၅ |
| ၃။ | ■ သမုဒ္ဒရာရှုံးအောင်ကျတဲ့မျက်ရည် | ၁၈ |
| ၄။ | ■ ပင်လယ်ရေဘယ်မခန်း၊ သတိအမိဖမ်း | ၂၃ |
| ၅။ | ■ တန်ဖိုးမရှိတဲ့မျက်ရည် | ၃၀ |
| ၆။ | ■ တန်ဖိုးရှိတဲ့မျက်ရည် | ၃၃ |
| ၇။ | ■ အယူမှား၊ အကျင့်ပျက်နေရင် | |
| | ■ မျက်ရည်ကျသင့်ပါတယ် | ၃၈ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၈။ ▣ | ဘေးဖက်ဝင်မျက်ရည်နဲ့ ဆေးဖက်ဝင်မျက်ရည် | ၄၃ |
| ၉။ ▣ | ရပဟန်းပါးပြင်မှာ ပုလဲခနေပြီ | ၄၇ |
| ၁၀။ ▣ | ငိုသံကို မကြားရက်လို့ပါ | ၅၅ |
| ၁၁။ ▣ | ဘေးခတဲ့မျက်ရည်နဲ့ အေးမြတဲ့မဂ်ဆီ သွားရအောင် | ၆၃ |
| ၁၂။ ▣ | မငိုတတ်တဲ့နှလုံးသား မျက်ရည်ကျပါဦးမလား | ၇၂ |
| ၁၃။ ▣ | မျက်ရည်မကျချင်ရင် အသက်ရှူပါ | ၇၆ |
| ၁၄။ ▣ | မျက်ရည်မကျချင်ရင် အချိန်တိုင်း သတိရပါ | ၈၃ |
| ၁၅။ ▣ | အပ္ပမာဒေန သမ္ပာဒေထ | ၈၉ |

## သေခြင်းတရားသည်


## သူတော်ကောင်းတို့၏မိတ်ဆွေ

| | | |
|---|---|---|
| ၁၆။ ▣ | သေတယ်ဆိုတာ ပျော်စရာ | ၉၃ |
| ၁၇။ ▣ | ဘဝဆိုတာ မြေအိုးတစ်လုံး | ၁၀၂ |
| ၁၈။ ▣ | ယပင့်နဲ့ ပျံတော်မူမှာလား | |
| ▣ | ရရစ်နဲ့ ပြန်တော်မူမှာလား | ၁၀၇ |
| ၁၉။ ▣ | ကာမဂုဏ်အစွဲ၊ ခန္ဓာအစွဲနဲ့ သေရင် | |
| ▣ | ရရစ်နဲ့ ပြန်တော်မူမယ် | ၁၁၄ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၀။ | ကုသိုလ်မပွား၊ တရားမသိဘဲ သေရင် | |
| | ရရစ်နဲ့ ပြန်တော်မူမယ် | ၁၂၂ |
| ၂၁။ | မိတ်ဆွေကောင်းဆိုတာ ပေးနိုင်ခဲတာ ပေးရမယ် | ၁၂၆ |
| ၂၂။ | မိတ်ဆွေကောင်းဆိုတာ ပြုနိုင်ခဲတာ ပြုရမယ် | ၁၂၉ |
| ၂၃။ | မိတ်ဆွေကောင်းဆိုတာ သည်းခံနိုင်ခဲတာ | |
| | သည်းခံရမယ် | ၁၃၂ |
| ၂၄။ | သေခြင်းတရားနဲ့ အစမ်းသပ်မခံနိုင်ရင် | |
| | သူတော်ကောင်းမဟုတ် | ၁၃၇ |
| ၂၅။ | ဒီနေ့တစ်ရက်သာ ငါ့ဘဝပါ | ၁၄၂ |
| ၂၆။ | ကျေးဇူးအများကြီးတင်ပါတယ် သေခြင်းတရား | ၁၅၀ |
| ၂၇။ | သေခြင်းတရားကို အသေသတ်ပစ်လိုက်ရအောင် | ၁၅၅ |
| ၂၈။ | အပ္ပမာဒေန သမ္ပာဒေထ | ၁၆၆ |

http://www.dhammadownload.com



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

http://www.dhammadownload.com

# တရားပွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။




http://www.dhammadownload.com

- ဝမ်းသာလို့ကျတဲ့မျက်ရည်ဟာ
လောဘအပူနဲ့စိတ်ယောက်ယက်ခတ်ပြီး
ဘေးခနေပါတယ်။
ဝမ်းနည်းလို့ကျတဲ့မျက်ရည်ဟာ
ဒေါသအပူနဲ့စိတ်တင်းကျပ်ပြီး
ဘေးခနေပါတယ်။
ဘုမသိဘမသိအလိုလိုကျတဲ့မျက်ရည်ဟာ
မောဟအပူနဲ့စိတ်လွင့်မျောပြီး
ဘေးခနေပါတယ်။

- မိမိကျလိုက်တဲ့မျက်ရည်ကြောင့်
အကုသိုလ်တရားတွေဆုတ်ယုတ်သွားတယ်
ကုသိုလ်တရားတွေတိုးပွားလာတယ်
ကိလေသာအပူတွေငြိမ်းအေးသွားတယ်ဆိုရင်
အဲဒီမျက်ရည်မျိုးဟာ
ကျသင့်ကျထိုက်တဲ့မျက်ရည်
ဆေးပေါင်းခတဲ့မျက်ရည်ပါပဲ။

http://www.dhammadownload.com



# ဆေးပေါင်းခတဲ့မျက်ရည်

## လူသားအစ မျက်ရည်က

ဆေးပေါင်းခတဲ့မျက်ရည်လို့ အမည်ပေးထားတဲ့ တရားတစ်ပုဒ်ကို ဒီနေ့ ဟောကြားရအောင်။ ဆေးပေါင်းခတဲ့မျက်ရည်ဆိုတဲ့ တရားကို ဒီနေ့ဒီအချိန်မှာ ဘာကြောင့် ဟောရသလဲဆိုရင် အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေမှု ရှိလို့ပါပဲ။ အခုအချိန်ဟာ သီတင်းကျွတ်ပြီးကာစအချိန် ဖြစ်ပါတယ်။ အခုလို သီတင်းကျွတ်တဲ့အချိန် ရောက်တိုင်းရောက်တိုင်း ပိဋကတ်တော်မှာ လာရှိတဲ့ မထေရ်ကြီးတစ်ပါးကို ဦးဇင်းတို့ အမြဲတမ်း သတိရလေ့ရှိပါတယ်။

ဘာ့ကြောင့် သတိရရသလဲဆိုရင် သီတင်းကျွတ်နဲ့ အဲဒီမထေရ်ကြီးဟာ အကြိမ်ပေါင်းများစွာ ပတ်သက်ခဲ့လို့ပါပဲ။ သီတင်းကျွတ်နဲ့ မထေရ်ကြီး၊ မထေရ်ကြီးနဲ့ သီတင်းကျွတ် ဘယ်လိုမှ ခွဲခြားလို့မရအောင် အဲဒီမထေရ်ကြီးဟာ သီတင်းကျွတ်နဲ့ ပတ်သက်ခဲ့ပါ

http://www.dhammadownload.com

တယ်။ ဒါကြောင့် သီတင်းကျွတ်တိုင်း သီတင်းကျွတ်တိုင်း ဦးဇင်းတို့ အဲဒီမထေရ်ကြီးကို အမြဲတမ်း သတိရလေ့ရှိပါတယ်။

ဒီတော့ တရားနာပရိသတ်များကို ဦးဇင်းက မေးခွန်းတစ်ခု မေးချင်ပါတယ်။ သီတင်းကျွတ်တိုင်း သတိရချင်စရာကောင်းတဲ့ မထေရ်ကြီး ဘယ်သူများဖြစ်ပါမလဲ။ တရားနာပရိသတ်များ မကြာခဏ နာဖူးနေတဲ့ တရားထဲမှာလည်း အဲဒီမထေရ်ကြီးအကြောင်း ပါပါတယ်။ တရားနာပရိသတ်ထဲက မှတ်မိတဲ့ ပုဂ္ဂိုလ်များ နည်းနည်းလောက် စဉ်းစားပြီး ဖြေကြည့်ပါနော်။ မိနစ်ဝက်လောက် အချိန်ပေးမယ်၊ စဉ်းစားပြီး ဖြေကြည့်ပါနော်။

သီတင်းကျွတ်တိုင်း သီတင်းကျွတ်တိုင်း မျက်ရည်ကျရတဲ့ မထေရ်ကြီး ဘယ်သူများပါလိမ့်။

'မဟာသီဝမထေရ်ကြီးပါဘုရား'

မဟာသီဝမထေရ်ကြီးဆိုရင်တော့ အဲဒီအဖြေမှန်ပါတယ်။ သီတင်းကျွတ်ပေါင်း ဘယ်နှကြိမ် မျက်ရည်ကျရပါလိမ့်။

'အကြိမ်သုံးဆယ်ပါဘုရား'

အကြိမ်သုံးဆယ်တိုင်တိုင် သီတင်းကျွတ်တိုင်း သီတင်းကျွတ်တိုင်း မဟာသီဝမထေရ်ကြီး မျက်ရည်ကျရပါတယ်။

ဒီတော့ အရှင်ဘုရားက သူတစ်ပါးမျက်ရည်ကျတာကို ဘာလို့ သတိရနေရတာလဲလို့ မေးစရာရှိပါတယ်။

မဟာသီဝမထေရ်ကြီး ကျရတဲ့ မျက်ရည်ဟာ အင်မတန်တန်ဖိုးရှိတဲ့ မျက်ရည်ဖြစ်ပါတယ်။ ဆေးဖက်ဝင်တဲ့ မျက်ရည်ဖြစ်ပါတယ်။ ဆေးပေါင်းခတဲ့မျက်ရည်ဖြစ်ပါတယ်။ မျက်ရည်တစ်စက်

http://www.dhammadownload.com

ဆေးတစ်ခွက်ထိုက်တဲ့မျက်ရည် ဖြစ်ပါတယ်။

ဒါ့ကြောင့် အခုလို သီတင်းကျွတ်တဲ့အချိန်ရောက်တိုင်း ရောက်တိုင်း ဦးဇင်းတို့ သာသနာ့ဘောင်ရောက်တဲ့ အသက်ဆယ့် ခြောက်နှစ်အရွယ်ကစပြီး သီတင်းကျွတ်တဲ့အချိန် ရောက်ပြီဆိုရင် မဟာသီ၀မထေရ်ကြီးကို တလေးတစား တမြတ်တနိုးနဲ့ သတိရပါ တယ်။ သတိရမှုနဲ့အတူ ကြည်ညိုမှုတွေ၊ အားကျမှုတွေလည်း ဖြစ်ရ ပါတယ်။

အဲဒီလိုအားဖြင့် အနှစ်နှစ်အလလက တလေးတစား တ ကြည်တညို ဖြစ်ခဲ့ရတဲ့ မဟာသီ၀မထေရ်ကြီးကို အခုလို သီတင်း ကျွတ်တဲ့အချိန်၊ မထေရ်ကြီး မျက်ရည်ကျခဲ့ရတဲ့ အခုလို အချိန်မျိုး မှာ မဟာသီ၀မထေရ်ကြီးကို ပူဇော်တဲ့အနေနဲ့ 'ဆေးပေါင်းခတဲ့ မျက်ရည်' ဆိုတဲ့ တရားကို ဦးဇင်းတို့ ဟောရခြင်းဖြစ်ပါတယ်။

လူရယ်လို့ဖြစ်လာရင် မျက်ရည်မကျဖူးဘူးဆိုတဲ့သူ ရှိမှာ မဟုတ်ပါဘူး။ လူနဲ့မျက်ရည်၊ မျက်ရည်နဲ့လူ ဘယ်လိုမှ မကင်းစ ကောင်းဘူး။ လူ့ဘ၀ စဖြစ်ကတည်းကိုက မျက်ရည်နဲ့ စခဲ့ရတာ။

အမိ၀မ်းက ကျွတ်လွတ်လာကတည်းက အူ၀ဲလို့ အော်ငို ပြီး လူ့ဘ၀ကို မျက်ရည်နဲ့ စတင်အခြေချခဲ့ရတာပါ။ 'အစမကောင်း တော့ အနှောင်းမသေချာ' ဆိုတဲ့အတိုင်း မျက်ရည်နဲ့ စခဲ့ရတဲ့ လူ့ ဘ၀သက်တမ်းတစ်လျှောက်မှာ အကြောင်းအမျိုးမျိုးကြောင့် အ ကြိမ်ကြိမ် အခါခါ မျက်ရည်ကျခဲ့ရတာ ဆန်းတော့မဆန်းပါဘူး။

တချို့က ကိုယ့်ကိုယ်ကို မျက်ရည်ခိုင်တယ်လို့ ကြွေးကြော် လေ့ရှိပါတယ်။ အကြောင်းတစ်ခုခုကြောင့် သူတစ်ပါးမျက်ရည်ကျ

http://www.dhammadownload.com

တာ တွေ့ရရင် သူမို့လို့ မျက်ရည်ကျရတယ်၊ ငါသာဆို မကျပေါင်၊ ဒါလေးများ သူက မျက်ရည်ကျနေရသေးတယ်၊ ပျော့ညံ့လိုက်တာ၊ ဒီအကြောင်းလေးများနဲ့တော့ ငါတို့က မျက်ရည်မကျပါဘူး။ ငါတို့ကတော့ စိတ်ဓာတ်ပိုခိုင်မာတယ်လို့ ကြွေးကြော်လေ့ရှိပါတယ်။

ကိုယ့်မှာ တကယ်တမ်း မျက်ရည်ကျရလောက်တဲ့ အကြောင်းတရားနဲ့ မတွေ့ကြုံသေးခင်မှာသာ အဲဒီလို ပြောအားရှိတာပါ။ တစ်စုံတစ်ခုသော အကြောင်းတရားက ကိုယ့်စိတ်ကို မျက်ရည်ကျစေရလောက်အောင် ထိခိုက်လာပြီဆိုရင်တော့ အဲဒီမျက်ရည်ခိုင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်လုံးအိမ်ကနေ မျက်ရည်တွေ တားမရဆီးမရ ကျလာရတော့တာပါပဲ။

မျက်ရည်ခိုင်တဲ့သူတွေ မျက်ရည်ကျပြီဆိုရင် မျက်ရည်လွယ်တဲ့သူတွေ လိုက်လို့မမီတော့ပါဘူး။ မျက်ရည်ခိုင်တဲ့ပုဂ္ဂိုလ်ငိုပြီ ဆိုရင် မျက်ရည်လွယ်တဲ့ပုဂ္ဂိုလ်က အရှုံးပေးရတော့တာပါပဲ။

အဲဒီလိုအားဖြင့် မျက်ရည်နဲ့စခဲ့ရတဲ့ လူ့ဘဝ သက်တမ်းတစ်လျှောက်မှာ အကြောင်းအမျိုးမျိုးကြောင့် အကြိမ်ကြိမ်အခါခါ မျက်ရည်ကျခဲ့ရတယ်။ ဒီဘဝတွင်လားဆိုတော့ မဟုတ်ပါဘူး။ အစမထင် သံသရာကနေ စပြီးတော့ သံသရာတစ်လျှောက် ဘဝတိုင်း ဘဝတိုင်း မျက်ရည်ကျခဲ့ရတာပါ။

■

http://www.dhammadownload.com

# အချစ်ကွဲမျက်ရည် နှင့် အမုန်းတွဲမျက်ရည်

မျက်ရည်ကျရခြင်းရဲ့ အကြောင်းတွေကလည်း အမျိုးမျိုးပါပဲ။ အမေသေလို့လည်း မျက်ရည်ကျရတယ်။ အဖေသေလို့လည်း မျက်ရည်ကျရတယ်။ မိမိရဲ့ အစ်ကိုဖြစ်တဲ့သူ သေလို့လည်း မျက်ရည်ကျရတယ်။ ညီဖြစ်တဲ့သူ၊ မောင်ဖြစ်တဲ့သူ သေလို့လည်း မျက်ရည်ကျရတယ်။ အစ်မဖြစ်တဲ့သူ၊ နှမဖြစ်တဲ့သူ သေလို့လည်း မျက်ရည်ကျရတယ်။ သားသေလို့လည်း မျက်ရည်ကျရတယ်။ သမီးသေလို့လည်း မျက်ရည်ကျရတယ်။

မိမိ အင်မတန်ချစ်ခင်တဲ့ ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ သေကြေပျက်စီးသွားလို့လည်း မျက်ရည်ကျရတယ်။ အဲဒီလို ကိုယ်သံယောဇဉ်ရှိသူတွေ သေဆုံးသွားလို့ ကျရတဲ့မျက်ရည်ကတော့ သေကွဲကွဲလို့ ကျရတဲ့ မျက်ရည်ပါပဲ။

သေကွဲမကွဲသော်လည်းပဲ မသေခင်မှာ ရှင်ကွဲကွဲရခြင်း

http://www.dhammadownload.com

ကြောင့်လည်းပဲ မျက်ရည်ကျရတာပါပဲ။ မိမိသိပ်ချစ်တဲ့ပုဂ္ဂိုလ်နဲ့ အခိုက်အတန့်ပဲဖြစ်ဖြစ်၊ အချိန်အကြာကြီးပဲဖြစ်ဖြစ် ခွဲခွာနေရတဲ့ အခါမျိုးမှာလည်းပဲ မျက်ရည်ကျရတာပါပဲ။

တချို့များဆိုရင် လူလူချင်း ရှင်ကွဲ၊ သေကွဲ ကွဲလို့ကျတဲ့ မျက်ရည်မျိုးတောင် မကဘူး။ မိမိချစ်တဲ့ တိရစ္ဆာန်လေးတွေနဲ့ ရှင်ကွဲ၊ သေကွဲ ကွဲရတယ်ဆိုရင်ပဲ မျက်ရည်ကျရတယ်။

တချို့က ခွေးကြောင်စတဲ့ တိရစ္ဆာန်လေးတွေကို သိပ်ချစ်တယ်။ မိမိ သိပ်ချစ်တဲ့ ခွေးလေး၊ ကြောင်လေးတွေ သူများယူသွားပြီ၊ သို့မဟုတ် သေဆုံးသွားပြီဆိုရင်လည်း ကိုယ့်အိမ်က လူတစ်ယောက်ယောက် သေသွားသလို ငိုပြီး မျက်ရည်ကျရပါတယ်။

မသေဘူးပဲထားဦး၊ ကိုယ်မွေးထားတဲ့ ခွေးကလေး၊ ကြောင်ကလေး ပျောက်သွားတယ်၊ အချိန်တန်လို့ အိမ်ပြန်မလာဘူးဆိုရင် ဝမ်းနည်းပြီးတော့ မျက်ရည်ကျရတယ်။

အဲဒီလိုအားဖြင့် မိမိချစ်တဲ့ ပုဂ္ဂိုလ်များနဲ့ ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်းကြောင့်လည်း မျက်ရည်ကျရ၊ ကိုယ်ချစ်တဲ့ ပုဂ္ဂိုလ်တွေ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးသွားတဲ့အခါ၊ ရာထူးအာဏာတွေ ပျက်စီးသွားတဲ့အခါ၊ အနာရောဂါတွေ နှိပ်စက်ခံရတဲ့အခါ၊ ဘေးရန်အန္တရာယ်တွေ ကြုံတွေ့ရတဲ့အခါ၊ အဲဒီလိုအခါမျိုးတွေမှာလည်းပဲ မျက်ရည်ကျရတယ်။

မိမိကိုယ်တိုင် ပစ္စည်းဥစ္စာတွေ ပျက်စီးသွားတဲ့အခါ၊ ရာထူးအာဏာတွေ ကျဆင်းသွားတဲ့အခါ၊ အနာရောဂါတွေ နှိပ်စက်ခံရတဲ့အခါ၊ ဘေးရန်အန္တရာယ်တွေ တွေ့ကြုံရတဲ့အခါ၊ သူတစ်ပါး

http://www.dhammadownload.com

က မျက်ရည်ကျလောက်အောင် စတဲ့ နောက်တဲ့အခါ၊ နာကျင်ခံခက်အောင် ညှဉ်းပန်းနှိပ်စက်တဲ့အခါ စသည်အားဖြင့် အဲဒီလိုအခါမျိုးတွေမှာလည်း မျက်ရည်ကျရတာပဲ။

မျက်ရည်ကျရခြင်းရဲ့ အကြောင်းတွေ ဘယ်လောက်ပဲများများ အနှစ်ချုပ်လိုက်လို့ရှိရင်တော့ 'ပိယေဟိ ဝိပ္ပယောဂမျက်ရည်' နဲ့ 'အပ္ပိယေဟိ သမ္ပယောဂမျက်ရည်'လို့ မျက်ရည်နှစ်မျိုးပဲရှိပါတယ်။

ပိယေဟိ ဝိပ္ပယောဂမျက်ရည်ဆိုတာက မိမိချစ်ခင်နှစ်သက် မြတ်နိုးတဲ့ သက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ ခွဲခွာကွေကွင်းရခြင်းကြောင့် ကျရတဲ့ မျက်ရည်ပါပဲ။ တစ်နည်းအားဖြင့် ပြောရရင်တော့ ပိုင်ဆိုင်ချင်တာ မပိုင်ဆိုင်ရလို့ ကျရတဲ့မျက်ရည်၊ လိုချင်တာမရလို့ ကျရတဲ့မျက်ရည်၊ ဖြစ်ချင်တာ မဖြစ်ရလို့ ကျရတဲ့မျက်ရည်၊ အဲဒီမျက်ရည်ကို ပိယေဟိ ဝိပ္ပယောဂမျက်ရည်လို့ခေါ်ပါတယ်။ မြန်မာလိုတော့ 'အချစ်ကွဲမျက်ရည်' ပေါ့။

အပ္ပိယေဟိ သမ္ပယောဂမျက်ရည်ဆိုတာကတော့ မိမိမချစ်ခင် မနှစ်သက် မမြတ်နိုးတဲ့ သက်ရှိသက်မဲ့ ပုဂ္ဂိုလ် သတ္တဝါ၊ အရာဝတ္ထုတွေနဲ့ အတူယှဉ်တွဲပြီးနေရခြင်းကြောင့် ကျရတဲ့ မျက်ရည်ပါပဲ။ တစ်နည်းအားဖြင့် ပြောရရင်တော့ မပိုင်ဆိုင်ချင်တာ ပိုင်ဆိုင်ရလို့ကျရတဲ့မျက်ရည်၊ မလိုချင်တာ ရလို့ ကျရတဲ့မျက်ရည်၊ မဖြစ်ချင်တာဖြစ်ရလို့ ကျရတဲ့မျက်ရည်၊ အဲဒီမျက်ရည်ကို အပ္ပိယေဟိ သမ္ပယောဂမျက်ရည်လို့ ခေါ်ပါတယ်။ မြန်မာလိုတော့ 'အမုန်းတွဲမျက်ရည်' ပေါ့။

http://www.dhammadownload.com

## သမုဒ္ဒရာရှုံးအောင် ကျတဲ့မျက်ရည်

အဲဒီ ပိယေဟိ ဝိပ္ပယောဂမျက်ရည်(အချစ်ကွဲမျက်ရည်)နဲ့ အပ္ပိယေဟိ သမ္ပယောဂမျက်ရည်(အမုန်းတွဲမျက်ရည်)တွေ သံသရာတစ်လျှောက်မှာ ကျခဲ့တာ ဘယ်လောက်များခဲ့လဲဆိုရင် သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေကမှ နည်းဦးမယ်။ သံသရာတစ်လျှောက် ကျခဲ့တဲ့ မျက်ရည်က ပိုပြီးတော့ များပါတယ်။ သံသရာတစ်လျှောက်မှာ ကျခဲ့ရတဲ့ မျက်ရည်တွေက သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက်တောင် ပိုပြီးတော့ များပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် ကျရတဲ့မျက်ရည်တွေကို စုပေါင်းလိုက်မှ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များတာ မဟုတ်ပါဘူး။ အကြောင်းတစ်မျိုးတစ်မျိုးကြောင့် ကျတဲ့မျက်ရည်ကိုက သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် ပိုများပါတယ်။

အဲဒီအကြောင်းတစ်မျိုးတစ်မျိုးကိုလည်းပဲ ပုံစံအမျိုးမျိုး၊

http://www.dhammadownload.com

ရှုထောင့်အမျိုးမျိုး၊ သဘောတရားအမျိုးမျိုးနဲ့ ဘက်ပေါင်းစုံ စိတ်ချင်သလောက်စိတ်၊ စိတ်လိုက်သမျှ အစိတ်တိုင်းအစိတ်တိုင်း၊ အစိတ်တစ်ခုချင်း၊ တစ်ခုချင်းကြောင့် ကျရတဲ့မျက်ရည်ကလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များတာပါပဲ။

ဆိုကြပါစို့၊ အမေသေလို့ ကျရတဲ့မျက်ရည်၊ တခြားတခြားသော မျက်ရည်အမျိုးအစားတွေမပါဘဲနဲ့ အမေသေခြင်းကြောင့် ကျရတဲ့ မျက်ရည်တစ်ခုတည်းကိုက သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များလှပါတယ်။

အဲဒီ အမေသေလို့ကျရတဲ့ မျက်ရည်အမျိုးအစားတစ်ခုကိုလည်း ထပ်ပြီး စိတ်လိုက်ဦး။ နာမည်တစ်မျိုးတည်းရှိတဲ့ အမေကြောင့် ကျရတဲ့မျက်ရည်ကလည်း သမုဒ္ဒရာလေးစင်းထက်မက များပါတယ်။

ဆိုကြပါစို့။ 'ဒေါ်က' ဆိုတဲ့နာမည်နဲ့ သံသရာတစ်လျှောက်လုံး တော်စပ်ခဲ့တဲ့ အမေတွေကြောင့် ကျရတဲ့မျက်ရည်ကလည်းပဲ၊ တခြား တခြားနာမည်ရှိတဲ့ အမေတွေသေလို့ ကျတဲ့မျက်ရည်မပါဘူးနော်။ ဒေါ်ကဆိုတဲ့ နာမည်တူ အမေတွေသေလို့ ကျရတဲ့မျက်ရည်ကလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ရေတွေထက် များတယ်။

တစ်ခါ ကိုယ့်ဘက်ကိုလည်း ပြန်ပြီး စိတ်လိုက်ဦး။ မိမိကလည်း သံသရာမှာ 'မောင်က' ဆိုတဲ့နာမည်၊ အဲဒီနာမည်တစ်မျိုးတည်းနဲ့ ရှိစဉ်တုန်းက တော်စပ်ခဲ့ဖူးတဲ့ အမေတွေကြောင့် ကျရတဲ့ မျက်ရည်၊ အဲဒီ မျက်ရည်ကလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေ

http://www.dhammadownload.com

တွေထက် များပါတယ်။

ဘဝတစ်ခုတည်းမှာပဲ ကိုယ့်နာမည်လည်း 'မောင်က'၊ ကိုယ့်အမေနာမည်လည်း 'ဒေါ်က'၊ အမေ 'ဒေါ်က' သေလို့ သား 'မောင်က' ငိုခဲ့ရတဲ့မျက်ရည်တွေကလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များပါတယ်။ ကိုယ်က'မယ်ခ' ဆိုတဲ့ သမီးဖြစ်ခဲ့လို့ ဒီမယ်ခဆိုတဲ့နာမည်နဲ့ချည်းပဲ တော်စပ်ခဲ့ဖူးတဲ့ အမေတွေသေလို့ ကျရတဲ့မျက်ရည်။ ဒါလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များပါတယ်။

ဘဝတစ်ခုတည်းမှာပဲ ကိုယ့်နာမည်လည်း 'မယ်ခ'၊ ကိုယ့်အမေနာမည်လည်း 'ဒေါ်ခ'၊ အမေ 'ဒေါ်ခ' သေလို့ သမီး 'မယ်ခ' ငိုခဲ့ရတဲ့ မျက်ရည်တွေကလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက် များပါတယ်။

အကြောင်းတစ်မျိုးတစ်မျိုးကို ကိုယ်စိတ်ချင်သလောက် စိတ်၊ စိတ်လိုက်သမျှ တစ်စိတ်တစ်စိတ်ကြောင့် ကျရတဲ့မျက်ရည်ဟာလည်း သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေထက် များပါတယ်။

ဒီလိုဆိုတော့ အကြောင်းအမျိုးမျိုးကြောင့် ကျရတဲ့ မျက်ရည်တွေကို စုပေါင်းလိုက်မယ်ဆိုရင်၊ အကြောင်းအမျိုးမျိုးကြောင့် ကျရတဲ့ မျက်ရည်ဟာ ခန်းခြောက်မသွားဘဲနဲ့ တည်ရှိနေမယ်ဆိုရင် အဲဒီမျက်ရည်ဟာ သမုဒ္ဒရာလေးစင်းလည်း မကပါဘူး။ သမုဒ္ဒရာအစင်းလေးဆယ်လည်း မကပါဘူး။ သမုဒ္ဒရာ အစင်းလေးထောင်လည်း မကပါဘူး။ သမုဒ္ဒရာ အစင်းပေါင်း ကုဋေကုဋာ၊ အသင်္ချေ အနန္တ မရေမတွက်နိုင်အောင် မျက်ရည်တွေ ကျခဲ့လှပါပြီ။

http://www.dhammadownload.com

အဲဒီလို ဆင်ခြင်နှလုံးသွင်းလိုက်တော့ ဘာဝခန္ဓာ သံသရာဟာ အင်မတန် ငြီးငွေ့စရာကောင်းလှပါလား။ ငြီးငွေ့သင့်လှပါပြီ။ ငြီးငွေ့ကြပါတော့။ ခန္ဓာအသစ် ထပ်ဖြစ်မယ့် အလုပ်တွေနဲ့ အချိန်မကုန်ကြပါနဲ့တော့။

သံသရာတစ်လျှောက်လုံး အကြိမ်ပေါင်းများစွာ မရေမတွက်နိုင်အောင် ပြုလုပ်ခဲ့တဲ့ စားဝတ်နေရေးအလုပ်တွေ၊ အိမ်ထောင်သားမွေးအလုပ်တွေနဲ့ချည်းပဲ အချိန်မဖြုန်းကြပါနဲ့တော့။ ခန္ဓာအသစ် ထပ်မဖြစ်တော့မယ့် အလုပ်ကို အားထုတ်ကြပါတော့။ ခန္ဓာဝဋ်ဇာတ် အမြစ်ပြတ်မယ့် ဝိပဿနာအလုပ်ကို အချိန်ပြည့် ဦးစားပေးပြီး ကြိုးစားအားထုတ်ကြပါတော့။ သံသရာမျက်ရည်သမုဒ္ဒရာကြီး ခန်းခြောက်စေမယ့်၊ မျက်ရည်ဇာတ်သိမ်းစေမယ့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေ၊ ပါရမီဆယ်ပါး အကျင့်တရားတွေကိုပဲ ဖြည့်ကျင့်ကြပါတော့။

အဲဒီလို မျက်ရည်အကြောင်းကို ဆင်ခြင်တာ၊ သံသရာမှာ ကိုယ်ကျခဲ့တဲ့ မျက်ရည်တွေ သမုဒ္ဒရာလေးစင်းမက များပြီလို့ ဆင်ခြင်တာဟာ ဘာအတွက်လဲဆိုရင် သံဝေဂဉာဏ်ဖြစ်ဖို့ပါပဲ။ ဖြစ်လာတဲ့ သံဝေဂဉာဏ်က ဘာအတွက်လဲဆိုရင် ဝိပဿနာဉာဏ်အတွက်ပါပဲ။

ဝိပဿနာအလုပ် အားထုတ်တဲ့နေရာမှာ သံဝေဂဉာဏ် အားကောင်းဖို့ လိုအပ်ပါတယ်။ သံဝေဂဉာဏ် အားနည်းနေပြီဆိုရင် လောကီအာရုံ ကာမဂုဏ်တွေမှာပဲ ပျံ့လွင့်ပြီး နေတတ်ပါတယ်။ ဝိပဿနာရဲ့ အရှုခံအာရုံပေါ်မှာ စိတ်ကလေး တည့်တည့်

http://www.dhammadownload.com

မတ်မတ် မကျဘဲ ဖြစ်နေတတ်ပါတယ်။

သံဝေဂဉာဏ် အားကောင်းနေပြီ၊ ခိုင်ခံ့နေပြီဆိုရင် မိမိရဲ့ စိတ်ဟာ ဘယ်ကိုမှ ပြေးမသွားတော့ဘဲနဲ့ ဝိပဿနာရဲ့ အရှုခံအာရုံ ပေါ်မှာ တည့်တည့်မတ်မတ် ကျပြီးတော့ ဝိပဿနာဉာဏ်တွေ လျင်မြန်စွာ တက်ပါတယ်။ ဝိပဿနာဉာဏ်တွေ တက်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါမယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်က . . .

'သံသရာတစ်လျှောက် ကျခဲ့တဲ့မျက်ရည်တွေ သမုဒ္ဒရာ လေးစင်းမက များတဲ့အကြောင်းကို ချစ်သားတို့ ချစ်သမီးတို့ မကြာ ခဏ ဆင်ခြင်ကြပါ၊ နှလုံးသွင်းကြပါ။ ဆင်ခြင်ပြီးတော့ သံဝေဂ ဉာဏ်ကို ရအောင်ယူပါ၊ ရလာတဲ့ သံဝေဂဉာဏ်၊ သံဝေဂစွမ်းအင်နဲ့ ဝိပဿနာအလုပ်ကို ကြိုးကြိုးပမ်းပမ်း အားထုတ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြပါ'

လို့ တိုက်တွန်းတော်မူပါတယ်။

■

http://www.dhammadownload.com

## ပင်လယ်ရေဘယ်မခန်း၊ သတိအမိဖမ်း

တရားနာပရိသတ်များ နေ့တိုင်းနေ့တိုင်း ရေချိုးကြတယ်။ ရေချိုးတဲ့အခါတိုင်း မိမိချိုးနေတဲ့ ရေကန်ထဲက ရေကို ကြည့်ပြီးတော့ 'ဩော် . . . သံသရာတစ်လျှောက် ငါကျခဲ့ရတဲ့ မျက်ရည်တွေဟာ ဒီရေကန်ထဲမှာရှိတဲ့ ရေတွေထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် များပြားလှပါလား' . . .။ အဲဒီလို ဆင်ခြင်ကြရမယ်။

ရေခွက်နဲ့ခပ်ပြီး ရေကို လောင်းချိုးလိုက်တိုင်း လောင်းချိုးလိုက်တိုင်း 'ဩော် . . . သံသရာတစ်လျှောက် ငါကျခဲ့ရတဲ့ မျက်ရည်တွေကို ငါရေချိုးနေရပါလား' . . .။ အဲဒီလို ဆင်ခြင်ကြရမယ်။ အဲဒီလိုများ ဆင်ခြင်နှလုံးသွင်းနိုင်ခဲ့မယ်ဆိုရင် ခန္ဓာကိုယ်မွေးညင်းပေါက်ကလေးတွေထဲက စိမ့်ဝင်သွားတဲ့ ရေတွေနဲ့အတူ သံဝေဂစွမ်းအင်တွေလည်း စိမ့်ဝင်ပြီးတော့ သွားကြမှာပါပဲ။

http://www.dhammadownload.com

တရားနာပရိသတ်များ နေ့တိုင်း ရေသောက်ကြတယ်။ ရေသောက်တိုင်း ရေသောက်တိုင်း ရေအိုးထဲမှာရှိတဲ့ရေ၊ ရေခွက်ထဲမှာရှိတဲ့ရေကို ကြည့်ပြီးတော့ 'ဪ . . . သံသရာတစ်လျှောက် ငါကျခဲ့တဲ့ မျက်ရည်တွေဟာ ဒီရေအိုးထဲကရေထက်၊ ဒီရေခွက်ထဲက ရေထက် အဆများစွာ များလှပါလား။ သံသရာတစ်လျှောက် ငါကျခဲ့တဲ့ မျက်ရည်တွေကို ငါသောက်နေရတာပါလား' . . . ။

အဲဒီလိုလေးများ တစ်ချက်လောက် ဆင်ခြင်နှလုံးသွင်းလိုက်မယ်ဆိုရင် သောက်လိုက်တဲ့ ရေနဲ့အတူ မိမိတို့ရဲ့ နှလုံးသားထဲကို သံဝေဂစွမ်းအားတွေ စီးဆင်းပြီးတော့ သွားမှာပါပဲ။ ကြိမ်ဖန်များလာပြီဆိုရင် မိမိရဲ့ အသွေးအသားတွေဟာ သံဝေဂဓာတ်တွေနဲ့ ထုံမွှမ်းထားတဲ့အသွေးအသားတွေအဖြစ်နဲ့ မြင့်မြတ်စွာ ဖြစ်တည်နေတော့မှာပါပဲ။

အဲဒီလိုအားဖြင့် ရေနဲ့ထိတွေ့တိုင်း ထိတွေ့တိုင်း၊ မျက်နှာသစ်တိုင်း၊ လက်ဆေးတိုင်း၊ ပန်းကန်တွေဆေးတိုင်း၊ အိုးတွေဆေးတိုင်း၊ ကျင်ကြီးကျင်ငယ် စွန့်ပြီးလို့ ရေနဲ့ ဆေးကြောသုတ်သင်မှုပြုတိုင်း၊ အဲဒီလိုအားဖြင့် ရေနဲ့ ပတ်သက်တိုင်း ပတ်သက်တိုင်း၊ ရေနဲ့ ထိတွေ့တိုင်း ထိတွေ့တိုင်း 'သံသရာတစ်လျှောက် ငါကျခဲ့တဲ့ မျက်ရည်တွေ ဒီရေတွေထက် အဆပေါင်းများစွာ များတယ်' လို့ မကြာခဏ ဆင်ခြင်လိုက်မယ်ဆိုရင် သံဝေဂစွမ်းအင်တွေ ထက်သန်လာမယ်။

သံဝေဂစွမ်းအင်တွေ ထက်သန်လာလို့ ထက်သန်လာတဲ့ အဲဒီ သံဝေဂစွမ်းအင်တွေကို အရင်းအနှီးပြုပြီး ဝိပဿနာအလုပ်

http://www.dhammadownload.com

ကို ကြိုးကြိုးပမ်းပမ်း အားထုတ်ပြီဆိုရင်တော့ မိမိတို့လိုလား တောင့်တတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရှိနိုင်ကြမှာပါပဲ။ မယုံကြည်ဘူးဆိုရင် လက်တွေ့စမ်းသပ်ကြည့်ပါလို့ တိုက်တွန်းပါ တယ်။

အခုလို ဆင်ခြင်နှလုံးသွင်းဖို့ ဦးဇင်းတို့ တိုက်တွန်းရတာ ကလည်း ဦးဇင်းတို့ဘာသာ ဦးဇင်းတို့ တီထွင်ကြံဆပြီးတော့ စိတ် ထင်ရာ လျှောက်ပြောနေခြင်း မဟုတ်ပါဘူး။ ပိဋကတ်တော်မှာ အဲဒီလို လက်တွေ့ကျင့်သုံးခဲ့တဲ့ သာဓကရှိပါတယ်။

တိဿသာမဏေဆိုတာ တရားနာပရိသတ်များ အားလုံး ကြားဖူးကြပါတယ်။ ခုနစ်နှစ်အရွယ်နဲ့ ရဟန္တာဖြစ်သွားတဲ့ ကိုရင် လေးပါ။ အဲဒီကိုရင်လေးဟာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးလို့ရှိရင် နေ့စဉ်နေ့တိုင်း လာရောက်ဖူးမျှော်နေကြ၊ ပူဇော်နေကြတဲ့ ဒကာဒကာမ ပရိသတ်တွေ၊ လာပြီးတော့ စကား ပြောကြတဲ့ မိဘဆွေမျိုး သူငယ်ချင်း ပရိသတ်တွေ၊ ပရိသတ် အ လွန်များပါတယ်။

အဲဒီလို ပရိသတ်တွေနဲ့ နေနေရတဲ့အတွက်ကြောင့် ဒီ ပရိသတ်တွေနဲ့သာ နေနေရမယ်ဆိုရင် ဝိပဿနာအလုပ် အား ထုတ်ဖြစ်တော့မှာ မဟုတ်ဘူး၊ သာသနာမှာ ထောက်တည်ရာ ရမှာ မဟုတ်တော့ဘူး ဆိုပြီးတော့ အပေါင်းအဖော်ပရိသတ်ကို စွန့်ပြီး တော့ သာဝတ္ထိမြို့နဲ့ ယူဇနာ(၁၂၀)၊ မိုင်အားဖြင့် မိုင်ပေါင်း (၉၆၀) ကျော်ဝေးတဲ့ တောထဲမှာ သွားပြီးတော့ တရားအားထုတ်တယ်။

လူကလည်း တစ်ယောက်တည်းနေတယ်၊ စိတ်ကလည်း

http://www.dhammadownload.com

တစ်စိတ်တည်းထားတယ်။ အဲဒီလိုအားဖြင့် 'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား' ဆိုတဲ့ လမ်းညွှန်ချက်ကို ဦးထိပ်ပန်ဆင်ပြီး တော့ ကိုရင်လေး တရားအားထုတ်လိုက်တာ ဝါတွင်းမှာပဲ ရဟန္တာ ဖြစ်သွားပါတယ်။

ဝါကျွတ်တော့ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များ၊ မြတ်စွာဘုရားနဲ့တကွ အဂ္ဂသာဝကနှစ်ပါး၊ မဟာသာဝကအပါး (၈၀)၊ အဲဒီသံဃာတစ်ပါးတစ်ပါးမှာလည်း အခြံအရံပရိသတ်ပေါင်း (၅၀၀)စီ၊ (၅၀၀)စီအားဖြင့် ဘုရားအမှူးရှိတဲ့ သံဃာတော်ပေါင်း လေးသောင်းကျော်၊ ကိုရင်လေးရှိတဲ့ တောထဲကို ကြွရောက်ပြီး တော့ ချီးမြှောက်ကြတယ်။ အခုလို သီတင်းကျွတ်တဲ့ အချိန်အခါ မှာပါပဲ။

အဲဒီလို ချီးမြှောက်တဲ့ ခရီးစဉ်မှာ မြတ်စွာဘုရားရှင်က ကိုရင်လေးနဲ့ နှစ်ပါးတည်း ကိုရင်လေးတရားအားထုတ်တဲ့နေရာရဲ့ ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပါတယ်။

အဲဒီလို လှည့်လည်ကြည့်ရှုရင်းနဲ့ ကိုရင်လေးနေတဲ့၊ သီ တင်းသုံးတဲ့ကျောင်းနဲ့ မနီးမဝေးက တောင်လေးပေါ် တက်တယ်။ တောင်ထိပ်ရောက်တယ်ဆိုရင်ပဲ တောင်ထိပ်ကနေ လှမ်းမျှော် ကြည့်လိုက်ရင် သမုဒ္ဒရာကြီးကို မြင်ရပါတယ်။ အဲဒီမှာ မြတ်စွာ ဘုရားက မေးပါတယ်။

'ချစ်သား . . .၊ ဒီတောင်ထိပ်ပေါ်ကနေ ရပ်ပြီးတော့ လှမ်းမျှော်ကြည့်လိုက်ရင် ဘာများတွေ့ပါသလဲ'

'မှန်လှပါ၊ သမုဒ္ဒရာကြီး တွေ့ရကြောင်းပါဘုရား'

http://www.dhammadownload.com

'အဲဒီ သမုဒ္ဒရာကြီးကို တွေ့တော့ ချစ်သား ဘာများ စဉ်းစားမိပါသလဲ'

'မှန်လှပါဘုရား၊ ဒီသမုဒ္ဒရာကြီးကို တွေ့တိုင်းတွေ့တိုင်း တပည့်တော် ဒီလို နှလုံးသွင်းမိပါတယ်ဘုရား'

'သံသရာတစ်လျှောက်မှာ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ရလို့ ငါကျခဲ့ရတဲ့ မျက်ရည်တွေဟာ ဟောဒီသမုဒ္ဒရာကြီးထဲမှာရှိတဲ့ ရေတွေထက် အဆပေါင်းများစွာ များခဲ့ပြီ'

'ကျခဲ့တဲ့မျက်ရည်တွေ မရေမတွက်နိုင်အောင် များခဲ့တဲ့ အတွက်ကြောင့် ဖြတ်သန်းလာခဲ့တဲ့ သံသရာခရီးကြီးဟာ ဘယ်တုန်းက စခဲ့တယ်လို့ မသိနိုင်လောက်အောင် အင်မတန် ရှည်လျားခဲ့ပြီ။ ဒီတော့ အမောင်တိဿ၊ အသင် ဒီဘဝ၊ ဒီခန္ဓာကြီးကို ငြီးငွေ့စမ်းပါတော့၊ ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား အားထုတ်ပါတော့'

'အဲဒီလို တပည့်တော် ကိုယ့်ကိုယ်ကို အမြဲတမ်း ဆုံးမခဲ့ပါတယ် ဘုရား။ ဆုံးမပြီးတော့ ဒီသမုဒ္ဒရာကို ကြည့်ပြီးတော့ မျက်ရည်အကြောင်း ဆင်ခြင်စဉ်းစားခြင်းကြောင့် ရလာတဲ့ သံဝေဂစွမ်းအားနဲ့ ဝိပဿနာအလုပ်ကို ကြိုးကြိုးပမ်းပမ်း အားထုတ်ခဲ့ပါတယ်ဘုရား'

အဲဒီလိုပြောတော့ မြတ်စွာဘုရားရှင်က သာဓု. . . သာဓု . . . သာဓုလို့ သာဓုသုံးကြိမ် ခေါ်တော်မူပါတယ်။ အဲဒီဖြစ်ရပ်လေး နမူနာယူပြီးတော့ ဦးဇင်းတို့က 'ရေမြင်တိုင်း မျက်ရည်ကို သတိရဖို့' ကျင့်ရမယ့် ကျင့်စဉ်ကို ပြောခြင်းဖြစ်ပါတယ်။ အဲဒီလို

http://www.dhammadownload.com

ကိုရင်လေးကို သာခုသုံးကြိမ်ခေါ်ပြီးတော့ မြတ်စွာဘုရားရှင်က အခုလို မိန့်ကြားတော်မူပါတယ်။

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ။

အဓိပ္ပာယ်ကတော့ . . .

'သမုဒ္ဒရာလေးစင်းထဲမှာရှိတဲ့ ရေဟာ တကယ်တော့ နည်းနည်းလေးပါ။ သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ သံသရာ ကျင်လည်စဉ် ဆင်းရဲဒုက္ခတစ်မျိုးမျိုးနဲ့ တွေ့ကြုံရလို့ ပူပန်သောကဖြစ်ပြီး ကျခဲ့ရတဲ့ မျက်ရည်ရေပူတွေကမှ သမုဒ္ဒရာလေးစင်းထဲက ရေတွေထက် အဆပေါင်းများစွာ များပြားလှပါတယ်။ နည်းနည်းပဲ ကျခဲ့ဖူးတဲ့ မျက်ရည်ရေပူအမျိုးအစား တစ်ခုမှ မရှိပါဘူး။ ဒါနဲ့များ အသင် သူတော်ကောင်းက ဘာဖြစ်လို့ မေ့လျော့နေချင်ရတာလဲ။ ဘာအကြောင်းကြောင့်မှ မမေ့လျော့ပါနဲ့'

လို့ ဆိုလိုပါတယ်။

ဒီတော့ အဲဒီလို မျက်ရည်အကြောင်း ဆင်ခြင်စဉ်းစားတာဟာ ဘာအတွက်လဲဆိုရင် 'ကိံကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ' ဆိုတဲ့ စကားရပ်ကို ထောက်ပြီး မျက်ရည်အကြောင်း ဆင်ခြင်စဉ်းစားခြင်းဟာ အပ္ပမာဒတရားအတွက် ဖြစ်ပါတယ်။

အပ္ပမာဒတရားဆိုတာ မမေ့တဲ့တရားပါပဲ။ မမေ့တဲ့တရားဆိုတာ သတိတရားပါ။ သတိရှိဖို့ပါပဲ။ သတိရှိတယ်ဆိုတဲ့ နေရာမှာ

http://www.dhammadownload.com

လည်း အရပ်ထဲပြောနေကျ သွားသတိ၊ စားသတိ ဆိုတဲ့ သတိရှိတာမျိုး မဟုတ်ဘဲ မိမိရဲ့ ရုပ်နာမ်ခန္ဓာအပေါ်မှာ၊ မိမိရုပ်နာမ်ခန္ဓာရဲ့ ဖြစ်စဉ်တိုင်း ဖြစ်စဉ်တိုင်းအပေါ်မှာ ပရမတ်ဆိုက်အောင် ကပ်ပြီးတော့ ထားတဲ့သတိ၊ သတိပဋ္ဌာန်နည်းလမ်းတကျ ရှုမှတ်ပွားများတဲ့ သတိနဲ့ အမြဲတမ်း သတိရှိနေရမှာကို ဆိုလိုပါတယ်။

အဲဒီတော့ မျက်ရည်အကြောင်း ဆင်ခြင်စဉ်းစားခြင်းဟာ သတိပဋ္ဌာန်အလုပ်ကို ကြိုးကြိုးစားစား ပွားများအားထုတ်ဖို့အတွက် ပဲဖြစ်ပါတယ်။ မျက်ရည်အတွေးကပေးတဲ့ သံဝေဂဉာဏ်နဲ့ ဝိပဿနာအလုပ်ကို ပိုအားထုတ်ဖြစ်ဖို့ပါ။

တရားထူး တရားမြတ်ဆိုတာ ဝိပဿနာအလုပ် တစ်ခုတည်းသက်သက်ကိုပဲ စောက်ချအားထုတ်နေရုံနဲ့ ရတာမျိုးမဟုတ်ပါဘူး။ အခြေအနေနဲ့ လိုက်လျောညီထွေတဲ့ သံဝေဂဉာဏ်တွေ ခြံရံထောက်ပံ့ပေးမှ ရတာမျိုးပါ။

ပံ့မှန်အားထုတ်နေတဲ့ ဝိပဿနာအလုပ်ဟာ အားကောင်းတဲ့ သံဝေဂဉာဏ်ရဲ့ ရုတ်တရက် တွန်းပို့ပေးမှုကို ခံယူရတဲ့အခါမျိုးမှာ အရှိန်အဟုန် ချက်ချင်း မြင့်တက်သွားပြီး ဝိပဿနာဉာဏ်ကနေ မဂ်ဉာဏ်ကို မြန်မြန်ကြီး ကူးပြောင်းသွားတတ်ပါတယ်။

ဒါ့ကြောင့် ဘယ်လိုအာရုံပဲ ကြုံကြုံ၊ ဘယ်လိုအဖြစ်အပျက်ပဲ တွေ့တွေ့၊ သံဝေဂဉာဏ်ဖြစ်အောင် ဆင်ခြင်နှလုံးသွင်းတတ်ဖို့ သိပ်အရေးကြီးပါတယ်။

■

http://www.dhammadownload.com

# တန်ဖိုးမရှိတဲ့မျက်ရည်

အဲဒီတော့ သံသရာတစ်လျှောက် ကျခဲ့ရတဲ့ မျက်ရည်တွေဟာ တန်ဖိုးရှိတဲ့ မျက်ရည်တွေက များခဲ့သလား၊ တန်ဖိုးမရှိတဲ့ မျက်ရည်တွေက များခဲ့သလားဆိုရင် တန်ဖိုးမရှိတဲ့ မျက်ရည်တွေပဲ များခဲ့ပါတယ်။ အားမနာတမ်း ပြောရမယ်ဆိုရင်တော့ တန်ဖိုးမရှိတဲ့ မျက်ရည်တွေချည်းပဲ ဖြစ်ခဲ့ပါတယ်။

ကိုယ့်ရဲ့ မျက်ရည်သမိုင်းကို ပြန်ပြီးတော့ ဆန်းစစ်ကြည့်မယ်ဆိုရင် တန်ဖိုးမရှိတဲ့ မျက်ရည်တွေချည်းပဲ ကျခဲ့ရတယ်ဆိုတော့ တန်ဖိုးရှိတဲ့မျက်ရည်များ ရှိသေးသလားလို့ မေးစရာပါပဲ။ မျက်ရည်ဆိုမှတော့ ဘယ်မျက်ရည်ပဲဖြစ်ဖြစ် တန်ဖိုးမရှိဘူးပေါ့လို့ စောဒကတက်စရာပါပဲ။ တန်ဖိုးရှိတဲ့ မျက်ရည်ဆိုတာလည်း ရှိပါတယ်။

တန်ဖိုးရှိတဲ့ မျက်ရည်နဲ့ တန်ဖိုးမရှိတဲ့မျက်ရည်ဆိုပြီး ဘယ်လို ခွဲခြားသတ်မှတ်မလဲဆိုရင် သံသရာဝဋ်ဆင်းရဲက မထွက်

http://www.dhammadownload.com

မြောက်စေနိုင်တဲ့ မျက်ရည်ဟာ တန်ဖိုးမရှိတဲ့မျက်ရည်ပါ။ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်စေနိုင်တဲ့ မျက်ရည်ကတော့ တန်ဖိုးရှိတဲ့ မျက်ရည်ပါပဲ။

သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ဖို့ဆိုတာကလည်း အကုသိုလ်တရားတွေ အကြွင်းမဲ့ ကင်းရှင်းပြီးတော့နေမှ၊ ကုသိုလ်တရားတွေ အကြွင်းမဲ့ ပြည့်စုံနေမှသာ လွတ်မြောက်နိုင်တာပါ။

ဒါကြောင့် အကုသိုလ်တရားတွေ တိုးပွားပြီးတော့ ကုသိုလ်တရားတွေ ဆုတ်ယုတ်စေနိုင်တဲ့ မျက်ရည်ဟာ တန်ဖိုးမရှိတဲ့ မျက်ရည်ပါပဲ။ အကုသိုလ်တရားတွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တရားတွေ တိုးပွားစေနိုင်တဲ့ မျက်ရည်ကတော့ တန်ဖိုးရှိတဲ့ မျက်ရည်ပါပဲ။

မှီဝဲသင့်တဲ့မျက်ရည်၊ ကျသင့်တဲ့မျက်ရည်၊ တန်ဖိုးရှိတဲ့ မျက်ရည်ကို နေက္ခမ္မနိဿိတ (နေက္ခမ္မသိတ) မျက်ရည်လို့ ခေါ်ပါတယ်။ မမှီဝဲသင့်တဲ့ မျက်ရည်၊ မကျသင့်တဲ့ မျက်ရည်၊ တန်ဖိုးမရှိတဲ့ မျက်ရည်ကိုတော့ ကာမနိဿိတမျက်ရည် (ဂေဟသိတ မျက်ရည်) လို့ ခေါ်ပါတယ်။

ကာမနိဿိတမျက်ရည်ဆိုတာ လောကီအာရုံ ကာမဂုဏ်ကို အကြောင်းပြုပြီးတော့ ကျတဲ့ မျက်ရည်ပါ။ မိမိ လိုချင်တောင့်တတဲ့ လောကီအာရုံ ကာမဂုဏ်တွေမရလို့ ကျတဲ့မျက်ရည်၊ ရထားတဲ့ လောကီအာရုံ ကာမဂုဏ်တွေ ပျက်စီးဆုံးရှုံးသွားလို့ ကျရတဲ့ မျက်ရည်၊ အဲဒီ မျက်ရည်ဟာ ကာမနိဿိတမျက်ရည်ပါပဲ။

ပျက်စီးဆုံးရှုံးလို့ ကျတဲ့မျက်ရည်မှသာလျှင် ကာမနိဿိတ

http://www.dhammadownload.com

မျက်ရည် မဟုတ်ပါဘူး။ မိမိ သိပ်လိုချင်တောင့်တတဲ့၊ မိမိ အရမ်း မျှော်လင့်ထားတဲ့ ကာမဂုဏ်ဝတ္ထုတွေ ရလာတဲ့အခါမှာလည်းပဲ မမျှော်လင့်ဘဲနဲ့ ရုတ်တရက် အလွန်အမင်း ဝမ်းသာပြီး မျက်ရည် ကျတတ်တယ်။

ဆိုပါတော့၊ ရုပ်ရှင်မင်းသား မင်းသမီးတွေ အကယ်ဒမီ ပေးအပ်တဲ့ပွဲမှာ မိမိရဲ့နာမည် ကြေညာလိုက်ပြီဆိုတာနဲ့ မမျှော်လင့် ဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မျက်ရည်တွေ ကျကြပါတယ်။ တချို့ ကျောင်းသား ကျောင်းသူတွေ စာမေးပွဲအောင်စာရင်းတွေ ထွက်လို့ အောင်ပြီဆိုတာ သိရရင် ဝမ်းသာပြီး မျက်ရည်ကျကြတယ်၊ ဂုဏ် ထူးတွေ အများကြီး ထွက်ပြီဆိုရင် အပျော်လွန်ပြီး မျက်ရည်ကျကြ တယ်။

အဲဒီလို ကိုယ်သိပ်လိုချင်တဲ့ အာရုံဝတ္ထုကိုရလို့ ကျတဲ့မျက် ရည်ကလည်း ကာမနိဿိတမျက်ရည်ပါပဲ။ အဲဒီမျက်ရည်ဟာ အ သေဝိတဗ္ဗမျက်ရည်၊ မမှီဝဲသင့်တဲ့မျက်ရည်၊ မကျသင့်တဲ့မျက်ရည်၊ တန်ဖိုးမရှိတဲ့ မျက်ရည်ဖြစ်ပါတယ်။

. . . . . . သောဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တိ . . . . . . န သေဝိတဗ္ဗံ။ (သုတ် မဟာဝါ၊ ၂၂၂။ )

မိမိကျလိုက်တဲ့ မျက်ရည်ကြောင့် အကုသိုလ်တရားတွေ တိုးပွားလာတယ်၊ ကုသိုလ်တရားတွေ ဆုတ်ယုတ်သွားတယ်ဆိုရင် အဲဒီ မျက်ရည်မျိုးဟာ မမှီဝဲထိုက်တဲ့မျက်ရည်၊ မကျထိုက်တဲ့ မျက် ရည်၊ တန်ဖိုးမရှိတဲ့မျက်ရည်ပါပဲ။

http://www.dhammadownload.com

# တန်ဖိုးရှိတဲ့မျက်ရည်

နေက္ခမ္မနိဿိတမျက်ရည်ဆိုတာက ထွက်မြောက်ခြင်းကို အကြောင်းပြုပြီး ကျတဲ့မျက်ရည်။ ကာမဂုဏ်မှ ထွက်မြောက်ခြင်း၊ ဘဝခန္ဓာမှ ထွက်မြောက်ခြင်း၊ သံသရာမှ ထွက်မြောက်ခြင်းကို အကြောင်းပြုပြီးတော့ ကျတဲ့မျက်ရည်ကို နေက္ခမ္မနိဿိတမျက်ရည် လို့ ခေါ်ပါတယ်။ တရားဓမ္မနဲ့ ဆက်စပ်ပြီး ကျတဲ့မျက်ရည်ပါပဲ။

အဲဒီမျက်ရည်က လေးမျိုးရှိပါတယ်။

(၁) နေက္ခမ္မမျက်ရည်

(၂) ဝိပဿနာမျက်ရည်

(၃) အနုဿတိမျက်ရည်နဲ့

(၄) ဈာနမျက်ရည်ဆိုပြီးတော့ မှီဝဲသင့်တဲ့ နေက္ခမ္မနိဿိတ မျက်ရည်လေးမျိုးရှိပါတယ်။

ပထမဆုံး မှီဝဲသင့်တဲ့ မျက်ရည်က နေက္ခမ္မမျက်ရည်၊

http://www.dhammadownload.com

ရဟန်းပြုခြင်းနဲ့ ပတ်သက်ပြီး ကျတဲ့မျက်ရည်ပါ။ မိမိက ရဟန်းပြု ချင်တယ်၊ မိဘက ခွင့်မပြုဘူး။ ဆွေမျိုးသားချင်းတွေက ခွင့်မပြု ဘူး။ ကိုယ်ဝတ်ချင်တာ မဝတ်ရတော့ ငိုပြီးတော့ မျက်ရည်ကျရ တယ်။ အဲဒီမျက်ရည်ဟာ သေဝိတဗ္ဗမျက်ရည်၊ မှီဝဲထိုက်တဲ့ မျက် ရည်၊ တန်ဖိုးရှိတဲ့ မျက်ရည်ပါပဲ။

မိမိက သီလရှင်ဝတ်ချင်တယ်၊ မိဘတွေ၊ ဆွေမျိုးသားချင်း တွေက ခွင့်မပြုဘူး။ အတင်းအဓမ္မ တားကြတယ်၊ ဆီးကြတယ်၊ ပိတ်ပင်ကြတယ်။ သီလရှင်ဝတ်ချင်တာ မဝတ်ရလို့ ဆိုပြီးတော့ မျက်ရည်ကျရတယ်၊ ငိုရတယ်။ အဲဒီလို သီလရှင်ဝတ်ချင်ပါလျက် ဝတ်ခွင့်မရလို့ ကျတဲ့ မျက်ရည်ဟာလည်းပဲ သေဝိတဗ္ဗမျက်ရည်၊ မှီဝဲထိုက်တဲ့မျက်ရည်၊ တန်ဖိုးရှိတဲ့ မျက်ရည်ပါပဲ။

ဒီလို ရဟန်းပြုခြင်း၊ သီလရှင်ဝတ်ခြင်းနဲ့ ပတ်သက်ပြီး တော့ ကျတဲ့မျက်ရည်ကတော့ နှစ်ပိုင်းရှိပါတယ်။ ရဟန်း၊ သီလရှင် ဝတ်ချင်တဲ့ပုဂ္ဂိုလ်၊ သာသနာ့ဘောင်အတွင်း ဝင်ရောက်ချင်တဲ့ ပုဂ္ဂိုလ်က ဝင်ရောက်ခွင့်မရလို့ ကျတဲ့မျက်ရည်ကတစ်မျိုး၊ မိမိရဲ့ သား၊ တူ၊ သမီး၊ တူမစသည်အားဖြင့် သာသနာ့ဘောင် ဝင်ရောက် ချင်တဲ့ပုဂ္ဂိုလ်ကို ဝင်ရောက်ခွင့်မပြုဘဲ တားမြစ်တဲ့ ပုဂ္ဂိုလ်တွေကျတဲ့ မျက်ရည်က တစ်မျိုး ဆိုပြီးတော့ နှစ်မျိုးရှိတယ်။

ကိုယ့်သားလေး သာသနာ့ဘောင်ဝင်ချင်တယ်၊ သားလေး က ဒီတစ်ယောက်တည်းရှိတယ်၊ သားရယ်. . . မဝတ်ပါနဲ့ဆိုပြီး သားက ရဟန်းပြုခွင့် တောင်းတိုင်းတောင်းတိုင်း မျက်ရည်ကျပြီး တားမြစ်လေ့ ရှိပါတယ်။ အဲဒီလို တားမြစ်တဲ့ပုဂ္ဂိုလ်တွေရဲ့အပိုင်းက

http://www.dhammadownload.com

ကျတဲ့ မျက်ရည်ကတော့ တန်ဖိုးမရှိတဲ့မျက်ရည်ပါပဲ။

ဒီတော့ ရဟန်းပြုချင်၊ သီလရှင်ဝတ်ချင်တဲ့ ကာယကံရှင်များအနေနဲ့ တန်ဖိုးမရှိတဲ့ မျက်ရည်တွေနဲ့ ခင်းထားတဲ့ လမ်းကို လျှောက်မလား၊ တန်ဖိုးရှိတဲ့ မျက်ရည်တွေနဲ့ ခင်းထားတဲ့ လမ်းကို လျှောက်မလား ဆိုတာကတော့ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ကြရမှာပါပဲ။

ဒီဒေသနာမှာတော့ ရဟန်းပြုချင်လို့ သီလရှင်ဝတ်ချင်လို့ ကျရတဲ့မျက်ရည်ဟာ သေဝိတဗ္ဗမျက်ရည်၊ မှီဝဲထိုက်တဲ့မျက်ရည်၊ တန်ဖိုးရှိတဲ့မျက်ရည် ဖြစ်ပါတယ်။

ကိုယ်က တောထွက်ချင်တယ်၊ အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးကြောင့် တောထွက်ခွင့် မသာဘူးဖြစ်နေတယ်။ အဲဒီအခါမှာ မျက်ရည်ကျတယ်။ အဲဒီမျက်ရည်ဟာလည်းပဲ နေက္ခမ္မမျက်ရည်ပါပဲ၊ သေဝိတဗ္ဗမျက်ရည်၊ မှီဝဲထိုက်တဲ့မျက်ရည်၊ တန်ဖိုးရှိတဲ့မျက်ရည် ဖြစ်ပါတယ်။

ဒုတိယမှီဝဲသင့်တဲ့မျက်ရည်က ဝိပဿနာမျက်ရည်၊ ဝိပဿနာနဲ့ ပတ်သက်ပြီး ကျတဲ့မျက်ရည်ဖြစ်ပါတယ်။ ဝိပဿနာ အလုပ်ကို ကိုယ်က အားထုတ်ချင်တယ်။ အားထုတ်ခွင့်မရလို့၊ အားထုတ်ဖို့ အခြေအနေမပေးလို့ ဆိုပြီးတော့ မျက်ရည်ကျတယ်၊ အားထုတ်ခွင့်ရပြန်တော့လည်းပဲ မိမိရည်မှန်းထားတဲ့ ရက်၊ လ၊ နှစ် အပိုင်းအခြားအတွင်းမှာ မိမိရည်မှန်းထားတဲ့ ဝိပဿနာဉာဏ် အဆင့်ကို မရောက်တဲ့အတွက်ကြောင့် မျက်ရည်ကျတယ်၊ အဲဒီ မျက်ရည်ဟာလည်းပဲ တန်ဖိုးရှိတဲ့ မျက်ရည်ပါပဲ။

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိအစရှိတဲ့ အနုဿတိခြောက်ပါး အစရှိသည်တို့ကြောင့် ကျရတဲ့မျက်ရည်၊ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိလို့ခေါ်တဲ့ အနုဿတိ ခြောက်ပါး တစ်ပါးပါးကို ပွားများခွင့်မရလို့ ကျတဲ့မျက်ရည်၊ ပွားနေပြန်တော့လည်းပဲ မိမိရည်မှန်းသလောက် သမာဓိမရလို့၊ မိမိရည်မှန်းသလောက် မပေါက်မြောက်လို့ ကျရတဲ့ မျက်ရည်၊ အဲဒီမျက်ရည်ဟာလည်းပဲ တန်ဖိုးရှိတဲ့မျက်ရည်ပါပဲ။

ဘုရားဖူးသွားချင်တာ မသွားရလို့ ကျရတဲ့မျက်ရည်၊ တရားနာ သွားချင်တာ မသွားရလို့ ကျရတဲ့မျက်ရည်၊ အဲဒီမျက်ရည်ဟာလည်းပဲ ဒီအနုဿတိကြောင့် ကျရတဲ့ မျက်ရည်ပါပဲ။ အဲဒီမျက်ရည်ဟာလည်းပဲ မှီဝဲထိုက်တဲ့ မျက်ရည်ပါပဲ။ အဲဒီမျက်ရည်ကို အသုံးချပြီးတော့ အားထုတ်သွားမယ်ဆိုရင် ကောင်းမြတ်တဲ့ အကျိုးထူးတရားတွေ ရရှိနိုင်တယ်။

သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မှာ တောင်ပေါ်မှာ ဘုရားပွဲကျင်းပတော့၊ ဘုရားပွဲနဲ့အတူ တရားပွဲပါ ကျင်းပတော့ တောင်ခြေက ရွာက အမျိုးသမီးတစ်ယောက်က ဘုရားဖူး တရားနာချင်တယ်၊ ဒါပေမဲ့ သူ့မှာ ကိုယ်လေးလက်ဝန်ရှိနေတဲ့အတွက်ကြောင့် မိဘများက မခေါ်ဘဲ ထားခဲ့တယ်။

ဘုရားဖူးချင်တာ မဖူးရလို့၊ တရားနာချင်တာ မနာရလို့ဆိုပြီးတော့ ထိုအမျိုးသမီး ဝမ်းနည်းမှု၊ စိတ်ဆင်းရဲမှုတွေ ဖြစ်ပြီးတော့ မျက်ရည်ကျတယ်။ မျက်ရည်ကျပြီးတဲ့နောက် အဲဒီဝမ်းနည်းမှု၊ စိတ်မချမ်းသာမှုကို အခြေခံပြီးတော့. . . .

http://www.dhammadownload.com

ကဲလေ. . . . မသွားနိုင်ရင်လည်း ဒီကပဲ လှမ်းပြီးတော့ အာရုံပြုတော့မယ်ဆိုပြီးတော့ မိမိရဲ့ အိမ်ရှေ့ကွပ်ပျစ်ပေါ်ကနေ တောင်ထိပ်ကို လှမ်းမျှော်၊ စေတီတော်ကို လှမ်းဖူးရင်းနဲ့ ဘုရားဂုဏ်တော်တွေကို ပွားလိုက်တာ ဥဗ္ဗေဂါပီတိတွေ ဖြစ်ပြီးတော့ ကောင်းကင်ပေါ်ကနေ ကြွတက်ပြီး တောင်ထိပ်ပေါ် ရောက်သွားပါတယ်။ ဒါလည်း အနုသယတိ မျက်ရည်ပါပဲ။ ဘုရားကို ဖူးချင်တာ မဖူးရလို့ ကျတဲ့မျက်ရည်။ အဲဒီ မျက်ရည်ဟာလည်း တန်ဖိုးရှိတဲ့မျက်ရည်ပါပဲ။

မိမိစျာန်ရဖို့အတွက် အားထုတ်တယ်။ စျာန်မရ လို့ဆိုပြီးတော့ မျက်ရည်ကျတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ဆိုပြီးတော့ အားထုတ်နေတယ်၊ မိမိရည်မှန်းတောင့်တတဲ့ မဂ်တရား၊ ဖိုလ်တရားတွေ မရသေးလို့ဆိုပြီးတော့ မျက်ရည်ကျတယ်။ အဲဒီမျက်ရည်ဟာလည်းပဲ နေက္ခမ္မနိဿိတမျက်ရည်၊ မှီဝဲထိုက်တဲ့မျက်ရည်ပါပဲ။

အခုပြောခဲ့တဲ့ မျက်ရည်လေးမျိုး ဘာကြောင့် တန်ဖိုးရှိရသလဲဆိုရင် ရည်ရွယ်ချက်ကောင်းလို့လည်း တန်ဖိုးရှိပါတယ်၊ အဲဒီကောင်းတဲ့ရည်ရွယ်ချက် ထမြောက်အောင်မြင်ဖို့ အထောက်အကူပြုလို့လည်း တန်ဖိုးရှိပါတယ်။ တစ်နည်းပြောမယ်ဆိုရင်တော့ . . . အဲဒီမျက်ရည်တွေက ပေးတဲ့ အင်အားနဲ့ အလုပ်လုပ်သွားရင် သံသရာဝဋ်ဆင်းရဲက မြန်မြန်လွတ်မြောက်နိုင်လို့ တန်ဖိုးရှိပါတယ်။

■

http://www.dhammadownload.com

## အယူမှား၊ အကျင့်ပျက်နေရင် မျက်ရည်ကျသင့်ပါတယ်

ရှေ့ပိုင်းမှာ ပြောခဲ့တဲ့ အဿုသုတ္တန် (မျက်ရည်သုတ္တန်) မှာ သံသရာတစ်လျှောက် ကျခဲ့တဲ့ မျက်ရည်အမျိုးအစားတွေကို မြတ်စွာဘုရား မိန့်ကြားတော်မူတော့ အမိအဘစတဲ့ ချစ်တဲ့ပုဂ္ဂိုလ်များ သေဆုံးခြင်းနဲ့ ပတ်သက်တဲ့ မျက်ရည်အကြောင်းကို တစ်ပိုင်းတစ်ကဏ္ဍ ပြောတယ်။

နောက်တစ်ခါ ဉာတိဗျသန - ဆွေမျိုးမိတ်ဆွေပျက်ဆီးခြင်း၊ ဘောဂဗျသန - စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ရောဂဗျသန - အနာရောဂါ ဖြစ်ခြင်း၊ အနာရောဂါနှိပ်စက်ခြင်း ဆိုတဲ့အကြောင်း တရားသုံးမျိုး၊ ဗျသနတရားသုံးပါးကြောင့်ကျရတဲ့ မျက်ရည်တွေ အကြောင်းကို တစ်ပိုင်းတစ်ကဏ္ဍ ပြောတယ်။

အဲဒီသုတ္တန်မှာ သေချာသတိပြုလိုက်တော့ ဗျသနတရား ငါးပါးထဲက သုံးပါးပဲ ပါလာပါတယ်။ တရားနာပရိသတ်များ အား

http://www.dhammadownload.com

လုံး သိကြတဲ့အတိုင်း ဗျသနတရားက ငါးပါးရှိပါတယ်။

သုံးမျိုးကတော့ ဦးဇင်းတို့ ပြောပြီးပါပြီ။ ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန ဆိုပြီးတော့သုံးမျိုး၊ နောက်နှစ်မျိုးက သီလဗျသန - သီလပျက်စီးခြင်း၊ ဒိဋ္ဌိဗျသန - အယူပျက်စီးခြင်း၊ အယူမှားခြင်း၊ အဲဒီလိုအားဖြင့် ဗျသနတရား ငါးမျိုးရှိပါတယ်။ ဩကာသ ဘုရားရှိခိုးတိုင်း ဤကဲ့သို့ ရှိခိုးရတဲ့ ကောင်းမှုကံစေတနာကြောင့် ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ ဆိုပြီးတော့ ပါတယ်နော်။

အဲဒီတော့ ဗျသနတရား ငါးပါးရှိတဲ့အနက်က ရှေ့က ဗျသနတရား သုံးပါးကြောင့် ကျရတဲ့မျက်ရည်တွေဟာ သမုဒ္ဒရာ လေးစင်းမက များပြီလို့ပဲ ပါတယ်။ သီလဗျသနနဲ့ ဒိဋ္ဌိဗျသနကြောင့် ကျတဲ့မျက်ရည်အကြောင်းကို ထည့်ပြီးတော့ မပြောထားဘူး။ ဒါကို ထောက်ရှုခြင်းအားဖြင့် သီလဗျသနနဲ့ ဒိဋ္ဌိဗျသနကြောင့် ကျတဲ့ မျက်ရည်ဟာလည်း တန်ဖိုးရှိတဲ့ မျက်ရည်ပဲဆိုတာ ကောက်ချက်ချလို့ ရပါတယ်။

သီလဗျသန - သီလပျက်စီးခြင်း။ မိမိက သီလမလုံခြုံဘူး၊ သီလပျက်စီးနေတယ်၊ အဲဒီသီလပျက်စီးနေတဲ့အဖြစ်ကို မိမိက မကျေနပ်ဘူး၊ သီလဖြူစင်ချင်တယ်၊ သီလလုံခြုံချင်တယ်၊ သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ချင်တယ်။ သီလပြည့်စုံချင်ပါလျက်နဲ့ အကြောင်းအမျိုးမျိုးကြောင့် သီလမပြည့်စုံရလို့ဆိုပြီးတော့ မျက်ရည်ကျတယ်။ အဲဒီမျက်ရည်ဟာ တန်ဖိုးရှိတဲ့ မျက်ရည်ပါပဲ။ အဲဒီဝမ်းနည်းမှု၊ အဲဒီမျက်ရည်ကို အခြေခံပြီးတော့ သီလဖြူစင်တဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်ကြံအားထုတ်နိုင်ပါတယ်။

တစ်ခါ ဒိဋ္ဌိဗျသန - အယူမှားခြင်း။ အကြောင်းအမျိုးမျိုး ကြောင့် မိမိမှာ မှားယွင်းတဲ့ အယူအဆတွေ ကိန်းဝပ်နေတယ်၊ မိစ္ဆာဒိဋ္ဌိ အယူမှားဖြစ်နေတယ်၊ မိမိက အယူမှန်ဖြစ်ချင်တယ်၊ အခြေအနေအရ အယူမှားဖြစ်နေတာကို ဝမ်းနည်းပြီးတော့ မျက်ရည်ကျတယ်၊ အယူမှန်မှုကို ဦးတည်ပြီးတော့ တစ်နည်းပြောတော့ သမ္မာဒိဋ္ဌိဖြစ်မှုကို ဦးတည်ပြီးတော့ ကျတဲ့မျက်ရည်ဟာလည်းပဲ တန်ဖိုးရှိတဲ့မျက်ရည်ပါပဲ။

ဒီအကြောင်းလေး ပေါ်လွင်ထင်ရှားအောင် ပြောရရင်တော့ မြတ်စွာဘုရားလက်ထက်တော်တုန်းက တာလပုဋ္ဌ ခေါ်တဲ့ ဇာတ်ဆရာကြီးတစ်ယောက်ရှိတယ်။ တစ်နေ့တော့ မြတ်စွာဘုရားဆီ ချဉ်းကပ်ပြီး တာလပုဋ္ဌဇာတ်ဆရာကြီးက လျှောက်ထားတယ်။

'မြတ်စွာဘုရား . . . တပည့်တော်တို့ ကချေသည်တွေ သေဆုံးလို့ရှိရင် ပဟာသနတ်ပြည်ရောက်တယ်လို့ တပည့်တော်တို့ ဆရာအစဉ်အဆက်က ပြောကြပါတယ်ဘုရား၊ အဲဒီစကား မှန်ပါသလားဘုရား'

လို့ မြတ်စွာဘုရားရှင်ကို မေးတယ်။

ဒီတော့ မြတ်စွာဘုရားရှင်က ဒီမေးခွန်းမမေးဖို့ နှစ်ကြိမ်တိုင်တိုင် တားမြစ်ပါတယ်။ တားမြစ်တဲ့ကြားထဲက သုံးကြိမ်မြောက် မေးတဲ့အခါမှာတော့ မြတ်စွာဘုရားရှင်က . . .

'ဒကာကြီး . . . ကချေသည်တွေ သေဆုံးလို့ရှိရင် ပဟာသ နတ်ပြည်ကို ရောက်တယ်ဆိုတဲ့ အယူအဆဟာ မှားယွင်းတဲ့

http://www.dhammadownload.com

အယူအဆဖြစ်တယ်၊ အဲဒီ မှားယွင်းတဲ့ အယူအဆ မိစ္ဆာဒိဋ္ဌိနဲ့သာ သေရင်တော့ ငရဲ၊ သို့မဟုတ် တိရစ္ဆာန် ဂတိနှစ်ပါး တစ်ပါးပါးကို လားရောက်ရပါလိမ့်မယ်'

အဲဒီလို ပြောလိုက်တော့ ဇာတ်ဆရာကြီးက ချုံးပွဲချ ငိုတယ်။ မျက်ရည်တွေ တသွင်သွင် စီးကျပါတယ်။

'ဘယ်လိုလဲ ဒကာကြီး၊ ငရဲရောက်မှာ ကြောက်လို့၊ တိရစ္ဆာန်ဖြစ်မှာ ကြောက်လို့ ငိုတာလား'

'မဟုတ်ပါ မြတ်စွာဘုရား၊ ငရဲကျမှာ ကြောက်လို့၊ တိရစ္ဆာန် ဖြစ်မှာကြောက်လို့ ငိုတာမဟုတ်ပါဘူးဘုရား။ တပည့်တော်တို့ရဲ့ ဆရာအစဉ်အဆက်က ကချေသည်တွေ သေရင် နတ်ပြည်ရောက်မယ်လို့ ပြောခဲ့တဲ့စကားကို တပည့်တော်တို့က အမှန်လို့ယူဆပြီးတော့ အယူမှားခဲ့တာကို တပည့်တော် ဝမ်းနည်းလွန်းလို့ ငိုတာပါဘုရား'

ဒိဋ္ဌိဗျသန အယူပျက်စီးခြင်း၊ တစ်နည်းပြောတော့ မိစ္ဆာဒိဋ္ဌိ အယူမှားခြင်း၊ ဒိဋ္ဌိဗျသနဆိုတာ မိစ္ဆာဒိဋ္ဌိပါပဲ။ အဲဒီအယူမှားခြင်းကို အကြောင်းပြုပြီး၊ မိမိတို့ သန္တာန်မှာ မိစ္ဆာဒိဋ္ဌိကိန်းနေတာကို အကြောင်းပြုပြီးတော့ မျက်ရည်ကျတယ်။ ကိန်းတာသက်သက် ဝမ်းနည်းပြီး မျက်ရည်ကျတာ မဟုတ်ဘူး။ သမ္မာဒိဋ္ဌိ ဖြစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်နဲ့ မျက်ရည်ကျတယ်။ အဲဒီမျက်ရည်ဟာလည်းပဲ တန်ဖိုးရှိတဲ့မျက်ရည်ပါပဲ။

ဒါကြောင့် ဇာတ်ဆရာကြီးက မိမိအယူမှားနေတာကို သိလို့ ချုံးပွဲချငို မျက်ရည်ကျပြီးတော့ ကဲ. . . ဒီအယူမှားကို စွန့်ပြီး

http://www.dhammadownload.com

တော့ အယူမှန်ကို ကြိုးစားတော့မယ်ဆိုပြီးတော့ သာသနာ့ဘောင် ဝင်ရောက်လို့ ရဟန်းပြုတယ်။ ရဟန်းပြုပြီးတော့ ဝိပဿနာအား ထုတ်လိုက်တာ ရဟန်းဖြစ်ပြီးလို့ မကြာခင်မှာပဲ ဇာတ်ဆရာကြီး ရဟန္တာဖြစ်သွားပါတယ်။

ဒိဋ္ဌိဗျသနကို အကြောင်းပြုပြီးတော့ ကျသွားတဲ့မျက်ရည်၊ တန်ဖိုးမရှိဘူးလား၊ တန်ဖိုးရှိပါတယ်။ ရဟန္တာဖြစ်တဲ့အထိအောင် တန်ဖိုးရှိသွားတယ်။

ဒါ့ကြောင့် ရဟန်းပြုခြင်း၊ သီလရှင်ဝတ်ခြင်း ဆိုတဲ့ လုပ်ငန်းကြောင့်ကျရတဲ့မျက်ရည်၊ ဝိပဿနာပွားများအားထုတ်မှုနဲ့ ပတ်သက်ပြီးတော့ ကျရတဲ့မျက်ရည်၊ ဗုဒ္ဓါနုဿတိ အစရှိတဲ့ ဂုဏ်တော်တွေ ပွားများခြင်းနဲ့ ပတ်သက်ပြီးတော့ ကျရတဲ့မျက်ရည်၊ ဈာန်တရား၊ မဂ်ဖိုလ်တရားတွေ ရချင်လို့ ကျရတဲ့မျက်ရည်၊ သီလဗျသန၊ ဒိဋ္ဌိဗျသနကြောင့် ကျရတဲ့မျက်ရည်တွေဟာ တန်ဖိုးရှိတဲ့ မျက်ရည်တွေပါပဲ။

. . . . . . . . သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ . . . . . . . . သေဝိတဗ္ဗံ။ (သုတ်မဟာဝါ၊ ၂၂၂။ )

မိမိကျလိုက်တဲ့မျက်ရည်ကြောင့် အကုသိုလ်တရားတွေ ဆုတ်ယုတ်သွားတယ်၊ ကုသိုလ်တရားတွေ တိုးပွားလာတယ်ဆိုရင် အဲဒီမျက်ရည်မျိုးဟာ မှီဝဲထိုက်တဲ့မျက်ရည်၊ ကျထိုက်တဲ့မျက်ရည်၊ တန်ဖိုးရှိတဲ့မျက်ရည်ပါပဲ။

■

http://www.dhammadownload.com

## ဘေးဖက်ဝင်မျက်ရည် နဲ့ ဆေးဖက်ဝင်မျက်ရည်

အဲဒီ တန်ဖိုးမရှိတဲ့မျက်ရည်နဲ့ တန်ဖိုးရှိတဲ့မျက်ရည်တွေကို တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဆေးဖက်မဝင်တဲ့မျက်ရည်နဲ့ ဆေးဖက်ဝင်တဲ့မျက်ရည်လို့ ပြောနိုင်ပါတယ်။

တန်ဖိုးမရှိတဲ့ မျက်ရည်ကိုတော့ ဆေးဖက်မဝင်တဲ့ မျက်ရည် လို့ခေါ်ပါတယ်။ ပါဠိလိုတော့ အဘေသဇ္ဇမျက်ရည်ပေါ့။ တန်ဖိုးရှိတဲ့ မျက်ရည်ကိုတော့ ဆေးဖက်ဝင်တဲ့ မျက်ရည်လို့ ခေါ်ပါတယ်။ ပါဠိလိုတော့ ဘေသဇ္ဇမျက်ရည်ပေါ့။

လောကရေးရာနဲ့ ပတ်သက်ပြီးတော့၊ ကာမဂုဏ်ရေးရာနဲ့ ပတ်သက်ပြီးတော့ ကျရတဲ့ မျက်ရည်က ဆေးဖက်မဝင်ဘူး။ ဘာလို့ ဆေးဖက်မဝင်တာလဲဆိုတော့ အနာရောဂါ မပျောက်စေနိုင်လို့။ ရာဂဆိုတဲ့အနာ၊ ဒေါသဆိုတဲ့အနာ၊ မောဟဆိုတဲ့အနာ၊ ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာအနာရောဂါတွေ မပျောက်

http://www.dhammadownload.com

စေနိုင်တဲ့အတွက်ကြောင့် ကာမနိဿိတမျက်ရည်ဟာ ဆေးဖက် မဝင်ဘူး။

ဆေးဆိုတာဟာ အနာရောဂါပျောက်စေနိုင်မှ ဆေးလို့ ခေါ်ပါတယ်။ အနာရောဂါကို မပျောက်စေနိုင်ဘူးဆိုရင် အဲဒီအရာ ဟာ ဆေးမဟုတ်ဘူး။ အနာရောဂါမပျောက်စေနိုင်ဘဲ ဆေးလို့ အမည်ခံထားရင် အဲဒီဆေးဟာ ဆေးအတုပဲ ဖြစ်တယ်။ ဆေး အစစ်တော့ မဖြစ်နိုင်ဘူး။ အနာပျောက်မှ ဆေးလို့ခေါ်ပါတယ်။

ဆေးမဖြစ်ဘူးဆိုတော့ ဘေးဖြစ်မှာပေ့ါ။ ဆေးဖက်မဝင် တဲ့ မျက်ရည်ကို ဘေးဖက်ဝင်မျက်ရည် လို့ခေါ်ရမှာပေ့ါ။ လောက ရေးရာ၊ ကာမဂုဏ်ရေးရာကြောင့် ကျရတဲ့ မျက်ရည်တွေဟာ ကိ လေသာဘေး၊ အကုသိုလ်ဘေး၊ အပါယ်ဘေး၊ ဘဝခန္ဓာဘေးတွေ ကနေ မလွတ်မြောက်နိုင်တဲ့အတွက်၊ အဲဒီဘေးတွေကိုသာ တိုးပွား စေနိုင်တဲ့အတွက် ဘေးဖက်ဝင်မျက်ရည်တွေပါပဲ၊ ဘေးပေါင်းခတဲ့ မျက်ရည်တွေပါပဲ။

နေက္ခမ္မနိဿိတမျက်ရည်ကတော့ ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာ အနာရောဂါတွေ ပျောက်ကင်းစေနိုင်တဲ့ အတွက်ကြောင့် ဘေသဇ္ဇမျက်ရည်၊ ဆေးဖက်ဝင်တဲ့မျက်ရည်။

နေက္ခမ္မနိဿိတမျက်ရည်ကို အကြောင်းပြုပြီးတော့ ကြိုး စား အားထုတ်သွားမယ်ဆိုရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဆိုက် ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဆိုရင်တော့ ကိလေ သာ အနာရောဂါတွေ လုံး၀ ကင်းရှင်းသွားပြီ။ လုံး၀ ပျောက်ကင်း

http://www.dhammadownload.com

သွားပြီ။

နိဗ္ဗာန်ဆိုတာ ကိလေသာ အနာရောဂါတွေ လုံးဝ မရှိတော့တာကို ခေါ်တာပါပဲ။ ရာဂအနာပျောက်သွားတာ နိဗ္ဗာန်၊ ဒေါသအနာပျောက်သွားတာ နိဗ္ဗာန်၊ မောဟအနာပျောက်သွားတာ နိဗ္ဗာန်။ ကိလေသာ အနာရောဂါအားလုံး ပျောက်သွားတာ နိဗ္ဗာန်ပါပဲ။

လက်မှာ အနာပေါက်နေတဲ့ လူတစ်ယောက်ဟာ အဲဒီပေါက်နေတဲ့ အနာရဲ့ နှိပ်စက်မှုကြောင့် ဆင်းရဲမှုကို ခံစားရတယ်။ ထက်မြက်တဲ့ဆေးနဲ့ ကုသလိုက်လို့ အဲဒီအနာပျောက်သွားပြီဆိုရင်တော့ အင်မတန် ချမ်းသာသွားတယ်။

အနာပျောက်လို့ ချမ်းသာသွားတဲ့ လူရဲ့လက်မှာ ဘာရှိသလဲဆိုရင် ဘာမှ မရှိတော့ပါဘူး။ နဂိုက ရှိနေတဲ့ အနာလည်း မရှိတော့ဘူး။ တခြားလည်း ဘာမှ မရှိလာပါဘူး။ ဘာမှ မရှိတော့ပေမယ့် အဲဒီအနာပျောက်သွားတဲ့ ပုဂ္ဂိုလ် ချမ်းသာလိုက်တာ။

ဒီတော့ နိဗ္ဗာန်မှာ ရုပ်တရား၊ နာမ်တရားတွေ ဘာမှ မရှိဘဲနဲ့ ဘယ်လိုလုပ် ချမ်းသာမလဲဆိုတဲ့ အတွေးကို အနာပေါက်နေတဲ့ပုဂ္ဂိုလ် အနာပျောက်သွားတဲ့အခါ အနာမရှိခြင်းကြောင့် ချမ်းသာသွားပုံနဲ့ နှိုင်းယှဉ်ပြီးတော့ စဉ်းစားနိုင်ပါတယ်။

ဒီတော့ ကာမနိဿိတမျက်ရည်ဟာ ကိလေသာ အနာရောဂါတွေ မပျောက်ကင်းစေနိုင်တဲ့အတွက်ကြောင့် အဘေသဇ္ဇမျက်ရည်၊ ဆေးဖက်မဝင်တဲ့မျက်ရည်။ နေက္ခမ္မနိဿိတမျက်ရည်ကတော့ ကိလေသာအနာရောဂါတွေ ပျောက်ကင်းစေနိုင်တဲ့အတွက်

http://www.dhammadownload.com

ကြောင့် ဘေသဇ္ဇမျက်ရည်၊ ဆေးဖက်ဝင်တဲ့မျက်ရည်။ ဆေးပေါင်းခတဲ့မျက်ရည်။

တစ်နည်းပြောရင်တော့ မျက်ရည်တစ်စက် ဆေးတစ်ခွက်ထိုက်တဲ့ မျက်ရည်၊ မျက်ရည်တစ်စက်ကျတိုင်း အဲဒီကျလိုက်တဲ့ မျက်ရည်တစ်စက်ဟာ ဆေးတစ်ခွက် သောက်လိုက်ရသလို အားရှိသွားတယ်၊ ဆေးတစ်ခွက် သောက်လိုက်ရသလို အနာရောဂါ ပျောက်ကင်းသွားစေနိုင်တယ်။

ဧကေသ ခေါ မဟာရာဇ အဿု ရာဂဒေါသမောဟေဟိ သမလံ ဥဏှံ၊ ဧကေသ ပီတိသောမနဿေန ဝိမလံ သီတလံ၊ ယံ ခေါ မဟာရာဇ သီတလံ၊ တံ ဘေသဇ္ဇံ၊ ယံ ဥဏှံ၊ တံ န ဘေသဇ္ဇံ။ ( မိလိန္ဒပဥှပါဠိ၊ ၈၁။ )

ရာဂ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာ အညစ်အကြေးတွေနဲ့ ညစ်နွမ်းပူလောင်နေတဲ့ မျက်ရည်ဟာ ဆေးဖက်မဝင်တဲ့ မျက်ရည်၊ ဆေးပေါင်းမခတဲ့မျက်ရည် ဖြစ်ပါတယ်။ တရားဓမ္မနဲ့ ယှဉ်တဲ့ နှစ်သက်ဝမ်းမြောက်မှု ပီတိသောမနဿတွေနဲ့ သန့်စင်အေးမြနေတဲ့ မျက်ရည်ကတော့ ဆေးဖက်ဝင်တဲ့မျက်ရည်၊ ဆေးပေါင်းခတဲ့မျက်ရည် ဖြစ်ပါတယ်။

■

http://www.dhammadownload.com

## ရဟန်းပါးပြင်မှာ ပုလဲခနေပြီ

မျက်ရည်အကြောင်းလေးတွေ ခွဲခြမ်းစိတ်ဖြာပြီး ပြောနေရတာနဲ့ မဟာသီဝမထေရ်ကြီးအကြောင်းတောင် ပြောဖို့ အချိန်နည်းသွားပြီ။ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)က မဟာဂါမရွာကျောင်းတိုက်ကြီးမှာ မဟာသီဝ လို့ခေါ်တဲ့ မထေရ်ကြီးတစ်ပါးရှိတယ်။ စာသင်သား ဂိုဏ်းတစ်ဂိုဏ်းကို ပရိသတ်တစ်ထောင်စီလောက်ရှိတဲ့ ဂိုဏ်းကြီး တစ်ဆယ့်ရှစ်ဂိုဏ်းက သံဃာတွေကို စာပေပို့ချပေးနေတဲ့ မထေရ်ကြီးဖြစ်ပါတယ်။

မထေရ်ကြီးညွှန်ကြားတဲ့ ပရိယတ်စည်းကမ်းနှင့် ပဋိပတ်နည်းလမ်းကို လိုက်နာကျင့်သုံးလို့ ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေက ခြောက်သောင်းတောင် ရှိတယ်။

သုတ်မဟာဝါအဋ္ဌကထာမှာတော့ သုံးသောင်းလို့ ဆိုပါတယ်။ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာတော့ ခြောက်သောင်းလို့ ဆိုပါ

http://www.dhammadownload.com

တယ်။ မထေရ်ကြီးရဲ့ ဂုဏ်ကို ပေါ်လွင်ထင်ရှားစေတဲ့အတွက် ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာမှာလာတဲ့ ခြောက်သောင်းဆိုတဲ့ အရေအတွက်ကိုပဲ အတည်ပြုပြီးတော့ ဦးဇင်းတို့ ပြောပါရစေ။

အဲဒီတော့ မထေရ်ကြီးရဲ့ ပရိယတ်စည်းကမ်း၊ ပဋိပတ် နည်းလမ်းအတိုင်း အားထုတ်ပြီးတော့ ရဟန္တာဖြစ်သွားတဲ့ ရဟန္တာ ခြောက်သောင်းထဲက တစ်ပါးဖြစ်တဲ့ မထေရ်က မိမိရရှိထားတဲ့ တရားထူး တရားမြတ်ကို ဆင်ခြင်တိုင်း စဉ်းစားတိုင်း အတုမရှိတဲ့ ချမ်းသာငြိမ်းအေးမှုကို ခံစားရတဲ့အတွက်ကြောင့် ဒီချမ်းသာ၊ ဒီငြိမ်းအေးမှုကို ဖန်တီးပေးတဲ့ မဟာသီဝဆရာကြီးကို အင်မတန် ကျေးဇူးတင်နေတယ်။

ငါ့ရဲ့ဆရာမှာ ငါရထားတဲ့ ဂုဏ်မျိုး၊ ငါရထားတဲ့ တရားမျိုး ရနေသလားလို့ အဘိညာဉ်တန်ခိုးနဲ့ လှမ်းပြီးတော့ ကြည့်လိုက် တော့ မဟာသီဝမထေရ်ကြီး ပုထုဇဉ်အဆင့်မှာပဲ ရှိနေတာကို တွေ့ ရတယ်။

သြော် ငါ့ရဲ့ဆရာကြီးဟာ သူတစ်ပါးရဲ့ မှီခိုအားထားရာ သာ ဖြစ်ပြီးတော့ ကိုယ်ကိုယ်တိုင်ရဲ့ မှီခိုအားထားရာ မဖြစ်ပါပဲလား၊ နည်းလမ်းဉပါယ်တံမျဉ်နှင့် ဆရာကြီးကို သတိသံဝေဂရအောင် ကြံဆောင်ဦးမှပဲ ဆိုပြီးတော့ ကောင်းကင်ကနေ ကြွလာတယ်။

မဟာသီဝမထေရ်ကြီးရဲ့ ကျောင်းနားရောက်တော့ ကောင်းကင်ကနေ သက်ဆင်း၊ မထေရ်ကြီးဆီဝင် ရှိခိုး၊ မဟာသီဝ မထေရ်ကြီးက မေးတယ်။

'ငါ့ရှင်. . . . ဘာ့အတွက် လာတာလဲ'

http://www.dhammadownload.com

'အရှင်ဘုရားခွင့်ပြုမယ်ဆိုရင် အရှင်ဘုရားဆီက အနုမောဒနာ တရားလေးတစ်ပုဒ်လောက် သင်ချင်လို့ပါဘုရား'

'ငါ့ရှင်. . . ငါ့မှာ အချိန်တွေ မအားမလပ်အောင် ဖြစ်နေတယ်။ သူတစ်ပါးကို စာပေပို့ချပေးနေရတဲ့အတွက်ကြောင့် သင့်အတွက် သီးသန့် အချိန်မပေးနိုင်ဘူး'

'မှန်လှပါဘုရား၊ သီးသန့်အချိန် မပေးနိုင်ဘူးဆိုရင်လည်း ဆွမ်းခံသွားဖို့အတွက် စည်းဝေးစုရုံးကြတဲ့ တန်ဆောင်းကြီးထဲမှာ စုရုံးနေတဲ့အချိန်မှာ တပည့်တော် သင်ပါရစေ'

'ငါ့ရှင်၊ အဲဒီအချိန်မှာလည်း စာပေမေးလျှောက်တဲ့ ပုဂ္ဂိုလ်တွေ ရှိနေကြတယ်'

'ဒါ့ဖြင့် ရွာထဲကြွတဲ့ အချိန်ကောဘုရား'

'အဲဒီအချိန်လည်း မေးတဲ့သူ ရှိနေတယ်'

'သင်္ကန်းရုံတဲ့အချိန်ကောဘုရား'

'အဲဒီအချိန်မှာလည်း မေးမယ့်သူ ရှိနေတယ်'

'သပိတ်အိတ်ထဲ သပိတ်ထည့်တဲ့အချိန်ကောဘုရား'

'အဲဒီအချိန်မှာလည်း မေးမယ့်သူ ရှိနေတယ်'

'ရွာထဲဆွမ်းခံကြွတဲ့အချိန်၊ ယာဂုသောက်တဲ့အချိန်၊ ဆွမ်းခံရွာက ထွက်တဲ့အချိန်၊ ကျောင်းပြန်တဲ့အချိန်၊ ဆွမ်းစားတဲ့အချိန်၊ အဲဒီအချိန်တွေမှာရော မေးလျှောက်လို့မရဘူးလားဘုရား'

'အဲဒီအချိန်တွေမှာလည်း မေးမယ့်သူ ရှိနေတယ်'

'ဆွမ်းစားပြီး ခဏနားတဲ့အချိန်ကောဘုရား'

'အဲဒီအချိန်မှာလည်း မေးမယ့်သူ ရှိနေတယ်'

http://www.dhammadownload.com

ညအိပ်ရာဝင်ခါနီး ခြေထောက်ဆေးတဲ့အချိန်၊ နံနက်အိပ်ရာထ မျက်နှာသစ်တဲ့အချိန်၊ မျက်နှာသစ်ပြီးလို့ အခန်းထဲ ခဏနားတဲ့အချိန် အဲဒီလိုအားဖြင့် အချိန်တွေကို ညွှန်းညွှန်းပြီးတော့ မေးလျှောက်သော်လည်းပဲ 'အဲဒီအချိန်တိုင်း အဲဒီအချိန်တိုင်း စာပေမေးလျှောက်ကြတဲ့ အခြားပုဂ္ဂိုလ်တွေ ရှိနေတဲ့အတွက်ကြောင့် သင့်ကို အချိန်မပေးနိုင်ဘူး'

ဘယ်အချိန်ကိုပဲ တောင်းဆိုတောင်းဆို၊ မအားဘူးဆိုပြီးတော့ ငြင်းပယ်နေတယ်။ ဒီတော့ တပည့်က လျှောက်တယ်။

'အရှင်ဘုရား. . .၊ မျက်နှာသစ်ပြီးလို့ အခန်းထဲ ခဏပြန်ဝင်ထိုင်နေတဲ့ အချိန်မှာတော့ ကိုယ်ငွေ့လေးရရုံ၊ တင်ပါးလေးပူနွေးရုံ သုံးလေးကြိမ်လောက်တော့ တင်ပျဉ်ခွေပြီးတော့ အရှင်ဘုရား တရားရှုမှတ်သင့်ပါတယ်ဘုရား၊ ဒီအတိုင်းဆိုရင်တော့ အရှင်ဘုရားမှာ သေဖို့အချိန်တောင် ရပါဦးမလား ဘုရား'

'မရဏခဏမ္ပိ န လဘိဿထ ဘန္တေ'

ဒီစကားလေးက အင်မတန်မှ မှတ်သားစရာကောင်းတယ်။ လူတော်တော်များများက တရားအားထုတ်ပါ၊ တရားအားထုတ်ပါလို့ တိုက်တွန်းလိုက်ရင် အလုပ်များနေသေးလို့ပါ၊ မအားသေးလို့ပါ၊ အလုပ်များနေသေးလို့ပါ၊ မအားသေးလို့ပါလို့ အကြောင်းပြတတ်ကြတယ်။

မအားနိုင်လောက်အောင် များတဲ့အလုပ်ကို ဘာအလုပ်လဲလို့ ဆန်းစစ်ကြည့်လိုက်တော့ ခန္ဓာဝန်ထမ်းတဲ့အလုပ် ဖြစ်နေတယ်။ ဒီခန္ဓာလေး အသက်ရှင်အောင်၊ ဒီခန္ဓာလေး မသေသေးဘဲ

http://www.dhammadownload.com

အသက်ရှင် ရပ်တည်နေအောင် ပြုပြင်မွမ်းမံမွေးမြူနေရတဲ့ အလုပ်ကို ခန္ဓာဝန်ထမ်းတဲ့ အလုပ်လို့ ခေါ်ပါတယ်။

စားဝတ်နေရေး၊ ကျန်းမာရေးအတွက် စီးပွားဥစ္စာ ရှာဖွေနေရတဲ့အလုပ်၊ ရှာဖွေလို့ ရလာတဲ့ စည်းစိမ်ဥစ္စာတွေကို ခံစားနေရတဲ့အလုပ်၊ ဒီခန္ဓာကိုယ်ကြီး အပုပ်ကောင်သဘောကို မထင်ရှားအောင် ပြုပြင်ထိန်းသိမ်းနေရတဲ့အလုပ်၊ အဲဒီအလုပ်တွေဟာ ခန္ဓာဝန်ထမ်းနေရတဲ့အလုပ်တွေပါပဲ။

ခန္ဓာဝန်ထမ်းနေရတဲ့အလုပ်ဟာ ခန္ဓာရှိနေသမျှ ရှိနေဦးမှာဖြစ်တဲ့အတွက်ကြောင့် ခန္ဓာမချုပ်သေးသမျှတော့ ခန္ဓာဝန်ထမ်းတဲ့ အလုပ်ဟာ ဘယ်တော့မှ ပြီးဆုံးဦးမှာမဟုတ်ပါဘူး။ ဘယ်တော့မှလည်း အားမှာမဟုတ်ပါဘူး။

ကိုယ်က မအားဘူး၊ မအားဘူးလို့ ကြွေးကြော်နေပေမယ့် သေမင်းက လာခေါ်ပြီဆိုရင် ဘာမှ တတ်နိုင်တော့မှာ မဟုတ်ပါဘူး။ ကိုယ့်ကို သေမင်းက လာခေါ်ပြီဆိုရင်တော့ မအားသေးလို့ပါ၊ နေပါရစေဦးလို့ ပြောလို့ရတော့မှာ မဟုတ်ပါဘူး။ လိုက်ပါသွားရမှာပါပဲ။

ကမ္ဘာပေါ်မှာ နေ့စဉ်နဲ့အမျှ လူတွေ မရေမတွက်နိုင်အောင် သေနေကြတာ၊ အားလို့သေတဲ့ မသာ တစ်ယောက်မှမရှိပါဘူး။ မအားတဲ့ကြားထဲက သေသွားကြတဲ့ မသာတွေချည်းပါပဲ။ သေမင်းက သူခေါ်ချိန်တန်ရင် အားတဲ့သူကိုလည်း ခေါ်မှာပါ၊ မအားတဲ့သူကိုလည်း ခေါ်မှာပါ၊ သေမင်းမှာ တပည့်မွေးပြီး လူရွေးတဲ့မှု မရှိပါဘူး။

http://www.dhammadownload.com

ဒီတော့ မအားတဲ့ကြားထဲက သေမင်းလာခေါ်ရင် အချိန် မရွေးလိုက်သွားရမှာပဲဆိုတာကို ကြိုတင်ပြီးတော့ နှလုံးသွင်း ဆင်ခြင်ထားမယ်ဆိုရင် မအားလို့ပါဆိုတဲ့ အကြောင်းပြချက်နဲ့ တရားဓမ္မကို မျက်နှာလွှဲတဲ့အဖြစ်ကို ရောက်မှာ မဟုတ်တော့ပါဘူး။

အဲဒီမှာတွင် တပည့်ရဟန်းတော်က . . .

'အရှင်ဘုရား. . .၊ သေဖို့တောင် အချိန်မရတော့ဘူး လားဘုရား။ ဒီလောက်တောင်မှ မအားမလပ် ဖြစ်နေရင်လည်း တပည့်တော် မသင်တော့ပါဘူးဘုရား'

လို့ ဆိုပြီးတော့ မထေရ်ကြီးကြည့်နေစဉ်မှာပဲ၊ မထေရ်ကြီး ရဲ့ ရှေ့မှောက်မှာပဲ ဈာန်အဘိညာဉ်ဝင်စားပြီးတော့ ကောင်းကင် ခရီးကနေ ကြွသွားပါတယ်။ 'ရဟန်းဆိုတာ ဒီလိုဖြစ်ရမယ်' လို့ ဆုံးမတဲ့သဘောပါပဲ။

အဲဒီတော့မှ မဟာသီဝမထေရ်ကြီးက ကောင်းကင်ကို ပျံကြွသွားတဲ့ တပည့်ကို မော့မျှော်ကြည့်ရင်းနဲ့ . . . 'ဩော်. . . လက်စသတ်တော့ သူက ငါ့ဆီ စာသင်ချင်လို့ လာတာမှ မဟုတ်ဘဲ၊ ငါ့ကို တရားပြဆုံးမချင်လို့၊ ငါ့ကို သတိပေးချင်လို့ လာတာပဲ'

တပည့်ဖြစ်သူရဲ့ သတိပေးစကားတွေကြောင့် မဟာသီဝ မထေရ်ကြီးလည်း 'သင်သိ' သာရှိပြီး 'ကျင့်သိ' မရှိတဲ့ ကိုယ့်ဘဝကို အကြီးအကျယ် သံဝေဂဖြစ်မိပါတယ်။ သံဝေဂဖြစ်ပြီးတော့ နောက်တစ်နေ့ မနက်စောစောမှာပဲ တပည့်တစ်ပါးခေါ်ပြီးတော့ မိမိနေတဲ့ ကျောင်းနဲ့ မနီးမဝေး ဂါမန္တပဗ္ဘာရ ခေါ်တဲ့ ရွာနီးတောင် လိုဏ်ဂူ လေးမှာ ရှင်းလင်းပြီး မထေရ်ကြီး တရားအားထုတ်ပါတယ်။

http://www.dhammadownload.com

ဝါဆိုလဆန်းဆယ့်သုံးရက်နေ့မှာ မဟာသီဝမထေရ်ကြီး တောထွက်သွားတယ်။ ငါ့လို ပရိယတ္တိ ဗဟုသုတပြည့်စုံတဲ့ ပုဂ္ဂိုလ်၊ ငါ့လိုဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ် အားထုတ်လိုက်ရင် နှစ်ရက်၊ သုံးရက်နဲ့ အရဟတ္တဖိုလ် ရမှာပဲဆိုပြီးတော့ အားထုတ်ပါတယ်။

ဝါဆိုလပြည့်နေ့သာ ရောက်သွားတယ်၊ တရားထူးတရား မြတ်မရဘူး။ ဘာနိမိတ်မှ မရဘူး။ ဩော်. . . သုံးရက်နဲ့ တရားထူး ရမယ်ထင်တာ မရတော့လည်း ဝါတွင်းသုံးလကို သုံးရက်လို သဘောထားပြီး အားထုတ်မှပဲ ဆိုပြီးတော့ ဝါတွင်းသုံးလ အားထုတ် ပြန်ပါတယ်။

သီတင်းဝါလသာ ကျွတ်သွားတယ်၊ မထေရ်ကြီးဘာ တရားထူးမှ မရဘူး။

'ငါတော့ သီတင်းကျွတ်လို့ရှိရင် မဟာပဝါရဏာနေ့မှာ သီတင်းသုံးဖော် ရဟန္တာအရှင်မြတ်ကြီးတွေနဲ့အတူ ဝိသုဒ္ဓိပဝါရဏာ ပြုမယ်'

ဝိသုဒ္ဓိပဝါရဏာဆိုတာ ရဟန္တာအဖြစ်နဲ့ ပဝါရဏာပြုတာ ပါပဲ။ ဝိသုဒ္ဓိ ဆိုတာက သန့်ရှင်းစင်ကြယ်ခြင်း၊ ပဝါရဏာဆိုတာက ဖိတ်မန်ခြင်း၊ ဝိသုဒ္ဓိပဝါရဏာဆိုတော့ 'သန့်ရှင်းစင်ကြယ်တဲ့ ဖိတ် မန်ခြင်း'ပေါ့။ ကိလေသာအားလုံး သန့်ရှင်းစင်ကြယ်နေတဲ့ ရဟန္တာ အရှင်မြတ်တွေရဲ့ အပြစ်ရှိရင် ပြောကြဖို့ အပြန်အလှန် ဖိတ်မန် တာကို ဝိသုဒ္ဓိပဝါရဏာ လို့ ခေါ်ပါတယ်။

'ရဟန္တာအဖြစ်နဲ့ ဝိသုဒ္ဓိပဝါရဏာပြုမယ်လို့ ငါကဆုံးဖြတ် ထားတယ်။ အခုတော့ ငါ့မှာ ဘာတရားထူးမှ မရတဲ့အတွက်ကြောင့်

http://www.dhammadownload.com

ဝိသုဒ္ဓိပဝါရဏာ မပြုနိုင်တော့ဘူး၊ ဘယ်တော့များမှ ငါ့ရဲ့ သီတင်းသုံးဖော် ရဟန္တာအရှင်မြတ်ကြီးတွေနဲ့ ဝိသုဒ္ဓိပဝါရဏာ ပြုနိုင်ပါ့မလဲ၊ ဘယ်တော့များမှ ငါ တရားထူးတရားမြတ်ကို ရနိုင်ပါ့မလဲ'

ဆိုပြီးတော့ တွေးရင်းတွေးရင်းနဲ့ မထေရ်ကြီး ဝမ်းနည်းတဲ့စိတ်တွေဖြစ်ပြီး မျက်ရည်ကျပါတယ်။ မထေရ်ကြီး ကျတဲ့မျက်ရည်ဟာ နေက္ခမ္မနိဿိတမျက်ရည်ပါပဲ။

ဒီတစ်ဝါ တရားထူးမရတော့လည်း နောက်တစ်ဝါ ရရမယ် ဆိုပြီးတော့ မထေရ်ကြီးဟာ ဆက်ပြီးတော့ ဝိပဿနာတရားကို အားထုတ်တယ်။ အားထုတ်တဲ့နေရာမှာ ဘယ်လောက်ထိ အားထုတ်သလဲဆိုရင် တစ်နေ့တစ်နေ့ အိပ်နေရလို့၊ အိပ်ဖို့အတွက် ခြေဆေးနေရလို့၊ အိပ်ရာခင်းနေရလို့၊ အိပ်ရာပြင်နေရလို့ တရားထူး မရတာပဲဖြစ်မယ်။ ဒီနေ့ကစပြီး ရဟန္တာမဖြစ်မချင်း မအိပ်တော့ဘူးဆိုပြီးတော့ အိပ်တဲ့ခုတင်ကို တစ်ခါတည်း ခေါက်ပြီး သိမ်းထားလိုက်တယ်။

ဝေယျာဝစ္စတွေနည်းပြီးတော့ တရားအားထုတ်ချိန် ပိုပြီးတော့ရအောင်လို့ပါ။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း ဆိုတဲ့ ဣရိယာပုထ်သုံးပါးကိုပဲ လှည့်သုံးပြီးတော့ တရားအားထုတ်ပါတယ်။ အထူးအားဖြင့် စင်္ကြံကမ္မဋ္ဌာန်းကို ဦးစားပေးပြီးတော့ အားထုတ်ပါတယ်။

အဲဒီလိုနဲ့ တစ်ဝါကျွတ်တိုင်း တစ်ဝါကျွတ်တိုင်း ဘာတရားထူးမှ မရတဲ့အတွက်ကြောင့် ဝါကျွတ်တိုင်းဝါကျွတ်တိုင်း မထေရ်ကြီး မျက်ရည်ကျရတယ်။ နှစ်ပေါင်းသုံးဆယ်တိုင်တိုင် မျက်ရည်ကျရပါတယ်။

http://www.dhammadownload.com

## ငိုသံကို မကြားရက်လို့ပါ

အကြိမ်သုံးဆယ်မြောက် ဝါကျွတ်တဲ့အချိန်မှာတော့ . . . မထေရ်ကြီးရဲ့ ဝမ်းနည်းကြေကွဲမှုတွေဟာ အထွတ်အထိပ်ကို ရောက်ပြီးတော့ အဲဒီနှစ်မှာ အပြင်းထန်ဆုံး ကြေကွဲပြီးတော့ မျက်ရည်တွေ တဖြိုင်ဖြိုင် တသွင်သွင် စီးကျရတယ်။

ပရိယတ္တိဗဟုသုတတွေ အင်မတန် ကြွယ်ဝလို့ ဉာဏ် အင်မတန် ထက်မြက်လို့ အားထုတ်လိုက်ရင်တော့ ဘာမှ မကြာဘူးလို့ ငါထင်ခဲ့တာ၊ အားထုတ်တာကလည်း ပေါ့ပေါ့လျော့လျော့ မဟုတ်ဘူး၊ ခုတင်ကို ဆောက်တည်ပြီးတော့ မအိပ်မနေ အချိန်ပြည့် ကြိုးပမ်းအားထုတ်တာပဲ။ နည်းလမ်းလည်း ဘာမှ မှားစရာ မရှိဘူး။ ပရိယတ္တိစာပေမှာ လာတဲ့အတိုင်း ဒေသနာတော်မှာ လာတဲ့အတိုင်း အမှားအယွင်းမရှိ မှန်မှန်ကန်ကန် နည်းစနစ်ကျကျ အားထုတ်တာပဲ။

http://www.dhammadownload.com

ဒီလောက် အသက်စွန့် ကြိုးပမ်းအားထုတ်တာတောင်မှ နှစ်ပေါင်းသုံးဆယ် ကြာခဲ့ပြီ။ ငါတရားထူးတရားမြတ် မရသေးဘူး ဆိုတော့ ဧကန္တ ငါဟာ ဒီဘဝ တရားထူးတရားမြတ်ရထိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး ထင်တယ်။ ဒီဘဝတော့ ငါဘယ်လောက်ပဲ တရားအားထုတ်အားထုတ် တရားထူးရတော့မှာ မဟုတ်ပါဘူး ဆိုပြီးတော့ ငိုကြွေးတော်မူပါတယ်။ အဲဒီလို မထေရ်ကြီးငိုကြွေးနေတဲ့ နေရာနဲ့ မနီးမဝေး မလှမ်းမကမ်းမှာ နတ်သမီးတစ်ယောက်လည်း လာပြီး ငိုနေတယ်။ မထေရ်ကြီးက မေးတယ်။

'ဒီနားမှာ လာငိုနေတာ ဘယ်သူလဲ'

'မှန်လှပါ၊ တပည့်တော် နတ်သမီးပါဘုရား'

'အသင်နတ်သမီးက ဘာကြောင့် ငိုရတာလဲ'

'မှန်လှပါဘုရား၊ အရှင်ဘုရားငိုနေတာမြင်လို့ ငိုရင်လည်းပဲ မဂ်ဖိုလ်ရလိမ့်မယ်ထင်လို့ နှစ်မဂ်သုံးမဂ်လောက်များ ရမလားလို့ တပည့်တော် ငိုနေတာပါဘုရား'

အဲဒီလို ပြောတော့ မထေရ်ကြီးက ရှက်သွားတယ်။

'ဘယ့်နှယ့်ရှိစ မဟာသီဝ၊ သင့်ကို နတ်သမီးတွေက တောင် ပြောင်လှောင်နေကြပြီ၊ သင်လို ပုဂ္ဂိုလ်မျိုးက အခုလို မျက်ရည်ကျပြီး ငိုနေလို့ ဘယ်သင့်တော်ပါ့မလဲ၊ ငိုနေရုံနဲ့လည်း ဘာမှ သင် ထူးခြားလာမှာမှ မဟုတ်တာ'

ငိုကလည်း ငိုပြီးပြီဆိုတော့ ကိုယ်နဲ့စိတ်ကလည်း ပေါ့နေပြီ ပေါ့လေ။ အဲဒီတော့ မိမိရဲ့ နှလုံးသားမှာ ဖြစ်လာတဲ့ ဒေါမနဿကို အတတ်နိုင်ဆုံး ဖြေဖျောက်ပြီးတော့ မဟာသတိပဋ္ဌာန်ဒေသနာမှာ

http://www.dhammadownload.com

လာတဲ့အတိုင်း မိမိရဲ့စိတ်မှာ ဖြစ်နေတဲ့ ဒေါမနဿကိုလည်းပဲ 'သ ဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ' အစရှိတဲ့ ဒေသနာ အတိုင်း၊ စိတ်ညစ်တာကို စိတ်ညစ်တယ်၊ စိတ်ဆင်းရဲတာကို စိတ် ဆင်းရဲတယ် စသည်အားဖြင့် မဟာသတိပဋ္ဌာန် ဒေသနာအတိုင်း မိမိရဲ့စိတ်၊ မျက်ရည်ကျလောက်အောင် စိတ်ဆင်းရဲရတဲ့ စိတ်ကို အခြေခံပြီးတော့ မိမိရဲ့ ရုပ်နာမ်ခန္ဓာမှာရှိတဲ့ သင်္ခါရတရားတွေကို ရှုမှတ်ပွားများနေပါတယ်။

အဲဒီလို ရှုမှတ်ပွားများနေရင်းနဲ့ သီတင်းကျွတ်လပြည့်ည မှာ ကောင်းကင်ယံကို မျှော်ကြည့်လိုက်တော့ လပြည့်ညဆိုတော့ လကလည်း ထိန်ထိန်သာနေတယ်။

'အင်မတန် ထွန်းလင်းတောက်ပနေတဲ့ ဟောဒီလမင်းကြီး နဲ့ ငါ့ရဲ့သီလနဲ့ ဘယ်အရာက ပိုပြီးတော့ ထွန်းလင်းတောက်ပမလဲ'

အဲဒီလိုဆင်ခြင်စဉ်းစားကြည့်လိုက်တော့ ရဟန်းဖြစ်တဲ့ အချိန်ကနေ စပြီးတော့ ဒီနေ့ ဒီအချိန်ထိ မိမိရဲ့ သီလဟာ မညှိုး မခြောက် မကျိုးမပေါက်ဘဲ စင်းလုံးချော ဖြူစင်နေတာကို သွား တွေ့တယ်။

'ဟောဒီလမင်းကြီးမှာ အညစ်အကြေးမရှိဘဲနဲ့ ထွန်းလင်း တောက်ပနေတယ်လို့ဆိုပေမယ့် သေချာကြည့်ရင် ယုန်အရုပ် ကလေးနဲ့တူတဲ့ ယုန်ရေးလက္ခဏာလေး၊ မှိုင်းပျပျလက္ခဏာလေး အညစ်အကြေး ရှိနေတယ်။ ငါ့ရဲ့ သီလကတော့ ဘာအညစ်အကြေး မှ မရှိဘူး'

ဆိုပြီးတော့ မိမိရဲ့ သီလကို ဆင်ခြင်လိုက်တိုင်း ပီတိသော

http://www.dhammadownload.com

မနသာတွေ တဖွားဖွားဖြစ်တယ်။ ပီတိသောမနသာကို အခြေခံပြီး တော့ ဝိပဿနာရှုပွားလိုက်တာ မထေရ်ကြီး ပဋိသမ္ဘိဒါဉာဏ်လေးပါးနဲ့တကွ ရဟန္တာအဖြစ်ကို အဲဒီညမှာပဲ ဆိုက်ရောက်တော်မူပါတယ်။

မဟာသိဝ မထေရ်ကြီး ကျတဲ့မျက်ရည်ဟာ တရားထူးမရလို့ကျတဲ့ မျက်ရည်ပါ။ တရားထူး မရလို့ ကျတဲ့ မျက်ရည်ဟာ တရားထူးရဖို့ ကျတဲ့မျက်ရည် ဖြစ်သွားပါတယ်။

တရားထူးမရလို့ မျက်ရည်ကျရတယ်ဆိုမှတော့ တရားထူးရချင်စိတ် ဘယ်လောက်ကြီးမားတယ်၊ ဘယ်လောက်ပြင်းထန်တယ်ဆိုတာ သိပ်ထင်ရှားပါတယ်။ ကြီးမားပြင်းထန်တဲ့ တရားထူး ရချင်စိတ်ကပဲ တရားထူးကို ရယူပေးတာမို့ အဲဒီတရားထူးရချင်စိတ်ရဲ့ သက်သေဖြစ်တဲ့ မျက်ရည်တွေကို ဆေးပေါင်းခတဲ့မျက်ရည် လို့ ခေါ်ပါတယ်။

တရားထူးမရလို့ ငိုပြီး မျက်ရည်ကျတယ်၊ မျက်ရည်ကျအောင် ငိုလိုက်ရလို့ ကိုယ်စိတ်ပေါ့ပါးသွားတယ်၊ ပေါ့ပါးတဲ့ ကိုယ်စိတ်နဲ့ အားထုတ်လိုက်လို့ တရားထူး ရတယ်၊ ဒါကြောင့်လည်း အဲဒီမျက်ရည်ဟာ ဆေးပေါင်းခတဲ့မျက်ရည်ပါပဲ။ ဘာလို့လဲဆိုတော့ တရားထူးရကြောင်းမျက်ရည် ဖြစ်နေလို့ပါ။ မျက်ရည်တွေတွေကျအောင်သာ မငိုလိုက်ရရင် ကိုယ်စိတ်တင်းကျပ်ပြီး တရားအားထုတ်ရတာ ဘယ်လိုမှ သမာဓိရမှာ မဟုတ်ဘူးလေ။

ဆေးပေါင်းခတဲ့မျက်ရည်ပိုင်ရှင် မဟာသိဝမထေရ်ကြီးအတွက်တော့ အဲဒီလပြည့်ညဟာ ဆေးပေါင်းခတဲ့ည ဖြစ်သွားခဲ့ပါ

http://www.dhammadownload.com

တယ်။ မင်္ဂဆေး၊ ဖိုလ်ဆေး၊ နိဗ္ဗာန်ဆေးတွေနဲ့ တကယ့်ကို ဆေးပေါင်းခတဲ့ညပါပဲ။

နေကွ္ခမ္မနိသိတမျက်ရည်ကို မှီဝဲလိုက်တဲ့အတွက်ကြောင့် မထေရ်ကြီး တရားထူးတရားမြတ်တွေ ရသွားခြင်းဖြစ်ပါတယ်။

မထေရ်ကြီး ရဟန္တာဖြစ်သွားတယ်ဆိုရင်ပဲ သီဟိုဠ်ကျွန်း တစ်ကျွန်းလုံးမှာရှိတဲ့ တပည့်ရဟန္တာပေါင်း ခြောက်သောင်းက အဲဒီအချိန်မှာပဲ လှမ်းပြီးတော့ သူတို့ဆရာကြီး တရားထူးရပြီလားလို့ လှမ်းကြည့်လိုက်တော့ ရဟန္တာဖြစ်သွားတာ သိတယ်။

မထေရ်ကြီးကလည်း နှစ်ပေါင်းသုံးဆယ်လုံး ခြေထောက်မဆေးဘဲထားတော့ အညစ်အကြေးတွေ တင်ပြီး မြင်မကောင်းဖြစ်နေတဲ့ ခြေထောက်ကို ဆေးမယ်ဆိုပြီးတော့ ခြေဆေးအင်ပျဉ်လေးပေါ်မှာ ရပ်တယ်။ ငါတို့လို အတွင်းနေတပည့်ကြီးတွေ ရှိပါလျက်နဲ့ တို့ဆရာက ကိုယ့်ခြေထောက်ကိုယ် ဆေးရရင် မသင့်တော်ဘူး၊ ငါတို့သွားပြီးတော့ ခြေထောက်ဆေးပေးမယ်ဆိုပြီးတော့ တပည့်ရဟန္တာ ခြောက်သောင်းလုံး ကောင်းကင်ခရီးကနေ ကြွလာတယ်။

မဟာသီဝမထေရ်ကြီးဆီကနေ ခြေတော်ဆေးခွင့်တောင်းတယ်။ မဟာသီဝမထေရ်ကြီးကလည်း ငါ့ရဲ့ခြေထောက်တွေဟာ မဆေးတာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ၊ ဒါကြောင့် ကိုယ့်ဘာသာကိုယ်ပဲ ဆေးမယ်ဆိုပြီး ဆေးခွင့်မပြုဘူး။

အဲဒီအချိန်မှာ သိကြားမင်းက လှမ်းကြည့်လိုက်တယ်။ ငါလို အလုပ်အကျွေးတပည့်ရှိပါလျက်နဲ့ ကိုယ့်ခြေထောက်ကိုယ်

http://www.dhammadownload.com

ဆေးရရင် မသင့်တော်ဘူး။ ငါသွားပြီးတော့ ဆေးမယ်ဆိုပြီး မဟာသီဝမထေရ်ကြီးက ဘယ်သူ့ကိုမှ ဆေးခွင့်မပေး တားမြစ်ထားတာမြင်တော့ ဆေးခွင့်ရအောင် ငါ ညဏ်နီညဏ်နက်သုံးမှပဲ ဆိုပြီးတော့ သုဇာတာနတ်သမီးကို ခေါ်ပြီးတော့ လာတယ်။ ရဟန္တာခြောက်သောင်းရဲ့ ပရိသတ်အစွန်နား ရောက်တယ်ဆိုရင်ပဲ . . .

'အရှင်ဘုရားတို့ လမ်းဖယ်ပေးတော်မူကြပါဘုရား၊ လမ်းကလေး ချီးမြှင့်တော်မူကြပါဘုရား၊ ဟောဒီမှာ မာတုဂါမ လာနေလို့ပါဘုရား။ မာတုဂါမနဲ့ အရှင်ဘုရားတို့ ထိသွားပါလိမ့်မယ်ဘုရား'

စသည်ဖြင့် အော်ပြီးတော့ လာတယ်။

အဲဒီတော့ ရဟန္တာအရှင်မြတ်များက မာတုဂါမ လာတယ်ဆိုတော့ ထိမှာစိုးလို့ ဖယ်ပေးလိုက်ကြတယ်။ အဲဒီတော့ သိကြားမင်းက ရှေ့ဆုံးရောက်သွားတော့ မဟာသီဝမထေရ်ကြီးဆီမှာ တပည့်တော်ကို ခြေဆေးခွင့်ပြုပါဘုရားလို့ ခွင့်တောင်းတယ်။

မဟာသီဝမထေရ်ကြီးက . . .

'ဒကာတော်သိကြားမင်း၊ သင်တို့နတ်တွေဆိုတာ လူ့အနံ့ကို မခံနိုင်ကြဘူး မဟုတ်လား။ လူနံ့ကို အင်မတန် ရွံရှာစက်ဆုပ်ကြတယ် မဟုတ်လား၊ လူနံ့ဟာ သင်တို့နတ်တွေအတွက် ယူဇနာတစ်ရာလောက် ဝေးတဲ့နေရာမှာ ရပ်နေတာတောင် လည်ပင်းမှာ ခွေးသေကောင်ပုပ် အဆွဲခံထားရသလို နံစော်ကြတယ် မဟုတ်လား'

'ငါ့ရဲ့ ခြေထောက်တွေဟာ မဆေးကြောဘဲထားတာ နှစ်ပေါင်း သုံးဆယ်တောင် ရှိနေပါပြီ၊ ဒီတော့ နေပါစေ၊ မဆေးပါနဲ့၊

http://www.dhammadownload.com

ကိုယ့်ဘာသာကိုယ်ပဲ ဆေးပါမယ်' လို့ မိန့်တော်မူလိုက်ပါတယ်။

အဲဒီအခါ နတ်တို့သနင်း သိကြားမင်းက . . .

'အရှင်ဘုရား၊ လူအနံ့ နံတယ်ဆိုတာ ဘာမှ မပြောပလောက်ပါဘုရား၊ အခု အရှင်ဘုရားများရဲ့ သီလရနံ့ဟာ တပည့်တော်များရဲ့ နတ်ပြည်ခြောက်ထပ်ကိုတောင် ကျော်လွန်ပြီးတော့ အထက်ဘဝဂ်ထိအောင် သင်းပျံ့ကြိုင်လှိုင်နေပါတယ်ဘုရား'

'လောကမှာ သီလရနံ့ထက် ပိုပြီးတော့ သင်းပျံ့မွှေးကြိုင်တဲ့ ရနံ့၊ သီလရနံ့ကို လွှမ်းမိုးကျော်လွှားနိုင်တဲ့ ရနံ့ တစ်ခုမျှ မရှိပါဘုရား။ အရှင်ဘုရားများရဲ့ သင်းပျံ့မွှေးကြိုင်လွန်းလှတဲ့ ဒီသီလရနံ့ကြောင့်ပဲ ဘုရားတပည့်တော် လာရောက်ရခြင်းဖြစ်ပါတယ်ဘုရား'

လို့ လျှောက်ထားရင်းနဲ့ မထေရ်ကြီး ဘာမှ ပြန်မမိန့်သေးခင်မှာပဲ ပြောပြောဆိုဆို ဘယ်ဘက်လက်နဲ့ မထေရ်ကြီးရဲ့ ခြေဖမျက်ကို ကိုင်ပြီး ညာဘက်လက်နဲ့ ခြေဖဝါးတော်ကို စောင်းငဲ့ပွတ်တိုက်ပေးလိုက်ပါတယ်။

သိကြားမင်း ခြေဆေးပေးပြီးတာနဲ့ တစ်ပြိုင်နက် မဟာသီဝ မထေရ်ကြီးရဲ့ ခြေတော်တွေဟာလည်း ကလေးငယ်တွေရဲ့ ခြေထောက်တွေလို နူးညံ့ပျော့အိသွားပါတော့တယ်။

မဟာသီဝမထေရ်ကြီးရဲ့ ဒီအဖြစ်အပျက်ကို ကြည့်ပြီး တချို့က ရဟန္တာမှန်ရင် ခြေဖဝါးနုနေရမယ်လို့ ထင်မြင်ယူဆကြပါတယ်။ မဟာသီဝမထေရ်ကြီးရဲ့ ခြေဖဝါးတွေဟာ သိကြားမင်း ခြေဆေးပေးပြီးမှ နုသွားတာပါ။ သိကြားမင်း ခြေဆေးမပေးခင်က မနုသေးပါဘူး။ ရဟန္တာဖြစ်တာနဲ့တစ်ပြိုင်နက် ခြေဖဝါးတွေ နုသွား

http://www.dhammadownload.com

ကြရကြေးဆိုရင် သိကြားမင်း ခြေဆေးမပေးခင်ကတည်းက နုနေရမှာပေါ့။ အခုတော့ နုမှ နုမနေဘဲ။ ရဟန္တာမှန်ရင် ခြေဖဝါးနုနေရမယ်ဆိုတဲ့ အယူအဆ အသေအချာ စဉ်းစားသင့်ပါတယ်။

ရဟန်းတစ်ပါးကို ကြည်ညိုဆည်းကပ်ကိုးကွယ်တဲ့နေရာမှာ ခြေဖဝါး၊ လက်ဖဝါးတွေ နုတာ၊ မနုတာက အဓိက မဟုတ်ပါဘူး။ သီလ၊ သမာဓိ၊ ပညာဂုဏ်ကို အာရုံပြုတတ်ဖို့က အဓိကပါ။

ကိုယ့်ဉာဏ်တစ်ထွာတစ်မိုက်လောက်နဲ့ ရဟန်းတစ်ပါးကို ရဟန္တာဟုတ်မဟုတ် လိုက်စစ်ဆေးနေစရာလည်း မလိုပါဘူး၊ သူပြော လူပြောနဲ့၊ သို့မဟုတ် ကိုယ့်အထင်နဲ့ ရဟန်းတစ်ပါးပါးကို ရဟန္တာပဲ၊ ဘာပဲလို့ ရမ်းသန်းသမုတ်တာဟာလည်း တကယ်တွေးကြည့်ရင် ရှက်စရာကောင်းပါတယ်။ ဓာတ်တော်တကယ်မကျဘဲနဲ့ ဓာတ်တော်ကျသယောင် အတွင်းလူတွေ လုပ်ကြံဖန်တီးထားတဲ့ တချို့ လံကြုတ်ရဟန္တာတွေကို ရဟန္တာအစစ်လို့ ထင်မှတ်နေရင်လည်း အမှားကြီး မှားပါလိမ့်ဦးမယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပုဂ္ဂိုလ်ကို မကြည့်ဘဲ ဓမ္မကို ကြည့်တာ အကောင်းဆုံးပါပဲ။ သူ့ဘာသာသူ ရဟန်းတာတာ၊ မတာတာ၊ သူ့တရားကို ကိုယ်ကျင့်သုံးခြင်းကြောင့် ကိုယ့်အတွက် ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းတယ်ဆိုရင် သူ့ကို ယုံကြည်စိတ်ချစွာ ဆည်းကပ်ကိုးကွယ်ရုံပါပဲ။

■

http://www.dhammadownload.com

## ဆေးခတဲ့မျက်ရည်နဲ့ အေးမြတဲ့မဂ်ဆီ သွားရအောင်

တစ်ခါတုန်းက မိလိန္ဒမင်းကြီးက အရှင်နာဂသိန် မထေရ်မြတ်ကို မျက်ရည်နဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခု မေးခဲ့ဖူးပါတယ်။

'အရှင်ဘုရား . . .၊ အမေသေလို့ ကျရတဲ့ မျက်ရည်နဲ့ တရားချစ်လို့ ကျရတဲ့ မျက်ရည်၊ ဘယ်မျက်ရည်က ဆေးဖက်ဝင်ပါသလဲ၊ ဘယ်မျက်ရည်က ဆေးဖက်မဝင်ပါသလဲ'

'ဒကာတော်မင်းမြတ် . . .၊ ရာဂ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာ အညစ်အကြေးတွေနဲ့ ညစ်နွမ်းပူလောင်နေတဲ့ မျက်ရည်ဟာ ဆေးဖက်မဝင်တဲ့ မျက်ရည်ဖြစ်ပါတယ်၊ တရားဓမ္မနဲ့ ယှဉ်တဲ့ နှစ်သက်ဝမ်းမြောက်မှု ပီတိသောမနဿတွေနဲ့ သန့်စင်အေးမြနေတဲ့ မျက်ရည်ကတော့ ဆေးဖက်ဝင်တဲ့ မျက်ရည်ဖြစ်ပါတယ်'

ပါဠိလို 'ဘေသဇ္ဇအဿု' ဆိုတာ မြန်မာလိုတော့ ဆေးဖြစ်တဲ့မျက်ရည်၊ ဆေးဖက်ဝင်တဲ့မျက်ရည်၊ ဆေးပေါင်းခတဲ့မျက်ရည်

http://www.dhammadownload.com

ပေ့ါ။ ပါဠိလို 'အဘောသဇ္ဇအသုံ' ဆိုတာကတော့ မြန်မာလို ဆေး မဖြစ်တဲ့မျက်ရည်၊ ဆေးဖက်မဝင်တဲ့မျက်ရည်၊ ဆေးပေါင်းမခတဲ့ မျက်ရည်၊ တစ်နည်းအားဖြင့် ဘေးဖြစ်တဲ့မျက်ရည်၊ ဘေးဖက်ဝင်တဲ့ မျက်ရည်၊ ဘေးပေါင်းခတဲ့မျက်ရည်ပေ့ါ။

ကိလေသာအခြေခံတဲ့ မျက်ရည်မှန်သမျှ ဝမ်းနည်းလို့ပဲ ကျကျ၊ ဝမ်းသာလို့ပဲကျကျ၊ ဘေးပေါင်းခတဲ့မျက်ရည်ပါပဲ။ စိတ်ညစ် စရာ အဖြစ်အပျက်တွေနဲ့ ကြုံတွေ့ရလို့ ဝမ်းနည်းပြီးကျတဲ့မျက်ရည် မှ ဘေးပေါင်းခတာ မဟုတ်ပါဘူး။ စိတ်ချမ်းသာစရာ၊ စိတ်ပျော်ရွှင် စရာ အဖြစ်အပျက်တွေနဲ့ ကြုံတွေ့ရလို့ ဝမ်းသာပြီးကျတဲ့ မျက်ရည် ဟာလည်း ဘေးပေါင်းခပါတယ်။

ကိလေသာအခြေခံတဲ့ မျက်ရည်ဆိုတဲ့နေရာမှာ ဖိုမရေး ရာ တပ်မက်မှုကိုသာ ကိလေသာလို့ ခေါ်တာမဟုတ်ပါဘူး။ မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ ညီအစ်ကိုမောင်နှမအချင်းချင်း၊ မိတ် ဆွေ အပေါင်းအသင်းအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ ဆရာဒကာအချင်းချင်း၊ သံယောဇဉ်အနှောင်အဖွဲ့နဲ့ ရစ်ပတ်တွယ် တာနေမှုမှန်သမျှ ကိလေသာတွေချည်းပါပဲ။ သက်မဲ့အရာဝတ္ထုတွေ အပေါ် တမြတ်တနိုးနဲ့ နှစ်ခြိုက်စွဲလမ်း သံယောဇဉ်တွယ်နေတာ တွေ အားလုံးလည်း ကိလေသာတွေပါပဲ။

ဘယ်လို သံယောဇဉ်မျိုးကြောင့်ပဲ မျက်ရည်ကျကျ၊ ဝမ်း နည်းတဲ့ ကိလေသာ၊ ဝမ်းသာတဲ့ကိလေသာ၊ ကိလေသာကို အခြေ ခံတာဖြစ်တဲ့အတွက် ဘေးပေါင်းခတဲ့မျက်ရည်တွေချည်းပါပဲ။ တခြား ပြင်ပဘေးတွေ ဘာမှမတွေ့ရသေးဘူးပဲ ထားပါဦး၊ စိတ်ပူ

http://www.dhammadownload.com

လောင်တဲ့ ဘေး၊ စိတ်ရှုပ်ထွေးတဲ့ဘေး၊ စိတ်မတည်မငြိမ် ယောက်ယက်ခတ်တဲ့ဘေး၊ စိတ်လှုပ်ရှားတဲ့ဘေးကတော့ အတွင်းဘေးအဖြစ်နဲ့ သေချာပေါက် ရင်ဆိုင်ကြုံတွေ့ရမှာပါ။

ဝမ်းသာလို့ ကျတဲ့မျက်ရည်ဟာ လောဘအပူနဲ့ စိတ်ယောက်ယက်ခတ်ပြီး ဘေးခနေပါတယ်၊ ဝမ်းနည်းလို့ ကျတဲ့မျက်ရည်ဟာ ဒေါသအပူနဲ့ စိတ်တင်းကျပ်ပြီး ဘေးခနေပါတယ်၊ ဘုမသိဘမသိ အလိုလိုကျတဲ့မျက်ရည်ဟာ မောဟအပူနဲ့ စိတ်လွင့်မျောပြီး ဘေးခနေပါတယ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ တွေ့ကြုံခွင့်ရတဲ့အခိုက်ကံကောင်းတာတစ်ခုကတော့ ဘေးပေါင်းခတဲ့မျက်ရည်ကို ဆေးပေါင်းခတဲ့မျက်ရည်အဖြစ် အသွင်ပြောင်း ထုတ်လုပ်နိုင်ခြင်းပါပဲ။ တစ်နည်းအားဖြင့် ပြောရရင်တော့ ဘေးခတဲ့မျက်ရည်နဲ့ အေးမြတဲ့မဂ်ဆီ အရောက်သွားနိုင်ခြင်းပါပဲ။

ဘေးကိုဆေးဖြစ်အောင် လုပ်နိုင်တဲ့နည်းလမ်းတွေ မြတ်စွာဘုရားရှင်က အပြည့်အစုံ ပေးထားပါတယ်။ ဘေးကို ဆေးဖြစ်အောင် လုပ်တဲ့နေရာမှာ ကိုယ့်ဘက်က ပေးရမယ့်တန်ဖိုးကတော့ ယောနိသော မနသိကာရလို့ခေါ်တဲ့ စိတ်ထားတတ်မှု၊ စိတ်ထားမှန်မှုပါပဲ။ စိတ်ထားတတ်မှ၊ စိတ်ထားမှန်မှ ဘေးကိုဆေးဖြစ်အောင် လုပ်နိုင်ပါတယ်။ စိတ်ထားမတတ်ရင်၊ စိတ်ထားမမှန်ရင် ဘေးကို ဆေးဖြစ်အောင် မလုပ်နိုင်ပါဘူး၊ ဘေးပြီးတော့ဘေး , ဘေးထက်ဘေးတွေပဲ တိုးပွားလာနိုင်ပါတယ်။

ပါရမီခတ်ခံအရ ကိုယ်ကိုယ်တိုင်က စိတ်ထားမတတ်ခဲ့၊

http://www.dhammadownload.com

စိတ်ထားမမှန်ခဲ့ရင်တောင်မှ စိတ်ထားတတ်အောင်၊ စိတ်ထားမှန်အောင် လမ်းညွှန်ပေးနိုင်တဲ့ ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်းတွေရဲ့ အကူအညီကြောင့် ကိုယ့်ရဲ့ ဘေးခမျက်ရည်ဟာ ဆေးခမျက်ရည်အဖြစ် အလိုလို အသွင်ပြောင်းသွားနိုင်ပါတယ်။ ကူညီသူရဲ့ လမ်းညွှန်ချက် မှန်ကန်ဖို့တော့ အရေးကြီးပါတယ်၊ မေတ္တာမှန်ရုံနဲ့ မပြီးပါဘူး၊ ပညာပါ မှန်ဖို့ လိုအပ်ပါတယ်။

မြတ်စွာဘုရားရှင်လို ပုဂ္ဂိုလ်မျိုးရဲ့ အကူအညီကိုသာ ရလိုက်လို့ကတော့ ကိုယ့်ရဲ့ ပူလောင်နေတဲ့ ဘေးခမျက်ရည်ဟာ အလွန်တရာ အေးမြတဲ့ ဆေးခမျက်ရည်အဖြစ် အချိန်မဆိုင်း ချက်ချင်းပြောင်းလဲသွားမယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မရှိပါဘူး။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ပဋာစာရာ(အများပြော ပဋာစာရီ) ဆိုတာ ဘေးပေါင်းခတဲ့မျက်ရည်တွေနဲ့ အကြီးအကျယ် ပူလောင်ရှူးသွပ်ခဲ့ရသူတစ်ဦးပေါ့။ ခင်ပွန်းသည်က မြွေကိုက်လို့သေ၊ သားကြီးက ရေနစ်လို့သေ၊ သားငယ်က စွန်ချီလို့သေ၊ မိဘနှစ်ပါးနဲ့ အစ်ကိုက လေကြီးမိုးကြီးကျပြီး အိမ်ပြိုပိလို့သေ၊ တစ်နေ့တည်းမှာ အချစ်ရဆုံးသူ ခြောက်ဦးတို့ရဲ့ ခြောက်လောင်းပြိုင်သေပွဲကြီးနဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့ ပဋာစာရာမှ မရူးသွပ်ရင် ဘယ်သူရူးသွပ်ဦးမှာလဲ။

အကြင်နာတရားကင်းမဲ့တဲ့လူတွေက 'အရူးမ၊ အရူးမ' လို့ခေါ်ပြီး သဲနဲ့ပက်၊ ခဲနဲ့ပေါက် လုပ်ကြပေမယ့် အကြင်နာတရားပြည့်ဝတဲ့ မြတ်စွာဘုရားရှင်ကတော့ သူ့ရဲ့တရားပွဲဆီ ပဋာစာရာ မရောက်ရောက်လာအောင် စိတ်တန်ခိုးအားနဲ့ ဆွဲခေါ်ဆောင်ယူ

http://www.dhammadownload.com

တော်မူပါတယ်။

ဘုရားတန်ခိုးတော်နဲ့ တရားပွဲထဲရောက်လာတဲ့ ပဋာစာရာကို သဘောထားသေးသိမ်တဲ့၊ မေတ္တာတရား ခေါင်းပါးတဲ့ တရားနာပရိသတ်က ကိုယ့်ဉာဏ်တစ်ထွာတစ်မိုက်လောက်လေးနဲ့ နားမလည် ပါးမလည် နှင်ထုတ်ကြပါတယ်။ (ဒီနေ့ခေတ် ကိုယ်ကြည်ညိုတဲ့ ဘုန်းကြီးထံပါးကို ဘယ်သူမလာစေနဲ့၊ ဘယ်ဝါမလာစေနဲ့ဆိုပြီး လွှမ်းမိုးခြယ်လှယ်ချင်တဲ့ ဒကာ၊ ဒကာမတွေ သတိပြုစရာပါ။ ရဟန်းဘဝ၊ ရဟန်းအလုပ်ကို လူ့အမြင်၊ လူ့စိတ်နဲ့ ခပ်တိမ်တိမ်လေးတွေးပြီး နေရာတကာ လူတတ်ကြီးလုပ် ဝင်မစွက်မိဖို့ သိပ်အရေးကြီးပါတယ်။ မေတ္တာတရားကို နားမလည်ဘူးလို့လည်း ကိုယ်လိုရာ ဆွဲတွေးပြီး ဆင်ခြေမပေးနဲ့ပေါ့။)

မြတ်စွာဘုရားရှင်ကတော့ မေတ္တာတရားကြီးမားသူပီပီ ပဋာစာရာကို နှင်မထုတ်ဖို့ တရားနာပရိသတ်ကို မိန့်ကြားပြီး အနီးနားထိ ရောက်လာတဲ့ ပဋာစာရာကို 'နှမလေးရယ် . . . သတိလေး တစ်ချက်လောက် ထားလိုက်ပါဦးကွယ်' လို့ နှုတ်ခွန်းဆက် မေတ္တာတရားစကား မိန့်ကြားတော်မူလိုက်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ မေတ္တာဓာတ်၊ ဓမ္မဓာတ်ကြောင့် အရူးစိတ် ပြေပျောက်ပြီး အသိစိတ်ဝင်ရောက်လာတဲ့ ပဋာစာရာကို မြတ်စွာဘုရားရှင်က ဘေးပေါင်းခတဲ့မျက်ရည် ပမာဏအကြောင်းနဲ့၊ ဘေးပေါင်းခတဲ့ မျက်ရည်ကို ဆေးပေါင်းခအောင် အသွင်ပြောင်းပုံ နည်းလမ်းအကြောင်း အခုလို မိန့်ကြားတော်မူပါတယ်။

'ချစ်နှမ ပဋာစာရာ . . . ၊ သမုဒ္ဒရာလေးစင်းထဲမှာရှိတဲ့

http://www.dhammadownload.com

ရေတွေဟာ တကယ်တော့ နည်းနည်းလေးပါကွယ် . . . ဘာမှ မပြောပလောက်ပါဘူး။ သံသရာမှာ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ရလို့ ပူပန်သောကဖြစ်ပြီး ကျခဲ့ရတဲ့ သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ မျက်ရည်တွေကမှ သမုဒ္ဒရာလေးစင်းထဲက ရေတွေထက် အဆမတန် များပြားလွန်းလှတာပါ . . .၊ နည်းနည်းနောနောမှ မဟုတ်ပါပဲလား ချစ်နှမရယ် . . .။

'သမုဒ္ဒရာလေးစင်းထက်များတဲ့ မျက်ရည်တွေ ကျခဲ့ဖူးလှတာတောင် ခုချိန်ထိ ဘာလို့များ မေ့လျော့နေချင်ရသေးတာလဲ . . . မမေ့လျော့သင့်တော့ဘူးလေ. . . ခုချိန်ကစပြီး မမေ့မလျော့ မပေါ့မဆတဲ့ သတိတရားနဲ့ နေထိုင်မှုပုံစံသစ် ပြောင်းလိုက်ပါတော့ ချစ်နှမရယ်. . . . နော်. . . .'

မြတ်စွာဘုရားရှင်ရဲ့ မျက်ရည်တရားကို နာကြားရတဲ့အတွက် ပဋာစာရာရဲ့ ရင်ထဲက ပူလောင်မှုတွေ ငြိမ်းအေးသွားပါတယ်၊ နှလုံးသားထဲက ရှုပ်ထွေးမှုတွေ ရှင်းလင်းသွားပါတယ်၊ စိတ်ထဲက နောက်ကျုမှုတွေ ကြည်လင်သွားပါတယ်၊ သွေးထဲက လှုပ်ရှားမှုတွေ ငြိမ်သက်သွားပါတယ်။

ပဋာစာရာရဲ့ စိတ်အစဉ် ငြိမ်းအေးရှင်းလင်း ကြည်လင်ငြိမ်သက်သွားပြီဆိုတော့မှ မြတ်စွာဘုရားရှင်က 'မိဘဆွေမျိုး၊ သားသမီး၊ ဇနီး ခင်ပွန်း၊ မိတ်ဆွေစတဲ့ အပေါင်းအဖော်တွေဟာ အားကိုးမှီခိုရာ အစစ်မဟုတ်ကြောင်း၊ အိုနာသေရေးစတဲ့ တကယ့်ဒုက္ခဘေးတွေနဲ့ တွေ့ကြုံလာတဲ့အခါ ဘယ်သူ့ကိုမှ အားကိုးမှီခိုလို့ မရကြောင်း၊ အသိဉာဏ်ရှိတဲ့ သူတော်ကောင်းဟာ ကိုယ့်ရဲ့ နိဗ္ဗာန်

http://www.dhammadownload.com

သွားလမ်းကို သီလ အခြေခံပြီး အမြန်ဆုံး တည်ဆောက်လျှောက်၊ လှမ်းသင့်ကြောင်း' ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

တရားတော်ရဲ့အဆုံးမှာ ပဋာစာရာ သောတာပန်တည် သွားပါတယ်။ နောက်တော့ ဘိက္ခုနီမ ပြုပြီး တရားဆက်အားထုတ် လိုက်တာ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာဖြစ်သွားတဲ့အပြင် ဝိ နည်းဆောင်တဲ့ ဘိက္ခုနီတွေထဲမှာ အသာဆုံးအမြတ်ဆုံး ဧတဒဂ် ဘွဲ့ကိုပါ ဆွတ်ခူးရရှိသွားပါတယ်။

ပဋာစာရာရဲ့ ဘေးပေါင်းခနေတဲ့ သောကမျက်ရည်ဟာ ဘုရားအဆုံးအမတရားတော်ကြောင့် ဆေးပေါင်းခတဲ့ ဓမ္မမျက်ရည် အဖြစ် အသွင်ပြောင်းသွားခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူး တရား ကြီးမားလှပါတယ်။

'အရှုံးမမို့ အဖက်မလုပ်ဘူး' 'အရှုံးမမို့ အဖက်မလုပ်နဲ့' ဆိုတဲ့ သူတော်ကောင်းစိတ်မရှိသူတွေနဲ့ချည်းသာ တွေ့ဆုံရမယ်ဆို ရင်တော့ ပဋာစာရာရဲ့ဘဝ အခုလို လှပလာတော့မှာ မဟုတ်ပါ ဘူး။ လူအများစုရဲ့ သဘောက ကိုယ်ကသာ မိတ်ကောင်း ဆွေ ကောင်း လိုချင်တယ်၊ ကိုယ်ကတော့ သူတစ်ပါးရဲ့ မိတ်ကောင်း ဆွေကောင်းဖြစ်ဖို့ မကြိုးစားချင်ကြပါဘူး။ သူတစ်ပါးအပေါ် နေရာ တကာ အပြစ်မြင်၊ အပြစ်တင်တဲ့ စိတ်နဲ့ အဆင့်အတန်းခွဲခြားပြီး ဆက်ဆံချင်ကြပါတယ်။

ကိုယ့်အတွက် ရပေါက်ရှိမှ ပေါင်းချင်ကြပြီး ရပေါက် မရှိ ရင် မပေါင်းချင်ကြပါဘူး။ ဒါကိုပဲ 'လူမှုဆက်ဆံရေးတော်တယ်' လို့ တလွဲဂုဏ်ယူတတ်ကြပြန်ပါသေးတယ်။ အမှန်ကတော့ တစ်

http://www.dhammadownload.com

ကိုယ်ကောင်းဆန်တာပါ၊ မေတ္တာတရားခေါင်းပါးတာပါ။

ပဋာစာရာ ကျခဲ့ရတဲ့မျက်ရည်ဟာ တကယ်တော့ ကာမဂုဏ်အာရုံကို အကြောင်းပြုပြီး ကျခဲ့ရတာမို့ ဘေးပေါင်းခတဲ့မျက်ရည်ပါ။ ဒါပေမဲ့ မြတ်စွာဘုရားရှင်ရဲ့ သဘောတရားအဆုံးအမနဲ့ ကျင့်နည်းကြံနည်းအဆုံးအမတရားတွေကြောင့် ဘေးပေါင်းခတဲ့ မျက်ရည်ဟာ ဆေးပေါင်းခတဲ့မျက်ရည်အဖြစ် အသွင်ကူးပြောင်းခဲ့ရပါတယ်။

လူသားတိုင်း လူသားတိုင်း သက်ရှိသက်မဲ့ ကာမဂုဏ်အာရုံတစ်ခုခုကို အကြောင်းပြုပြီး မျက်ရည်ကျခဲ့ကြဖူးမှာပါ။ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်မလာတဲ့အခါ၊ ကိုယ်မဖြစ်ချင်တာတွေ ဖြစ်လာတဲ့အခါ ငိုခဲ့ကြဖူးမှာပါ။ မငိုတောင်မှ စိတ်ဆင်းရဲတာ၊ စိတ်မချမ်းသာတာ၊ စိတ်ပူပန်တာ၊ စိုးရိမ်ကြောင့်ကြတာ၊ ဝမ်းနည်းကြေကွဲတာတွေတော့ ဖြစ်ဖူးကြမှာပါ။

ဘာကြောင့်ပဲငိုငို၊ ငိုတယ်ဆိုတာ အဘိဓမ္မာတရားကိုယ်ကတော့ ဒေါသပါပဲ။ ငိုနေတဲ့အချိန်မှာ ဖြစ်နေတဲ့စိတ်ဟာ ဒေါသစိတ်ပါ။ စိတ်ဆင်းရဲတာ၊ စိတ်ပူပန်တာ၊ စိုးရိမ်ကြောင့်ကြတာ၊ ဝမ်းနည်းကြေကွဲတာတွေဟာလည်း ဒေါသစိတ်တွေချည်းပါပဲ။

အဲဒီလို ဒေါသစိတ်တွေ ဖြစ်ပေါ်လာရင် သက်ဆိုင်ရာဒေါသရဲ့ အပြစ်ကိုလည်း မြတ်စွာဘုရားအဆုံးအမတွေနဲ့အညီ ဆင်ခြင်နှလုံးသွင်းရပါမယ်။ ဖြစ်ပေါ်နေတဲ့ ဒေါသကိုလည်း ဖြစ်ပေါ်နေတဲ့အတိုင်း သတိပဋ္ဌာန်နည်းလမ်းနဲ့အညီ ရှုမှတ်ပွားများရပါမယ်။ စိတ်ဆင်းရဲရင် 'စိတ်ဆင်းရဲတယ်'၊ စိတ်ပူရင် 'စိတ်ပူတယ်'၊

http://www.dhammadownload.com

စိတ်ညစ်ရင် 'စိတ်ညစ်တယ်'၊ ဝမ်းနည်းရင် 'ဝမ်းနည်းတယ်' ပေါ့။ ဘယ်လိုပဲ ရှုမှတ်ရှုမှတ် ဒေါသကို ရှုမှတ်နေတာပါပဲ။

ဆင်ခြင်မှု၊ ရှုမှတ်မှုဆိုတဲ့ နည်းလမ်းနှစ်မျိုးနဲ့ ဘုရားအဆုံးအမကို လိုက်နာကျင့်သုံးသွားမယ်ဆိုရင် ပူလောင်တဲ့မျက်ရည်ဟာ အေးမြတဲ့မျက်ရည် ဖြစ်သွားပါလိမ့်မယ်။ ခါးပေါင်းခတဲ့ မျက်ရည်ဟာ ဆေးပေါင်းခတဲ့မျက်ရည် ဖြစ်သွားပါလိမ့်မယ်။ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သွားပြီဆိုရင်တော့ မျက်ရည်သမုဒ္ဒရာလည်း ထာဝရခန်းခြောက်သွားပါပြီလေ . . . . ။

■

http://www.dhammadownload.com

## မငိုတတ်တဲ့နလုံးသား မျက်ရည်ကျပါဦးမလား

ငိုတယ်ဆိုမှတော့ ဘာကြောင့်ပဲငိုငို၊ ဒေါသကြောင့် ငိုတာပါပဲ၊ ဒေါသကိလေသာရှိနေလို့ ငိုတာပါပဲ။ ငိုနေတဲ့အချိန်မှာဖြစ်နေတဲ့ စိတ်ဟာ ဒေါသစိတ်ပါ။ တစ်ခါတစ်ရံ ကြမ်းတမ်းတဲ့ ဒေါသစိတ်နဲ့ ငိုတာရှိသလို တစ်ခါတစ်ရံ သိမ်မွေ့တဲ့ ဒေါသစိတ်နဲ့ ငိုတာရှိပါတယ်။

မကျေနပ်ချက်တွေ ပေါက်ကွဲပြီး ဆဲဆိုအော်ဟစ် ကြိမ်းမောင်း ပြစ်တင်ရင်း၊ ရိုက်နှက်သတ်ပုတ် ကုတ်ဖဲ့ နှိပ်စက်ရင်း ငိုတာမျိုးကျတော့ ကြမ်းတမ်းတဲ့ ဒေါသစိတ်နဲ့ ငိုတာပေါ့။ မကျေနပ်ချက်တွေကို ရင်ထဲမှာ ကြိတ်မှိတ်ခံစားရင်း ဝမ်းနည်းကြေကွဲစွာ၊ လွမ်းဆွတ်တမ်းတစွာ ငိုတာမျိုးကျတော့ သိမ်မွေ့တဲ့ ဒေါသစိတ်နဲ့ ငိုတာပေါ့။

အပျော်လွန်ပြီး ငိုတာမျိုး၊ ဝမ်းသာလုံးဆို့ပြီး ငိုတာမျိုးက

http://www.dhammadownload.com

လည်း အပေါ်ယံကြည့်လိုက်ရင် ပီတိကြောင့် ငိုတယ်လို့ ထင်ရပေမယ့် တကယ့် အတွင်းသဘာဝ အစစ်အမှန်ကတော့ သိမ်မွေ့တဲ့ ဒေါသကြောင့် ငိုနေတာပါ။ မငိုခင်မှာ ပျော်တဲ့စိတ်၊ ဝမ်းသာတဲ့စိတ် ဖြစ်နေခဲ့တာ မှန်ပေမယ့် ပျော်လို့၊ ဝမ်းသာလို့ မျက်ရည်တွေကျပြီး ငိုလိုက်တဲ့အချိန်မှာတော့ အပျော်ဒဏ်၊ ဝမ်းသာမှုဒဏ်ကို မခံမရပ်နိုင်တဲ့၊ ခံနိုင်ရည်မရှိတဲ့၊ မခံစားနိုင်တဲ့ ဒေါသအနုစားလေး စိတ်အစဉ်မှာ လွှမ်းမိုးနေပါတယ်။ အပျော်ဒဏ်၊ ဝမ်းသာမှုဒဏ်ရဲ့ ဖိစီးနှိပ်စက်မှုခံလိုက်ရလို့ မသက်မသာဖြစ်သွားတဲ့ စိတ်ကလေး၊ သိမ်မွေ့စွာ တုန်လှုပ်ခြောက်ချားသွားတဲ့ စိတ်ကလေး ဆိုပါတော့။

အဘိဓမ္မာသဘောကို နားမလည်သူတချို့က 'ဒေါသထွက်မှ မျက်ရည်ကျရတော့မှာလား၊ ဝမ်းသာလွန်းရင်ရော မျက်ရည်မကျရတော့ဘူးလား' လို့ မသိသားဆိုးဝါးစွာ နှုတ်လှန်ထိုးတတ်ကြပါတယ်။ လောကအပြောနဲ့ ဓမ္မသဘောကို ခွဲခွဲခြားခြား နားမလည်တော့ ဘုရားထက် ခေါင်းတစ်လုံး ပိုမြင့်မိတတ်ကြတာပေါ့။

လောကမှာ ရဟန္တာဖြစ်ရတာလောက် ဝမ်းသာစရာကောင်းတဲ့ အဖြစ်မျိုး ရှိပါဦးမလား။ ဝဋ္ဋဒုက္ခတွေ အကုန်လုံးချုပ်ငြိမ်းပြီး နိဗ္ဗာန်ချမ်းသာကို အပြီးအပိုင်ရတဲ့ ဘဝပဲလေ။ ဒါပေမဲ့ ဘယ်ရဟန္တာ၊ ဘယ်ရဟန္တာမကမှ 'ငါရဟန္တာဖြစ်ပြီဟေ့' ဆိုပြီး ဝမ်းသာလွန်းလို့ မျက်ရည်မကျခဲ့ကြပါဘူး။ ပီတိဖြစ်လွန်းလို့ မငိုခဲ့ကြပါဘူး။ သူတို့မှာ ဒေါသကိလေသာမှ မရှိတော့ပဲကိုး။

တချို့က တရားအားထုတ်ရင်း မတွေ့ဖူးသေးတဲ့ တရားသဘောတွေ့တဲ့အခါ၊ မခံစားဖူးသေးတဲ့ တရားအရသာ ခံစားရတဲ့

http://www.dhammadownload.com

အခါ အရမ်းဝမ်းသာပြီး မျက်ရည်ကျတတ်ပါတယ်။ ငိုတတ်ပါတယ်။ အပေါ်ယံသာမန်ကြည့်လိုက်ရင် ဓမ္မပီတိကြောင့်လို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ 'ငါ အခုမှ ဒီတရားအရသာ ခံစားရလေခြင်း' ဆိုတဲ့ နောင်တတစ်ဖန်ပူပန်မှု ကုက္ကုစ္စလေး အတွင်းစိတ်မှာ ကိုယ်ကိုယ်တိုင်တောင် မသိလိုက်ဘဲ လွှမ်းမိုးနေပါတယ်။

ကုက္ကုစ္စဆိုတာ ဒေါသအုပ်စုဝင် ကိလေသာ တစ်မျိုးပါ။ ဒေါသတစ်မျိုးပဲ ဆိုပါတော့၊ တချို့ကတော့ နောင်တပူပန်မှု ကုက္ကုစ္စသဘော သိသိသာသာ ထင်ထင်ရှားရှားကြီးဖြစ်ပြီး ငိုတတ်၊ မျက်ရည်ကျတတ်ပါတယ်။

ဆေးပေါင်းခတာ မခတာနဲ့ သွားပြီး မရောလိုက်ပါနဲ့။ ဆေးပေါင်းခတာ မခတာကတော့ နောက်ဆက်တွဲ အကျိုးတရားကို ကြည့်ပြီး သုတ္တန်သဘောအရ ပြောတာပါ။ တရားဓမ္မနဲ့ ပတ်သက်တဲ့ နောက်ဆက်တွဲ ကောင်းကျိုးတရားတွေ ဖြစ်ပေါ်လာရင် အဲဒီမျက်ရည်ကို ဆေးပေါင်းခတဲ့မျက်ရည်လို့ ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ အဘိဓမ္မာသဘောအရ ကြည့်ရင်တော့ ငိုတာမှန်သမျှ ဒေါသပါပဲ၊ မျက်ရည်ကျတာမှန်သမျှ ဒေါသပါပဲ။ ဒါကြောင့် ဒေါသကို 'အဿုရောပ' လို့လည်း ခေါ်ပါတယ်။ 'မျက်ရည်ထွက်စေတတ်သောတရား' လို့ ဆိုလိုပါတယ်။

ဒေါသကိလေသာကို အကြွင်းမဲ့ ပယ်သတ်နိုင်လို့ ကိုယ့်ရဲ့ နှလုံးသားဟာ ဒေါသကင်းတဲ့ နှလုံးသား ဖြစ်သွားပြီဆိုရင်တော့ ဝမ်းနည်းစရာနဲ့ပဲကြုံကြုံ၊ ဝမ်းသာစရာနဲ့ပဲကြုံကြုံ ငိုချင်စိတ် မရှိတော့ပါဘူး။ မငိုတတ်တဲ့ နှလုံးသားပိုင်ရှင်ဟာ ဘာအကြောင်း

http://www.dhammadownload.com

ကြောင့်မှ မျက်ရည်မကျတော့ပါဘူး။

မျက်ရည်ကျခြင်း၊ ငိုခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဒေါသကိလေသာကို အနာဂါမ်အရိယာဖြစ်မှပဲ အကြွင်းမဲ့ ပယ်သတ်နိုင်ပါတယ်။ အနာဂါမ်အရိယာဖြစ်ဖို့ကလည်း သကဒါဂါမ်အရိယာ ဘ၀နဲ့ ဝိပဿနာအလုပ်ကို အားထုတ်ရပါတယ်။ သကဒါဂါမ်အရိယာဖြစ်ဖို့ကလည်း သောတာပန်အရိယာဘ၀နဲ့ ဝိပဿနာအလုပ်ကို အားထုတ်ရပါတယ်။ သောတာပန်အရိယာဖြစ်ဖို့ကလည်း ပုထုဇဉ်ဘ၀နဲ့ ဝိပဿနာအလုပ်ကို အားထုတ်ရပါတယ်။

■

http://www.dhammadownload.com

# မျက်ရည်မကျချင်ရင် အသက်ရှူပါ

ဝိပဿနာအလုပ်ကို အားထုတ်လို့ . . ဝိပဿနာဉာဏ် အဆင့်ဆင့်တက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်တက်ပြီး အနာဂါမ်ဖြစ်သွားရင် ဒေါသကိလေသာ လုံးဝ မရှိတော့ပါဘူး။ ဒေါသ လုံးဝ ကင်းတဲ့စိတ်၊ ဒေါသစိတ် လုံးဝ ကင်းတဲ့နှလုံးသားဟာ မငို တတ်တဲ့ နှလုံးသားပါ။ မငိုတတ်တဲ့ နှလုံးသားပိုင်ရှင်ဟာ ဘယ်တော့မှ မျက်ရည်မကျတော့ပါဘူး။

ဝိပဿနာအလုပ်ကို စွဲစွဲမြဲမြဲ အားထုတ်နေရင် အနာဂါမ် မဖြစ်သေးဘူးပဲထားဦး . . .၊ ပုထုဇဉ်ဘဝနဲ့မှာကိုပဲ စိတ်ဓာတ်တွေ ရင့်ကျက်ပြီး ကြုံတွေ့လာတဲ့ အခြေအနေကို အဆင်ပြေသလို စိတ်ချမ်းသာအောင်၊ ကုသိုလ်ဖြစ်အောင် မှန်မှန်ကန်ကန် နှလုံးသွင်းတတ်သွားတဲ့အတွက် မငိုတတ်တဲ့ မျက်ရည်မဲ့နှလုံးသားပိုင်ရှင် ဖြစ်လာနိုင်ပါတယ်။ တချို့ကိစ္စတွေဆို အထူးတလည် နှလုံးသွင်းနေ

http://www.dhammadownload.com

စရာတောင် မလိုဘဲ အလိုလို ကျော်လွှားနိုင်ပြီး လုံးဝ မျက်ရည် ကင်းမဲ့နေနိုင်ပါတယ်။

ဝိပဿနာအလုပ်ဆိုလို့လည်း ဘုရားရှေ့မှာ တင်ပျဉ်ခွေထိုင်၊ မျက်စိမှိတ်ပြီး မလှုပ်မယှက်နဲ့ တစ်နာရီ၊ နှစ်နာရီထိုင်နိုင်မှ လုပ်လို့ရတဲ့ အလုပ်လို့ သွားမယူဆလိုက်နဲ့ဦးနော်။ ဝိပဿနာ အလုပ်ဆိုတာ အဲလိုကြီး ထိုင်နိုင်မှ လုပ်လို့ရတဲ့အလုပ် မဟုတ်ပါဘူး။ သွားသွား၊ ရပ်ရပ်၊ ထိုင်ထိုင်၊ လျောင်းလျောင်း၊ ခန္ဓာကိုယ်ရဲ့ ဘယ်အနေအထားမျိုးမှာမဆို လုပ်လို့ရပါတယ်။

အရှုခံအာရုံကလည်း ဘယ်ဟာကိုမှရယ်လို့ မူသေ ကန့်သတ်ချက် မရှိပါဘူး။ အဆင်ပြေတဲ့အာရုံကို ရှုလို့ရပါတယ်။ ဝင်လေထွက်လေ အဆင်ပြေရင် ဝင်လေထွက်လေကို အာရုံထားပြီးရှု၊ တခြား ကိုယ်နှုတ်စိတ်အမူအရာ အဆင်ပြေရင် ထင်ရှားရာ ကိုယ်နှုတ်စိတ်အမူအရာကို အာရုံထားပြီးရှု၊ အဆင်ပြေသလို ရှုနိုင်ပါတယ်။

ဝင်လေထွက်လေကို အာရုံထားပြီး ရှုတဲ့ ဝိပဿနာကို အာနာပါနဝိပဿနာလို့ ခေါ်ပါတယ်။ ထင်ရှားရာ ကိုယ်နှုတ်စိတ်အမူအရာကို အာရုံထားပြီးရှုတဲ့ ဝိပဿနာကို သမ္ဗဇညဝိပဿနာလို့ ခေါ်ပါတယ်။

အာနာပါနဝိပဿနာနဲ့ပတ်သက်ပြီး အကျဉ်းချုပ် ပြောရမယ်ဆိုရင်တော့ ဝင်လေကို အာန၊ ထွက်လေကို အပါနလို့ခေါ်တာမို့ ဝင်လေထွက်လေကို ရှုမှတ်ရတဲ့ကမ္မဋ္ဌာန်းကို အာနာပါန ကမ္မ-ဋ္ဌာန်းလို့ ခေါ်ပါတယ်။

http://www.dhammadownload.com

ဝင်လေထွက်လေဟာ ကိုယ်သတိပြုသည်ဖြစ်စေ၊ ကိုယ်သတိမပြုသည်ဖြစ်စေ၊ ကိုယ်သိသည်ဖြစ်စေ၊ ကိုယ်မသိသည်ဖြစ်စေ အမြဲ ထင်ရှားရှိနေပါတယ်။ အသက်ရှင်နေတဲ့ လူတစ်ယောက်အတွက် ဝင်လေထွက်လေ ရပ်ဆိုင်းနေတဲ့အချိန်ရယ်လို့ မရှိပါဘူး။ အိပ်ပျော်နေတဲ့အချိန်မှာတောင် အဆက်မပြတ်ရှိနေပါတယ်။

အသက်မရှူတဲ့ပုဂ္ဂိုလ်ခုနစ်ဦး ရှိပါတယ်။ အမိဝမ်းမှာ ပဋိသန္ဓေနေသူ၊ ရေနစ်နေသူ၊ မေ့မျောနေသူ၊ သေသူ၊ စတုတ္ထဈာန်ဝင်စားနေသူ၊ ရူပဘဝ အရူပဘဝရောက်နေသူ၊ နိရောဓသမာပတ်ဝင်စားနေသူ၊ ဒီပုဂ္ဂိုလ် ခုနစ်ဦးကတော့ ဝင်လေထွက်လေ မရှိပါဘူး။ သူတို့ကိုတော့ ခြွင်းချက်အနေနဲ့ ချန်လှပ်ထားလိုက်ပါ။

ဝင်လေပြန်မထွက်တော့တဲ့အချိန်၊ ထွက်လေပြန်မဝင်တော့တဲ့ အချိန်ဟာ သေတဲ့အချိန်ပါပဲ။ ဒါ့ကြောင့် ရုပ်နာမ်ခန္ဓာအဆက်မပြတ် ရှင်သန်နေမှုမှာ ဝင်လေထွက်လေက အဓိကပဓာန ကျပါတယ်။ ဝင်သက်ထွက်သက်ဆိုတဲ့အတိုင်း ဘဝတစ်ခုရဲ့အသက်ဟာ ဝင်လေထွက်လေဖြစ်လို့ ဝင်လေထွက်လေကို သတိကပ် ရှုမှတ်ရတဲ့ အာနာပါနကမ္မဋ္ဌာန်းဟာလည်း ဝိပဿနာယောဂီတိုင်းရဲ့ 'အသက်သွေးကြောကမ္မဋ္ဌာန်းကြီး' ဖြစ်ပါတယ်။

ဝင်လေထွက်လေနဲ့ပတ်သက်တဲ့ ရုပ်နာမ်ရဲ့ သဘောသဘာဝတွေကို ပိုင်နိုင်သွားရင် ကျန်တဲ့ရုပ်နာမ်အားလုံးရဲ့ သဘောသဘာဝတွေကိုပါ ပိုင်နိုင်သွားတာမို့ အာနာပါနကမ္မဋ္ဌာန်းကို 'အညာကိုင်ကမ္မဋ္ဌာန်း' လို့လည်း ခေါ်နိုင်ပါတယ်။

အိပ်ချိန်၊ နိုးချိန်၊ အချိန်တိုင်းမှာ ထင်ရှားရှိနေတဲ့အတွက်

http://www.dhammadownload.com

ရှုမှတ်ရတာလည်း လွယ်ကူ၊ မရပ်မနားလည်း အဆက်မပြတ် ရှုမှတ်နိုင်တာကြောင့် အာနာပါနကမ္မဋ္ဌာန်းကို ပင်တိုင်ကမ္မဋ္ဌာန်း အဖြစ် သတ်မှတ်ပြီး အားထုတ်တာဟာ လူအများစုအတွက် အသင့်တော်ဆုံးပါပဲ။

အာနာပါနကမ္မဋ္ဌာန်းကို မသိနားမလည်သူတွေက သမထ ကမ္မဋ္ဌာန်းလို့ ထင်မှတ်စွပ်စွဲကြပါတယ်။ သူတို့ထင်မှတ်စွပ်စွဲသလို မဟုတ်ပါဘူး။ အာနာပါနကမ္မဋ္ဌာန်းဟာ သမထ၊ ဝိပဿနာ စွယ်စုံရတဲ့ ကမ္မဋ္ဌာန်းကြီးပါ။ သမထလို့ရှုရင် သမထဖြစ်ပြီး၊ ဝိပဿနာလို့ရှုရင် ဝိပဿနာဖြစ်ပါတယ်။

ဝင်လေထွက်လေ လေကြောင်းနောက်ကို လိုက်ပြီး ပုံသဏ္ဌာန်နိမိတ်၊ အရိပ်အယောင်တွေကို ရှုနေရင် သမထဖြစ်ပါတယ်။ လေနောက်ကို မလိုက်ဘဲ နှာသီးဝ လေထိရာ တစ်နေရာတည်းကနေ ထိမှုသဘော၊ လှုပ်ရှားတွန်းကန်မှုသဘောကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး ထင်ရှားလာအောင် ရှုနေရင် ဝိပဿနာဖြစ်ပါတယ်။

အာနာပါနသတိသုတ္တန်မှာ မြတ်စွာဘုရားရှင်က အာနာပါနကို ရှုပွားရင် သတိပဋ္ဌာန်လေးပါးလုံးကို ရှုပွားပြီးသားဖြစ်တယ်။ သတိပဋ္ဌာန်လေးပါးရှုပွားရင် ဗောဇ္ဈင်ခုနစ်ပါးကိုလည်း ပွားများပြီးသားဖြစ်တယ်။ ဗောဇ္ဈင်ခုနစ်ပါး ပွားများရင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်တယ်လို့ မိန့်ကြားတော်မူပါတယ်။ အာနာပါနကမ္မဋ္ဌာန်းနဲ့ ရဟန္တာအထိ ဖြစ်နိုင်တယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

သုတ္တန်တစ်ခုမှာဆိုရင် အာနာပါနရှုပွားတဲ့သူဟာ တစ်ထိုင်တည်းနဲ့တောင် ရဟန္တာအထိဖြစ်နိုင်တယ်လို့ မိန့်ကြားတော်မူထားပါတယ်။

ဒါ့ကြောင့် အာနာပါနကမ္မဋ္ဌာန်းကို နိဗ္ဗာန်သွားတဲ့ဖြတ်လမ်း၊ နိဗ္ဗာန်သွားတဲ့လမ်းတိုလို့ ရှေးသူဟောင်းတွေက မိန့်ဆိုတော်မူကြပါတယ်။ ဆရာတော်ကြီးတစ်ပါးကဆို အာနာပါနကမ္မဋ္ဌာန်းကို 'သက်ဦးဆံပိုင်ကမ္မဋ္ဌာန်း' လို့တောင် တခမ်းတနား ချီးမွမ်းဂုဏ်တင်တော်မူခဲ့ပါတယ်။

အာနာပါနကမ္မဋ္ဌာန်းဟာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့ လက်သုံးကမ္မဋ္ဌာန်းကြီး ဖြစ်ပါတယ်။ ဘုရားရှင်တိုင်း၊ ဘုရားရှင်တိုင်းဟာ အာနာပါနကမ္မဋ္ဌာန်းကိုပဲ ပင်တိုင်ကမ္မဋ္ဌာန်းအဖြစ် ရှုပွားရင်းနဲ့ ဘုရားဖြစ်တော်မူကြပါတယ်။ တခြားကမ္မဋ္ဌာန်းနဲ့ ဘုရားဖြစ်တဲ့ ဘုရားရယ်လို့ တစ်ဆူမှ မရှိပါဘူး။ ရှေးကလည်း ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ အခုလည်း လုံးဝမရှိပါဘူး။ နောင်လည်း ဘယ်တော့မှ ရှိမှာ မဟုတ်ပါဘူး။ ဒီအချက်ကိုက အာနာပါနကမ္မဋ္ဌာန်းဟာ ဘယ်လောက်ကြီးကျယ် မြင့်မြတ်တယ်၊ ဘယ်လောက် ထိပ်တန်းအကျဆုံးဖြစ်တယ် ဆိုတာကို ဖော်ပြနေပါတယ်။

ရှုမှတ်နည်းကတော့ နှာသီးဝလေထိတဲ့နေရာမှာ သတိကို (စိတ်ကို) ကပ်ထားပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်တယ်' လို့ ရှုမှတ်ရုံပါပဲ။

လေဝင်သွားတဲ့အခါမှာ နှာသီးဝကို ထိပြီး ဝင်သွားပါတယ်။ ထိတဲ့နေရာလေးမှာ သတိကို (စိတ်ကို) ကပ်ထားပြီး 'ဝင်

http://www.dhammadownload.com

တယ်’ လို့ ရှုမှတ်ရပါမယ်။ အတွင်းဝင်သွားတဲ့ လေကြောင်းနောက် စိတ်မလိုက်ရပါဘူး။ လိုက်ရင် အတွင်းပျံ့လွင့်မှု ဖြစ်ပါတယ်။

လေထွက်သွားတဲ့အခါမှာ နှာသီးဝကိုထိပြီး ထွက်သွားပါတယ်။ ထိတဲ့နေရာလေးမှာ သတိကို(စိတ်ကို)ကပ်ထားပြီး ‘ထိတယ်’လို့ ရှုမှတ်ရပါမယ်။ အပြင်ထွက်သွားတဲ့ လေကြောင်းနောက် စိတ်မလိုက်ရပါဘူး။ လိုက်ရင် အပြင်ပျံ့လွင့်မှု ဖြစ်ပါတယ်။

‘ဝင်လေဝင်တိုင်းထိ၊ ထိတိုင်းသိ၊ ထွက်လေထွက်တိုင်းထိ၊ ထွက်တိုင်းသိ၊ ဒါဆိုရင် အကုန်လုံးကိစ္စပြီးပါတယ်’ ဆိုတဲ့ ဝေဘူဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားတော်မူချက်ကို ဦးထိပ်ပန်ဆင်ပြီး အမြဲတမ်း တထိတည်းထိနေတာကို တသိတည်းသိနေအောင် ရှုမှတ်ကြရပါမယ်။

ဝင်ထိ၊ ထွက်ထိ ထိသဘောလေးကို နှစ်ဆယ့်လေးနာရီ တစ်စပ်တည်းရအောင်များ အားထုတ်နိုင်ခဲ့ရင်တော့ သိသိသာသာ ထူးခြားလာပါလိမ့်မယ်။ ရိပ်သာပြင်ပမှာနေတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အဲဒီလောက်အထိ မစွမ်းနိုင်ရင်တောင် ငါးမိနစ်ရရင် ငါးမိနစ်၊ ဆယ်မိနစ်ရရင် ဆယ်မိနစ် တစ်စပ်တည်းရအောင် လုပ်ကြည့်ရင် သိသာလာပါလိမ့်မယ်။

ထူးခြားတဲ့ စိတ်တည်ငြိမ်အေးချမ်းမှု၊ စိတ်ဓာတ်ခိုင်မာမှု၊ စိတ်နေစိတ်ထား ကြီးကျယ်မြင့်မြတ်မှုများနဲ့အတူ မရေမတွက်နိုင်တဲ့ လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာတွေကို အံ့သြဖွယ်ရာ ကိုယ်တိုင်တွေ့ကြုံခံစားလာရပါလိမ့်မယ်။

အာနာပါနကမ္မဋ္ဌာန်းဟာ အခုရှု အခုချမ်းသာ၊ အခု ငြိမ်း

http://www.dhammadownload.com

အေး၊ အမြန်ဆုံးသိသာတဲ့ ကမ္မဋ္ဌာန်းပါ။

အာနာပါနကမ္မဋ္ဌာန်းဟာ ထိုင်ချိန်မှာသာ အားထုတ်နိုင်တာ မဟုတ်ပါဘူး။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ ပြောရင်းဆိုရင်း၊ စားရင်းသောက်ရင်းလည်း အားထုတ်နိုင်ပါတယ်။ တစ်ချိန်တည်း အလုပ်နှစ်ခုပြီးတဲ့ ကမ္မဋ္ဌာန်းပါ။ အချိန်လည်းမကုန်၊ လူလည်း မပန်း၊ ငွေလည်း မထွက်၊ အင်မတန် တွက်ခြေကိုက်တဲ့ ကမ္မဋ္ဌာန်းပါ။

ဝိပဿနာကုသိုလ်ကို အလွယ်တကူ ရယူနိုင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူ ဆိုက်ရောက်စေနိုင်တာဟာ အာနာပါနကမ္မဋ္ဌာန်းပါပဲ။

■

http://www.dhammadownload.com

## မျက်ရည်မကျချင်ရင် အချိန်တိုင်း သတိရပါ

သမ္မဇညဝိပဿနာနဲ့ ပတ်သက်ပြီး အကျဉ်းချုပ်ပြောရမယ်ဆိုရင်တော့ မြတ်စွာဘုရားရှင်ရဲ့ ဝိပဿနာလမ်းစဉ်ဟာ သတိပြဋ္ဌာန်းပြီး၊ သတိဦးဆောင်ပြီးလုပ်ရတဲ့ အလုပ်ဖြစ်လို့ သတိပဋ္ဌာန်ကျင့်စဉ်လို့လည်း ခေါ်ပါတယ်။ သတိပဋ္ဌာန်တရားဟာ အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ကျင့်ကြံအားထုတ်လို့ ရပါတယ်။

ဝိပဿနာ ရှုရမယ့်တရား၊ ရှုပုံရှုနည်းနဲ့ ရှုရမယ့်အချိန်၊ နေရာတွေကို အတိုဆုံးနဲ့ အပြည့်စုံဆုံး ဖော်ပြနိုင်အောင် ခုလိုဆောင်ပုဒ်နှစ်ခု စီထားပါတယ်။

ဖြစ်ခိုက်ရုပ်နာမ်၊
ဖြစ်တိုင်းဟန်၊
ကောန်မှတ်သိမှု။

http://www.dhammadownload.com

အလုပ်, နေရာ၊

ဣရိယာ၊

ချိန်ခါမရွေးရှု။

'ဖြစ်ခိုက်ရုပ်နာမ်' ဆိုတဲ့စကားနဲ့ ဝိပဿနာရှုရမယ့်တရားကို ဖော်ပြပါတယ်။ ရုပ်တရား၊ နာမ်တရား(ကိုယ်အမူအရာနဲ့ စိတ်အမူအရာ) ကို ဝိပဿနာရှုကြရပါမယ်။ ရုပ်ထင်ရှားရင်ရုပ်၊ နာမ်ထင်ရှားရင်နာမ်၊ အထင်ရှားဆုံးတစ်ခုကို ရှုကြရပါမယ်။

ရုပ်သက်သက်ပဲ ရှုမယ်လို့ နှလုံးသွင်းပြီး ရုပ်ကိုချည်း မရှုရပါဘူး။ နာမ်သက်သက်ပဲ ရှုမယ်လို့ နှလုံးသွင်းပြီး နာမ်ကိုချည်း မရှုရပါဘူး။ ဘာလို့လဲဆိုတော့ ရုပ်သက်သက်ရှုရုံ နာမ်သက်သက်ရှုရုံနဲ့ တရားမရနိုင်၊ မဂ်မကျနိုင်လို့ပါပဲ။

ဒါပေမဲ့ ရုပ်နှစ်ခုသုံးခု၊ နာမ်နှစ်ခုသုံးခု စသည်တို့ကို တစ်ပြိုင်နက်၊ တစ်ပေါင်းတည်း ရှုဖို့တော့မလိုပါဘူး။ ထင်ရှားတဲ့ ရုပ်နာမ်တစ်ခုခုကို ရှုမှတ်ပြီးသိရင် တစ်ပြိုင်နက်ဖြစ်တဲ့ ရုပ်နာမ်တွေကို ရှုခြင်းကိစ္စ၊ သိခြင်းကိစ္စလည်း အလိုလို ပြီးစီးသွားပါတယ်။

ရှုတဲ့ရုပ်နာမ်ကလည်း ဖြစ်ပြီးခဲ့တဲ့ အတိတ်ရုပ်နာမ်၊ မဖြစ်သေးတဲ့ အနာဂတ်ရုပ်နာမ် မဟုတ်ရပါဘူး။ 'ဖြစ်ခိုက်ရုပ်နာမ်' ဆိုတဲ့အတိုင်း လောလောဆယ်ဖြစ်နေဆဲ ပစ္စုပ္ပန်ရုပ်နာမ်ကိုသာ ရှုရပါမယ်။

အတိတ်ရုပ်နာမ်ကလည်း ဖြစ်ပြီးသွားလို့ မရှိတော့ပါဘူး။ အနာဂတ်ရုပ်နာမ်ကလည်း မဖြစ်သေးလို့ မရှိသေးပါဘူး။ မရှိတဲ့ ရုပ် နာမ်ကို ရှုနေလို့ ဝိပဿနာဉာဏ်အစစ် မဖြစ်နိုင်ပါဘူး။ 'ဘူတံ

http://www.dhammadownload.com

ဘူတတော ပဿတိ' ဆိုတဲ့အတိုင်း လောလောဆယ် ထင်ရှားရှိနေဆဲ ဖြစ်ခိုက်ရုပ်နာမ်၊ ပစ္စုပ္ပန်ရုပ်နာမ်ကို ရှုမှသာ ဝိပဿနာဉာဏ် အစစ် ဖြစ်နိုင်ပါတယ်။

'ဖြစ်တိုင်းဟန်' ဆိုတဲ့စကားနဲ့ ဝိပဿနာရှုပုံရှုနည်းကို ဖော်ပြပါတယ်။ ဝိပဿနာရှုတယ်ဆိုတာ ပါဠိစကားလုံးတွေ၊ အဘိဓမ္မာစကားလုံးတွေ၊ စိတ်စေတသိက်သရုပ်တွေ၊ ရုပ်သရုပ်တွေကို အထူးအထွေ ကျက်မှတ်ပြီး အဲဒီအတိုင်း လိုက်ရှုရမှာ မဟုတ်ပါဘူး။ အဲဒီလို ကျက်မှတ်ပြီး ရှုနေရင် သုတမယဉာဏ် (တစ်ဆင့်ကြားအသိ)၊ စိန္တာမယဉာဏ် (ကြံတွေးအသိ)ပဲ ဖြစ်နိုင်ပါတယ်။ ဘာဝနာမယဉာဏ် (ကိုယ်တွေ့အသိ၊ မျက်မှောက်အသိ) မဖြစ်နိုင်ပါဘူး။

လောလောဆယ်ဖြစ်နေတဲ့ ကိုယ်အမူအရာ(ရုပ်)၊ စိတ်အမူအရာ(နာမ်)ကို ဖြစ်နေတဲ့အတိုင်းလေး ရိုးရိုးရှင်းရှင်း ရှုမှတ်ရပါမယ်။

ဥပမာ - ကိုယ်အမူအရာ(ရုပ်)အနေနဲ့ သွားရင် 'သွားတယ်'၊ ရပ်ရင် 'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင် 'လျောင်းတယ်'၊ ကွေးရင် 'ကွေးတယ်'၊ ဆန့်ရင် 'ဆန့်တယ်' လို့ ရှုမှတ်ရပါမယ်။ 'ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ' စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။

စိတ်အမူအရာ(နာမ်)အနေနဲ့ လိုချင်ရင် 'လိုချင်တယ်'၊ တပ်မက်ရင် 'တပ်မက်တယ်'၊ စိတ်ဆိုးရင် 'စိတ်ဆိုးတယ်'၊ တွေးရင် 'တွေးတယ်'၊ ပျင်းရင် 'ပျင်းတယ်' လို့ ရှုမှတ်ရပါမယ်။ 'သရာဂံ

http://www.dhammadownload.com

ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ' စသည်အားဖြင့် မြတ်စွာဘုရား တိုက်ရိုက်ဟောကြားထားတဲ့ ရှုမှတ်နည်းပါပဲ။ နေ့စဉ်သုံးစွဲနေကျ၊ အမြဲခေါ်ဝေါ်နေကျ စကားလုံးအတိုင်း ရှုမှတ်ရပါမယ်။

ဆောင်ပုဒ်ထဲမှာပါတဲ့ 'အလုပ်' ဆိုတာ အလုပ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အလုပ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်အလုပ်လုပ်နေရလို့ ဝိပဿနာ မရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

ချက်ပြုတ်တဲ့ စားသောက်တဲ့အလုပ်၊ ဖွပ်လျှော်တဲ့ ဝတ်ဆင်တဲ့ အလုပ်၊ ပြောဆိုတဲ့ နားထောင်တဲ့အလုပ်၊ ရေးရောင်းတဲ့ ကားမောင်းတဲ့ အလုပ်၊ ကိုင်တွယ်တဲ့ ထုနှက်တဲ့အလုပ်၊ ဘာအလုပ်ပဲလုပ်လုပ် သတိထည့်ပြီးလုပ်ရင် ဝိပဿနာဖြစ်ပါတယ်။

သတိထည့်ပုံကလည်း မခက်ပါဘူး။ 'ဖြစ်တိုင်းဟန်' ဆိုတဲ့ အတိုင်း ကိုယ်လုပ်နေတဲ့အလုပ်ကို လုပ်နေတဲ့အတိုင်းလေး မှတ်လိုက်၊ သိလိုက်ဖို့ပါပဲ။ ဥပမာ - ထမင်းလုတ်ဝါးရင် 'ဝါးတယ်'၊ ရေသောက်ရင် 'သောက်တယ်'၊ လုံချည်ပြင်ဝတ်ရင် 'ဝတ်တယ်' စသည်အားဖြင့်ပေါ့။

'နေရာ' ဆိုတာက နေရာမရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ နေရာမရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်နေရာရောက်နေလို့ ဝိပဿနာမရှုနိုင်ဘူး ဆိုတာ မရှိစေရပါဘူး။

ဘတ်စ်ကားပေါ်မှာ၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ၊ ရုံးခန်းထဲမှာ၊ ဈေးထဲမှာ၊ ဧည့်ခံပွဲ ပရိသတ်ထဲမှာ ဘယ်နေရာမှာပဲ

http://www.dhammadownload.com

ဖြစ်ဖြစ် သတိထည့်ပြီးနေရင် ဝိပဿနာဖြစ်ပါတယ်။

ဝိပဿနာတရားဆိုတာ ဘုရားခန်းလို တင့်တယ်တဲ့ နေရာမျိုးမှာမှ ရှုမှတ်လို့ရတာ မဟုတ်ပါဘူး။ အိမ်သာလို မတင့်တယ်တဲ့၊ ညစ်ပတ်နံစော်တဲ့နေရာမျိုးမှာလည်း ရှုမှတ်လို့ရပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် 'ဉစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ = ကျင်ကြီး ကျင်ငယ်စွန့်ရင်းလည်း သတိ၊ ပညာနဲ့ စွန့်ပါ' လို့ တိုက်ရိုက်ဟောတော်မူပြီးသားပါ။

အိမ်သာတက်တတ်ရင် အိမ်သာတက်ရင်း ကုသိုလ်ရပါတယ်။ စွန့်ချင်ရင် 'စွန့်ချင်တယ်'၊ စွန့်ရင် 'စွန့်တယ်'၊ နံရင် 'နံတယ်'၊ ဗိုက်နာရင် 'နာတယ်' လို့ မှတ်သိနေရုံပါပဲ။

လွယ်သလောက် ခရီးရောက်တာ သတိပဋ္ဌာန်ပါ။ ယူတတ်ရင် ကုသိုလ်က နေရာတိုင်းမှာ ရနိုင်ပါတယ်။ အိမ်သာတက်ရင်းနဲ့တောင် ဝိပဿနာကုသိုလ် ယူနိုင်တယ် ဆိုမှတော့ တခြားနေရာဆို မပြောနဲ့တော့။

'ဣရိယာ' ဆိုတာ ဣရိယာပုတ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ ဣရိယာပုတ်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်ဣရိယာပုတ်ဖြစ်နေလို့ ဝိပဿနာ မရှုနိုင်ဘူးဆိုတာ မရှိစေရပါဘူး။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်းလို့ ဣရိယာပုတ် လေးပါးရှိတယ်ဆိုတော့ သွားရင် 'သွားတယ်'၊ ရပ်ရင် 'ရပ်တယ်'၊ ထိုင်ရင် 'ထိုင်တယ်'၊ လျောင်းရင် 'လျောင်းတယ်' လို့ ရှုမှတ်နေရုံပါပဲ။ လွယ်လိုက်တာ မပြောပါနဲ့တော့။ ခွံ့ပေးတဲ့ ထမင်း

http://www.dhammadownload.com

လုတ် ဝါးရတာလောက်တောင် မခက်ပါဘူး။

'ချိန်ခါမရွေးရှု' ဆိုတာကတော့ ရှင်းပါတယ်။ အချိန်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ သတိပဋ္ဌာန် ဝိပဿနာတရားဟာ အချိန်မရွေး ရှုမှတ်လို့ရတဲ့ တရားပါ။ ဘယ်အချိန်ဖြစ်နေလို့ ဝိပ-ဿနာမရှုနိုင်ဘူး ဆိုတာ မရှိစေရပါဘူး။ မနက်အိပ်ရာနိုးတဲ့အချိန်ကစပြီး ညအိပ်ရာဝင် အိပ်ပျော်သွားတဲ့အချိန်အထိ အချိန်တိုင်းမှာ သတိကပ်ထားရင် ဝိပဿနာ ဖြစ်ပါတယ်။

အိပ်ရာနိုးတဲ့အချိန်မှာ 'နိုးတယ်' လို့ရှုမှတ်ပြီး တစ်နေ့တာ အချိန်ကို စတင်လိုက်ပါ။ အဲဒီနောက် တစ်နေ့တာလုံး မြင်တဲ့အချိန်မှာ 'မြင်တယ်'၊ ကြားတဲ့အချိန်မှာ 'ကြားတယ်'၊ နံတဲ့အချိန်မှာ 'နံတယ်'၊ မွှေးတဲ့အချိန်မှာ 'မွှေးတယ်'၊ စားတဲ့အချိန်မှာ 'စားတယ်'၊ ထိတဲ့အချိန်မှာ 'ထိတယ်'၊ သိတဲ့အချိန်မှာ'သိတယ်'လို့ ရှုမှတ်ပြီး တစ်နေ့တာအချိန်တွေကို ဖြတ်သန်းလွန်မြောက်ပါ။ ညအိပ်ရာဝင်တဲ့အချိန်ကျတော့ 'အိပ်တယ်' လို့ ရှုမှတ်ရင်း တစ်နေ့တာအချိန်ကို အဆုံးသတ်လိုက်ပါ။

အဲဒီလို ဝိပဿနာအလုပ်ကို အချိန်ဆက်နိုင်သမျှဆက်အောင် အမြဲမပြတ် ကြိုးပမ်းအားထုတ်သွားမယ်ဆိုရင် ပုထုဇဉ်ဘဝနဲ့ ရှိနေသေးတယ်ပဲထားဦး၊ ဝိပဿနာရဲ့ တန်ခိုးကြောင့် စိတ်ဓာတ်ရင့်ကျက်နေတဲ့အတွက် ဝမ်းသာစရာနဲ့ပဲ ကြုံကြုံ၊ ဝမ်းနည်းစရာနဲ့ပဲ ကြုံကြုံ၊ အလွယ်တကူနဲ့ မျက်ရည်မကျတော့ပါဘူး။ အကောင်းအဆိုး လောကဓံအားလုံးကို အပြုံးမပျက် ခံနိုင်ရည်ရှိသွားပါတယ်။

http://www.dhammadownload.com

## အပ္ပမာဒေန သမ္ပာဒေထ

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် မလွှဲမရှောင်သာလို့ မျက်ရည်ကျခဲ့ရင် အဲဒီမျက်ရည်ကို ဆေးပေါင်းခတဲ့မျက်ရည်ဖြစ်အောင် ဘုရားအဆုံးအမနဲ့အညီ ပြုပြင်နိုင်ကြပါစေ။

ဆေးပေါင်းခတဲ့မျက်ရည်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်စွမ်းအားနဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ်အလုပ်တွေကို အရှိန်အဟုန်ကောင်းကောင်း၊ အင်အားပါပါ၊ စွမ်းရည်ပြည့်ပြည့် ကြိုးစားအားထုတ်နိုင်ကြပါစေ။

အားထုတ်နိုင်ကြတဲ့အတိုင်းလည်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ၊ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေ လို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့

http://www.dhammadownload.com

တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။ အရေးအကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ် နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . . သာဓု . . . . သာဓု ပါဘုရား။



၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်၊ ရန်ကုန်မြို့ ရှစ်မိုင် သဒ္ဓမ္မရံသီရိပ်သာ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။




http://www.dhammadownload.com

■ နှင်တံလေးပြလိုက်ရုံနဲ့
အလုပ်လုပ်တဲ့မြင်း
နှင်တံလေးအမွေးပွတ်လိုက်ရုံနဲ့
အလုပ်လုပ်တဲ့မြင်းတွေဟာ
တကယ့်မြင်းလိမ္မာတွေပါ။
သူတစ်ပါးသေကြောင်းကြားရုံ
သူတစ်ပါးသေတာမြင်ရုံနဲ့
သံဝေဂစိတ်တွေဖြစ်ပြီး
တရားအလုပ်အားထုတ်တဲ့သူတွေဟာလည်း
တကယ့်သူတော်ကောင်းအာဇာနည်တွေပါ။

■ သေခြင်းတရားကို
တစ်ရက်အကွာအဝေးထားပြီး
မိတ်ဆွေဖွဲ့နိုင်တယ်ဆိုရင်ပဲ
တန်ဖိုးသိပ်ကြီးလှပါပြီ။
ဒီနေ့တစ်ရက်ပဲ
အသက်ရှင်သန်ခွင့်ရှိတယ်လို့
နက်နက်ရှိုင်းရှိုင်းသိမြင်နေရင်
အကာအလုပ်တွေအကုန်စွန့်ပြီး
အနှစ်အလုပ်တွေချည်းပဲ
အချိန်ပြည့်လုပ်ဖြစ်တော့မှာပါ။

http://www.dhammadownload.com



# သေခြင်းတရားသည် သူတော်ကောင်းတို့၏မိတ်ဆွေ

## သေတယ်ဆိုတာ ပျော်စရာ

သေခြင်းတရားသည် သူတော်ကောင်းတို့၏ မိတ်ဆွေလို့ ဆိုလိုက်တော့ သူ့ရဲ့ ဆန့်ကျင်ဘက်စကားရပ်က ဘယ်လို ထွက်လာလဲ။ သေခြင်းတရားသည် ဘယ်သူတို့ရဲ့ ဘာဖြစ်သွားလဲ။ သူတော်ကောင်းတို့ရဲ့ မိတ်ဆွေဆိုတော့ သူယုတ်မာတို့ရဲ့ ရန်သူဆိုတဲ့ ဆန့်ကျင်ဘက် အနက်အဓိပ္ပာယ် ထွက်လာတယ်နော်။

သေခြင်းတရားကို ရန်သူလို သဘောထားတဲ့ ပုဂ္ဂိုလ်များဟာ သူတော်ကောင်း မဟုတ်ကြဘူး။ သူယုတ်မာလို့တော့ နင့်နင့်သည်းသည်း မဆိုချင်ပါဘူး။ သူတော်ကောင်း မဟုတ်ဘူးလို့ပဲဆိုရင် လုံလောက်ပါပြီနော်။

သေခြင်းတရားကို ရန်သူကြီးတစ်ယောက်လို ကြောက်ရွံ့နေမယ်၊ ထိတ်လန့်နေမယ်၊ တုန်လှုပ်နေမယ်ဆိုရင် သူတော်

http://www.dhammadownload.com

ကောင်း မဟုတ်သေးဘူး။ သေခြင်းတရားကို ကြောက်တယ်ဆိုတာ သေခြင်းတရားအကြောင်း မစဉ်းစားချင်ဘူး၊ မတွေးချင်ဘူး၊ သေခြင်းတရားနဲ့ ပတ်သက်ပြီးတော့ မပြောချင်ဘူး။ ဒါဟာ သေခြင်းတရားကို ကြောက်နေတာပဲ။ အဲဒီလို သေခြင်းတရားကို ကြောက်တဲ့သူတွေ လောကမှာ အများကြီးရှိတယ်နော်။

သေမယ့်အကြောင်း ကိုယ်လည်း မတွေးချင်ဘူး။ သူများက ပြောရင်လည်း 'ဟဲ့ မပြောနဲ့ ကျက်သရေမရှိဘူး၊ ဟဲ့ နင့်ပါးစပ်ပုပ်ကြီး ရေဆေးလိုက်စမ်း' နဲ့ ဒီလို မပြောကြဘူးလား။

အဲဒါ သေခြင်းတရားကို မိတ်ဆွေလို သဘောထားတာလား၊ ရန်သူလို သဘောထားတာလား။ ရန်သူလို သဘောထားတာ။ ရန်သူလို သဘောထားရင်တော့ သူတော်ကောင်း စာရင်း မဝင်သေးဘူးလို့ မှတ်ရမှာပဲ။

သူတော်ကောင်းပုဂ္ဂိုလ်များကတော့ သေခြင်းတရားကို မိတ်ဆွေလို သဘောထားကြတယ်။ မိတ်ဆွေလို သဘောထားတယ်ဆိုတာ လောကမှာ ကိုယ့်အပေါ်မှာ အကျိုးများတဲ့၊ ကျေးဇူးများတဲ့ မိတ်ဆွေဆိုရင် အင်မတန် ချစ်ခင်တယ်။ မိမိအပေါ် ကျေးဇူးများတဲ့၊ မိမိက အင်မတန် ချစ်ခင်ရတဲ့ မိတ်ဆွေရဲ့ အကြောင်းကို အမြဲတမ်း စဉ်းစားပြီးတော့ နေချင်တယ်။ သူ့အကြောင်းလေး တွေးပြီးတော့ နေချင်တယ်။

သူနဲ့ ပတ်သက်တဲ့ ဂုဏ်သတင်းလေးတွေကို ကိုယ့်ရဲ့ နှုတ်စပ်ရာကို အမြဲတမ်းပဲ ပြောပြီးတော့နေချင်တယ်။ သူနဲ့လည်း တွေ့ဆုံချင်တယ်။ တွေ့ပြီးတော့ သူ့အပေါ်မှာ ကောင်းကျိုးဖြစ်မယ့်

http://www.dhammadownload.com

အပြောအဆို၊ အပြုအမူတွေကို ပြောဆိုပြုမူချင်တယ်။ အင်မတန် ချစ်တဲ့ မိတ်ဆွေတွေအပေါ်မှာ အဲဒီလို သဘောထားပါတယ်။

အဲဒီလိုပဲ သူတော်ကောင်းပုဂ္ဂိုလ်များဟာလည်း သေခြင်း တရားကို မိတ်ဆွေလို သဘောထားကြတယ်။ အင်မတန် ချစ်ခင် နှစ်သက်တဲ့ မိတ်ဆွေတစ်ယောက်လိုပဲ သေခြင်းတရားအကြောင်း ကို စိတ်ထဲက မကြာခဏ စဉ်းစားပြီးတော့ နေချင်တယ်။ သေခြင်း တရားအကြောင်း တွေးပြီးတော့ နေချင်တယ်။

သေခြင်းတရားနဲ့ ပတ်သက်တဲ့ စကားရပ်ကလေးတွေ လည်း ပြောဆိုပြီးတော့ နေချင်တယ်။ သေခြင်းတရားအကြောင်း ကို ပြောဆိုနေရ၊ စဉ်းစားကြံစည်နေရတာကို အင်မတန် ပျော် တယ်။ သူတော်ကောင်းပုဂ္ဂိုလ်များဟာ သေခြင်းတရားအကြောင်း တွေးရတာ၊ ပြောရတာ အင်မတန် ပျော်ကြပါတယ်။ ဒါကိုပဲ သာဓု ကီဠနလို့ ဆိုရတာပါ။

အခုသက်တော်ရှည် ဆရာတော်ဘုရားကြီးရဲ့ အန္တိမအဂ္ဂ ဈာပန ဖိတ်ကြားလွှာမှာ ဖတ်ကြည့်ရင် 'အန္တိမအဂ္ဂဈာပန' ဆိုတဲ့ စာလုံးရဲ့ ရှေ့မှာ ဘာတွေ့ရမလဲ။ သာဓုကီဠနဆိုတဲ့ စကားလုံး လေးငါးလုံး တွေ့ရဦးမယ်နော်။ သာဓုကီဠန အန္တိမအဂ္ဂဈာပန။ အန္တိမဆိုတာ ဘာတဲ့တုံး။

'.... .... ....'

ဈာပနကျင်းပရေး ကော်မတီဝင်များကတော့ ကိုယ်သုံး နှုန်းတဲ့ စကားလုံးလေးရဲ့အဓိပ္ပာယ် သိထားရမယ်နော်။ အန္တိမ ဆိုတာ နောက်ဆုံး၊ အဂ္ဂဆိုတာမီး၊ ဈာပနဆိုတာ ရှို့တာနော်။

http://www.dhammadownload.com

အန္တိမ အဂ္ဂိ ဈာပနဆိုတာ နောက်ဆုံး မီးရှို့တာပေါ့။

အဲဒီနောက်ဆုံး မီးရှို့တာဟာ ဘယ်လိုသဘောမျိုးရှိသလဲ ဆိုတော့ ရှေ့က ဝိသေသနလေး တပ်လိုက်တယ်။ သာဓုကီဠနတဲ့။ ဘာလဲ သာဓုကီဠန။

'.... .... ....'

တရားသေချာနားမထောင်လို့ဖြစ်လိမ့်မယ်၊ ခုနပြောတဲ့ ထဲမှာ အဓိပ္ပာယ်တော့ ပါသွားပြီးသားပါ။ သာဓုကီဠန။ သာဓု ဆိုတာ သူတော်ကောင်း၊ ကီဠနဆိုတာ ကစားတာ၊ မြူးထူးတာ၊ ပျော်ပါးတာ၊ ပျော်ရွှင်တာ။ သာဓုကီဠနဆိုတော့ သူတော်ကောင်း တွေ မြူးထူးပျော်ပါး ကစားကြတယ်၊ ပျော်ရွှင်ကြတယ်လို့ အဓိ- ပ္ပာယ်ရပါတယ်။ နောက်ဆုံး မီးရှို့တဲ့ပွဲဟာ သူတော်ကောင်းတွေ အတွက် ပျော်စရာကောင်းတဲ့ပွဲကြီး၊ သူတော်ကောင်းတွေ ပျော်ကြ တဲ့ပွဲ၊ ဒီလို အဓိပ္ပာယ်ရပါတယ်။

သူတော်ကောင်းတွေပျော်တယ်ဆိုတော့ သူများသေလို့ မီးရှို့တဲ့ပွဲ ဘယ့်နှယ်လုပ် ပျော်သလဲလို့တော့ တွေးစရာပဲနော်။ တချို့လူတွေက အရပ်ထဲမှာ ပြောမရဆိုမရတဲ့သူ၊ သုံးမရတဲ့သူ၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေးတဲ့သူ၊ ဆိုးသွမ်းမိုက်မဲနေတဲ့ သူတွေ သေသွားလို့ရှိရင် ဘယ်လိုပြောကြလဲ။ ဒီလူ သေသွားတာပဲ အေးတယ်၊ သူသေသွားတာ ဝမ်းသာတယ်နဲ့ တချို့စိတ်ကောင်း မရှိတဲ့သူတွေက သူတစ်ပါး သေသွားတာကြည့်ပြီး သဘောတွေ့ ကြ၊ ဝမ်းသာကြတယ်။ မရှိတတ်ဘူးလား။ အဲဒီလို ပျော်တာကို ပြောတာ မဟုတ်ဘူးနော်။

http://www.dhammadownload.com

သူတော်ကောင်းတွေ ပျော်တယ်ဆိုတာ သူတစ်ပါးရဲ့ ကြွင်းကျန်ရစ်တဲ့ ဥတုဇရုပ်ကလာပ်ကို မီးရှို့တဲ့ပွဲမှာ မီးမရှို့ခင်လည်းပဲ မီးရှို့ဖို့အတွက် ရည်ရွယ်ချက်နဲ့ ပြင်ဆင်ထားရှိတဲ့အချိန်တွေမှာ သူတော်ကောင်းများက ပျော်ကြတယ်။ မီးရှို့ဖို့ ရည်စူးထားတဲ့ ရုပ်ကလာပ်တော်ကို ကြည့်ပြီးတော့ သူတော်ကောင်းများက ပျော်ကြတယ်။ ဘယ်လိုပျော်တာလဲဆိုရင် သူတစ်ပါးခန္ဓာ ချုပ်ငြိမ်းသွားတာကို သဘောကျလို့ အသက်မရှင်တာကို ကြည့်ပြီး ပျော်တာ မဟုတ်ဘူး။

သူတစ်ပါးရဲ့ သေဆုံးသွားတာကို ကြည့်ပြီးတော့ ဩော် ငါလည်းတစ်နေ့ကျရင် သူ့လိုပဲ သေရမှာပဲ။ သေခြင်းတရားဆိုတာ ရှေ့မှာရှိတဲ့ ဆရာတော်ကြီးနဲ့သာ သက်ဆိုင်တာ မဟုတ်ဘူး၊ ငါတို့နဲ့လည်း သက်ဆိုင်တယ်။ ငါတို့လည်း တစ်နေ့မှာ ဧကန်မုချသေရမှာပဲ။ မသေခင်မှာ ဒါန၊ သီလ စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုထားမှဖြစ်မယ်။

ဘဝခန္ဓာ ဖြစ်နေဦးမယ်ဆိုရင်လည်း ဖြစ်ရာဘဝတိုင်း ဖြစ်ရာခန္ဓာတိုင်းမှာ သေကြရဦးမှာပါပဲ။ ဒီတော့ ဘဝဇာတ်၊ ခန္ဓာဇာတ် အမြစ်ပြတ်အောင် ဝိပဿနာအလုပ်ကို ရဟန္တာဖြစ်သည်အထိ၊ ဒီဘဝ ဒီခန္ဓာနဲ့ ပြီးဆုံးတဲ့အထိအောင် ငါ အားထုတ်မှဖြစ်မယ် စသည်အားဖြင့် မိမိဉာဏ်ရှိရင်ရှိသလို၊ ဉာဏ်ကျယ်ရင်ကျယ်သလို သူတစ်ပါး သေဆုံးပုံကို ကြည့်ပြီးတော့ သံဝေဂဉာဏ် ဖြစ်ရမှာပါ။

အဲဒီလို သူတစ်ပါး သေဆုံးတာကို ကြည့်ပြီးတော့ သေခြင်းတရားနဲ့ ပတ်သက်တဲ့ သံဝေဂဉာဏ်တွေဖြစ်အောင် ပွားများ

http://www.dhammadownload.com

ခြင်း၊ ဖြစ်ပေါ်လာတဲ့ သံဝေဂဉာဏ်၊ သံဝေဂစိတ်စွမ်းအားကို အခြေခံပြီးတော့ ဝိပဿနာအလုပ်နဲ့ ထိုဝိပဿနာအလုပ်ရဲ့ အခြေအရံဖြစ်တဲ့ ဒါန၊ သီလ၊ သမထအလုပ်တွေကို အားထုတ်တာကိုပဲ သာဓုကီဠနလို့ ပြောတာပါ။

အနီးကပ်ဆုံးအနေနဲ့ ပြောရရင်တော့ သေခြင်းတရားနဲ့ ပတ်သက်ပြီးတော့ မရဏာဿတိဘာဝနာပွားများခြင်းကို သာဓုကီဠန = သူတော်ကောင်းတို့ ပျော်ခြင်းလို့ ဒီလိုဆိုရတာပါ။

ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော် ဒီရှေ့မှာ ထားရှိတာဟာ ဒကာ၊ ဒကာမတွေအနေနဲ့ ဩော် ဒီတစ်ခါတော့ နောက်ဆုံးတွေ့ရခြင်းပဲ၊ နောက်ဆို တွေ့ရတော့မှာ မဟုတ်ဘူး။ မီးသင်္ဂြိုဟ်ပြီးသွားလို့ရှိရင် တွေ့ရမှာ မဟုတ်တော့ဘူး။ မီးမသင်္ဂြိုဟ်ခင်လေး ဝအောင် ကြည့်ထားမှပဲ၊ ဝအောင် ဖူးထားမှပဲ ဆိုပြီးတော့ အလွမ်းပြေ ဖူးဖို့ဆိုပြီး ထားရှိတာလည်း မဟုတ်ပါဘူး။ မခွဲနိုင်လို့၊ ရုပ်ကလာပ်တော်ကို မီးမရှို့နိုင်လို့ မီးမရှို့ရက်လို့ ထားရှိတာလည်း မဟုတ်ပါဘူး။

အမှန်ကတော့ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ကို ကြည့်ပြီးတော့ သေခြင်းတရားနဲ့ ပတ်သက်တဲ့ သံဝေဂဉာဏ်တွေ ရင့်သန်လာအောင် ပွားများဖို့အတွက် ထားရှိခြင်းဖြစ်ပါတယ်။ သက်တော်ရှည် ဆရာတော်ဘုရားကြီးကလည်း တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ရှေ့မျောက်စင်မြင့်ကနေ တရားနာပရိသတ်များကို အသံတိတ်တရား ဟောနေတာပါ။

အခု ဦးဇင်းတို့ ဘာတရားဟောနေတာလဲ။ အသံထွက်

http://www.dhammadownload.com

တရား ဟောနေတာ။ အခု ဦးဇင်းတို့ တရားဟောနေတာဟာ အသံထွက်တရား။ အသံထွက်တရားက တစ်နာရီခန့် တစ်နာရီ သာသာလောက်ပဲ ဟောရမှာ။ အသံတိတ်တရားက ဘယ်လောက် တောင် ဟောနေတာလဲ။ နာရီနဲ့အမျှ၊ မိနစ်နဲ့အမျှ၊ စက္ကန့်နဲ့အမျှ အချိန်တိုင်း ဟောနေတာ။ နာရောနာလိုက်ရလား။ နာလိုက်ရ တယ်။ ဘယ်နှမိနစ်လောက် နာလိုက်ရလဲ။

အခုဆို ဘယ်နှရက်ရှိပြီလဲ။ ခုနစ်ရက်ရှိပြီထင်တယ်နော်။ ခုနစ်ရက်တိုင်တိုင် နာရီမလပ်၊ မိနစ်မလပ်၊ စက္ကန့်မလပ် ကျေးဇူး တော်ရှင် သက်တော်ရှည်ဆရာတော်ဘုရားကြီးက အသံတိတ် တရား အချိန်ပြည့် ဟောနေတယ်။ အသံတိတ် ဟောတဲ့တရားကို အသံတိတ် နားထောင်ဖို့ လိုအပ်ပါတယ်။

အဲဒီလို နားထောင်ပြီးတော့ သေခြင်းတရားနဲ့ ပတ်သက် ပြီး မိမိဉာဏ်ရှိသလို၊ ဉာဏ်ကျယ်သလို စဉ်းစားနှလုံးသွင်းခြင်း၊ ဖြစ်ပေါ်လာတဲ့ သံဝေဂဉာဏ်ကို အခြေခံပြီးတော့ ဝိပဿနာ အလုပ် အားထုတ်ခြင်းသည်ပင်လျှင် သာဓုကီဠနပါပဲ။ ပညာရှိ သူတော်ကောင်းများကလည်းပဲ သူတစ်ပါးတို့ သေဆုံးကြတာကို ကြည့်ပြီးတော့ အဲဒီနည်းနဲ့ပဲ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ကြပါတယ်။

ဒီနေ့ထိ သုံးညတိုင်တိုင် တရားပွဲတွေ ကျင်းပပြီးတော့ တရားနာယူနေကြတယ်ဆိုတာလည်း ဘာလုပ်တာလဲ။ သာဓုကီဠန လုပ်ကြတာပါပဲ။ သူတော်ကောင်းတွေ ပျော်ကြတယ်။ သေ ခြင်းတရားနဲ့ ပတ်သက်တဲ့ တရားတော်တွေကို နာယူပြီးတော့ သေ

http://www.dhammadownload.com

ခြင်းတရားအကြောင်း ပွားများကြတယ်။ ကုသိုလ်တရား ပွားများအားထုတ်နည်းတွေကို နာယူကြတယ်။ တရားဘာဝနာတွေ အားထုတ်ကြတယ်။ ဒါဟာ သာခုကီဠနပါပဲ။

သာခုကီဠန ပီသအောင်ဆိုရင် အဲဒီလို မိမိရဲ့ နှလုံးသားကို ဓမ္မနဲ့ ထုံမွှမ်းပြီးတော့ ထားရမယ်။ မိမိရဲ့ နှလုံးသားကို သံဝေဂဉာဏ်၊ ဝိပဿနာဉာဏ် အပါအဝင် တရားဓမ္မများနဲ့ ထုံမွှမ်းပြီးတော့ ထားမှသာ သာခုကီဠနဖြစ်တာပါ။

အများအားဖြင့် ဘုန်းကြီးပျံပွဲဆိုလို့ရှိရင် ဗယင်ကျူးကြတယ်၊ ငိုချင်းတွေချကြတယ်။ ဗယင်ကျူးတယ်၊ ငိုချင်းချတယ် ဆိုတာ ငိုတာပဲပေါ့။ ငိုတယ်ဆိုတာ အဘိဓမ္မာသဘောနဲ့ ကြည့်လိုက်လို့ရှိရင် တရားကိုယ်ကောက်လိုက်တော့ ဘာစေတသိက်ရမလဲ။ 'ဒေါသ' စေတသိက်။ ဝမ်းနည်းတာတို့၊ ငိုတာတို့၊ လွမ်းတာတို့၊ ဆွေးတာတို့၊ တမ်းတနေတာတို့ ဒါတွေဟာ ဒေါသတွေချည်းပဲ။ ဆုတ်နစ်တဲ့ ဒေါသပေါ့။

ရှုံ့ရှုံ့ဒိုင်းဒိုင်းနဲ့ပေါက်ကွဲတဲ့ ဒေါသကတော့ ပြင်းထန်တဲ့ ဒေါသ၊ တက်ကြွတဲ့ဒေါသပေါ့။ ရင်ထဲမှာ ကြိတ်ဆွေးပြီးတော့ ဝမ်းနည်းနေတာ၊ ဝမ်းနည်းတာထိန်းချုပ်လို့ မရတော့ မျက်ရည်တွေကျပြီးတော့ ငိုတာ၊ ငိုတာ ရှုံ့ရှုံ့ငိုတာ အားမရလို့ လူးလှိမ့်ပြီးတော့ ငိုတာ၊ ဒါတွေဟာ ဒေါသတွေချည်းပါပဲ။ ဒေါသဆိုတာ ကုသိုလ်၊ အကုသိုလ်စာရင်းထဲ သွင်းလိုက်လို့ရှိရင် ဘယ်စာရင်းထဲ ပါမလဲ။ အကုသိုလ်စာရင်းထဲပါမယ်။

အကုသိုလ်စိတ်ဖြစ်နေခြင်းသည် သေဆုံးသွားသော၊ ဘဝ

http://www.dhammadownload.com

နတ်ထံပို့လွှန်တော်မူသွားသော မိမိတို့ရဲ့ ကျေးဇူးရှင်ဆရာတော် သမားတော်များကို ပူဇော်ရာရောက်မရောက်ဆိုတာ သေချာစဉ်းစားပါ။

ပူဇော်တယ်ဆိုတာ ကုသိုလ်စိတ်နဲ့သာ ပူဇော်လို့ ရတာပါ၊ အကုသိုလ်စိတ်နဲ့ ပူဇော်လို့ မရပါဘူး။ အကုသိုလ်စိတ်နဲ့ ပူဇော်တာကို ပူဇော်တယ်လို့ မခေါ်ပါဘူး။ 'ပူဇော်' ဆိုတဲ့ စကားလုံးလေးနှစ်လုံးဟာ ကောင်းတဲ့အလုပ်၊ ကုသိုလ်အလုပ်၊ တရားဓမ္မအလုပ်တွေနဲ့သာ သက်ဆိုင်ပါတယ်။ မကောင်းတဲ့အလုပ်၊ အကုသိုလ်အလုပ်၊ မတရားအဓမ္မအလုပ်တွေနဲ့ လုံးဝ မသက်ဆိုင်ပါဘူး။

ဒါကြောင့် သာဓုကီဠနပီသချင်တယ်ဆိုရင်တော့ မိမိရဲ့နှလုံးသားကို တရားဓမ္မနဲ့ ထုံမွှမ်းပြီးတော့ ပူဇော်ကြပါ။ ဒါဆိုရင် သာဓုကီဠန ဖြစ်ပါတယ်။ ပညာရှိ သူတော်ကောင်းများကတော့ ပုဂ္ဂိုလ်တစ်ယောက်ယောက် သေဆုံးသွားတာကို ကြည့်ပြီးတော့ သေခြင်းတရားနဲ့ ပတ်သက်ပြီး ဆင်ခြင်ပွားများကြတယ်။ သာဓုကီဠန လုပ်ကြတယ်။ ဘယ်လိုလုပ်ကြသလဲ။

■

http://www.dhammadownload.com



## ဘဝဆိုတာ မြေအိုးတစ်လုံး

သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရဏန္တံ ဟိ ဇီဝိတံ။

သတ္တဝါအားလုံးဟာ ဧကန်မုချ သေကြရမယ်၊ ဘာလို့လဲဆိုတော့ အသက်ရှင်သန်ခြင်းဟာ သေခြင်းတရားမှာ အဆုံးသတ်လို့ပါပဲ။

မသေချင်ပါဘူးဆိုလို့ မရဘူး။ ငါ့မှာ ပစ္စည်းဥစ္စာတွေချမ်းသာတယ်၊ သေမင်းကို လက်ဆောင်ထိုးပြီးတော့ မသေအောင်လုပ်မယ်ဆိုလို့လည်း မရပါဘူး။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ကောသလမင်းကြီး တစ်နေ့မှာ မြတ်စွာဘုရားထံမှောက် နေ့ခင်းကြောင်တောင်ကြီး ရောက်လာတယ်။ မြတ်စွာဘုရားရှင်က မေးတယ်။

'မင်းကြီး၊ နေ့ခင်းကြောင်တောင် ဘယ်ကနေ လာတာလဲ'

'မှန်လှပါ မြတ်စွာဘုရား၊ တပည့်တော်နန်းတော်ကပဲ လာ

http://www.dhammadownload.com

တာပါ။ ဒီကနေ့ပဲ ဘုရားတပည့်တော်ရဲ့ အဘွား၊ ဘုရားတပည့်တော် အင်မတန်ချစ်ခင်မြတ်နိုးတဲ့ အဘွား၊ အသက်(၁၂၀)ရှိပြီဖြစ်တဲ့ ဘုရားတပည့်တော်ရဲ့အဘွား ယနေ့ပဲ ကွယ်လွန်သွားပါတယ်။ အဲဒါ တပည့်တော်ရင်ထဲမှာ အင်မတန်ကို ခံစားနေရပါတယ်'

'ဒါကြောင့် အဖိုးတစ်သိန်း ထိုက်တန်တဲ့ မြင်း၊ သို့မဟုတ် ဆင်ကို အဖိုးတစ်သိန်းထိုက်တန်တဲ့ ကကြိုးရတနာတွေ တန်ဆာဆင်ပြီးတော့ သေမင်းကို အဲဒီဆင်ရတနာ၊ မြင်းရတနာ ပေးပြီးတော့ တပည့်တော်ရဲ့ အဘွားကို ပြန်လဲချင်ပါတယ်၊ ပြန်ယူချင်ပါတယ်။ ဒါမှမဟုတ်ရင်လည်းပဲ အခွန်ဘဏ္ဍာ တစ်သိန်းထွက်တဲ့ ရွာစားဆု၊ နယ်စားဆု ပေးပြီးတော့ သေမင်းရဲ့ လက်တွင်းကနေ ဘုရားတပည့်တော်ရဲ့ အဘွားကို ပြန်ယူချင်ပါတယ် မြတ်စွာဘုရား'

အင်မတန် ဝမ်းနည်းကြေကွဲစွာနဲ့ လျှောက်ထားပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားရှင်က . . . .

'မင်းကြီး၊ သတ္တဝါမှန်သမျှဟာ သေခြင်းတရားမှာပဲအဆုံးသတ်တယ်။ သတ္တဝါတို့ရဲ့ အသက်ရှင်ခြင်းဟာ သေခြင်းမှာပဲ အဆုံးရှိတယ်။ ဒါကြောင့် သတ္တဝါမှန်ရင် သေကြရမှာချည်းပဲ၊ သေခြင်းတရားကို မလွန်ဆန်နိုင်ကြဘူး'

အဲဒီလို မိန့်ကြားတော်မူပါတယ်။

စစ်သည်များပြား၊ သေမင်းအား၊

ချိန်းထားလက်ဆောင်မရှိပါ။

သေမင်းမှာအတွင်းစစ်သည်၊ အပြင်စစ်သည်လို့ စစ်သည်

http://www.dhammadownload.com

နှစ်မျိုးလုံး အင်မတန် များပြားတယ်။ အတွင်းစစ်သည်ဆိုတာက တော့ (၉၆)ပါးသော အနာရောဂါဝေဒနာတွေပါပဲ။ သေစေတတ်တဲ့ အနာရောဂါဝေဒနာတွေဟာ သေမင်းရဲ့အတွင်းစစ်သည်ပဲ။

အပြင်စစ်သည်ဆိုတာကတော့ မြွေကိုက်တာ၊ ကင်းကိုက်တာ၊ လေယာဉ်ပျက်ကျတာ၊ ကားမှောက်တာ၊ ခလုတ်တိုက်လဲတာ၊ သူများအရိုက်ခံရတာ စသည်အားဖြင့် သေစေတတ်တဲ့ ပြင်ပက အကြောင်းတရားတွေဟာ သေမင်းရဲ့ အပြင်စစ်သည်တွေ ဖြစ်ပါတယ်။ အတွင်းစစ်သည်ကလည်း အင်မတန် များပြားတယ်၊ အပြင်စစ်သည်ကလည်း အင်မတန် များပြားတယ်။

သေမင်းနဲ့ အချိန်းအချက် လုပ်ထားလို့လည်း မရဘူး။ ငါတော့ အလုပ်တွေ များနေလို့ကွယ်၊ နောက်အနှစ် (၅၀) ကျမှ ငါ့ကို လာခေါ်ပါ။ နောက်အနှစ် (၁၀၀) ကျမှ ငါ့ကို လာခေါ်ပါ။ ဒီလို ချိန်းထားလို့လည်း မရဘူး။ ဒီနေ့သေရမယ့်ပုဂ္ဂိုလ်ကလည်း ငါဒီနေ့အလုပ်တွေ မပြီးသေးလို့၊ သားတွေ သမီးတွေကို မှာစရာလေးတွေရှိသေးလို့ နေပါဦးကွယ်၊ မနက်ဖြန်မှပဲ လာခေါ်ပါ လို့ ဒီလိုလည်း ချိန်းထားလို့ မရဘူး။

သေမင်းကို လက်ဆောင်ပေးပြီးတော့လည်းပဲ၊ လာဘ်ပေးလာဘ်ယူသဘောမျိုး လုပ်ပြီးတော့လည်းပဲ မသေအောင်လုပ်လို့ မရဘူး။ ကျွန်ုပ် ဘယ်လောက်တန်ဖိုးရှိတဲ့ပစ္စည်း သင့်ကို ပေးပါမယ်။ လက်ဆောင်ပေးပါမယ်။ ကျွန်ုပ်ကို မခေါ်ပါနဲ့လို့ ဒီလိုလည်း လက်ဆောင်ပေးပြီး ဖားလို့မရပါဘူး။

တွန်းလှန်နိုင်ကြောင်း၊ ဗိုလ်ပါပေါင်း၊

http://www.dhammadownload.com

စုဆောင်းထားခြင်း မရှိပါ။

သေမင်းကို တွန်းလှန်နိုင်တဲ့ စစ်သည်ဗိုလ်ပါ အခြံအရံ ပရိသတ် လူသူလက်နက်တွေလည်းပဲ စုဆောင်းထားလို့ မရဘူး။ သေမင်းက ကိုယ့်ကို တိုက်ဖို့လာတဲ့အချိန်မှာ မသေအောင်ဆိုပြီး တော့ ကိုယ်စုဆောင်းထားတဲ့ လက်နက်တွေ၊ အခြံအရံ ပရိသတ်တွေနဲ့ တိုက်ထုတ်လို့လည်း မရပါဘူး။ ဒါကြောင့် ဆိုလိုက်ပါ။

စစ်သည်များပြား၊ သေမင်းအား၊
ချိန်းထားလက်ဆောင် မရှိပါ။
တွန်းလှန်နိုင်ကြောင်း၊ ဗိုလ်ပါပေါင်း၊
စုဆောင်းထားခြင်း မရှိပါ။

သဗ္ဗေ သတ္တာ မရိဿန္တိ - သတ္တဝါတွေအားလုံး တစ်နေ့ ကျရင် ဧကန်မုချ သေကြရမယ်။ ဘာကြောင့်လဲဆိုရင် မရဏန္တံ ဟိ ဇီဝိတံ - သတ္တဝါတွေရဲ့ အသက်ရှင်ခြင်းဟာ သေခြင်းမှာပဲ အဆုံးသတ်ရမြဲ ဓမ္မတာ ဖြစ်လို့ပါပဲ။

အိုးလုပ်သမားရဲ့အိုးတွေဟာ ကွဲခြင်းမှာပဲ အဆုံးသတ်ရ သလိုပဲ၊ အိုးလုပ်သမား လုပ်ထားတဲ့အိုးတွေ၊ မီးမဖုတ်ရသေးတဲ့ အိုးအစိမ်းတွေ၊ မီးဖုတ်ပြီးသားဖြစ်တဲ့ အိုးအကျက်တွေ၊ အစိမ်း အကျက် အိုးအမျိုးမျိုး ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်၊ အရွယ်စုံ၊ ဆိုဒ်စုံ၊ အိုးမှန်သမျှသည် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘာနဲ့အဆုံးသတ်ရလဲ၊ ကွဲခြင်းနဲ့ပဲ အဆုံးသတ်ရတယ်။ ဘယ်တော့ မှ မကွဲတဲ့အိုးဆိုတာ ရှိလား။ မရှိဘူး။

အိုးလုပ်သမား လုပ်လိုက်တဲ့ အစိမ်းအကျက် အကြီး အ

http://www.dhammadownload.com

ငယ် အရွယ်မျိုးစုံသော အိုးမှန်သမျှသည် ကွဲခြင်းမှာပဲ အဆုံးသတ် ရသလိုပဲ ဖြစ်လာတဲ့ သတ္တဝါမှန်သမျှသည် သေခြင်းတရားမှာပဲ အဆုံးသတ်ကြရပါတယ်။ ဒါကြောင့်မို့ သတ္တဝါမှန်သမျှဟာ သေကြ ရတာချည်းပဲ။

မရဏန္တံ ဟိ ဇီဝိတံ - ရှင်ခြင်းဟာ သေခြင်းမှာပဲ အဆုံး သတ်တယ်ဆိုတော့ သေပြီး ပြီးရောလား မေးစရာရှိတယ်နော်။ ဘဝဆိုတာ ပုခက်နဲ့ အခေါင်းကြားပါပဲလို့ ယူဆတာမျိုး ရှိတာကိုး။ ဒီတော့ သေပြီးသွားရင် ပြီးရောလား၊ သေပြီးရင် အဆုံးသတ်ရော လား ဆိုတော့ အဆုံးမသတ်သေးပါဘူးတဲ့။

ယထာကမ္မံ ဂမိဿန္တိ၊ ပုညပါပဖလူပဂါ။

ပုညပါပဖလူပဂါ - ကောင်းကျိုးဆိုးကျိုး အမျိုးမျိုးသို့ တိုး လျှိုး ကပ်ဝင်ကြရကုန်သည်ဖြစ်၍၊ သဗ္ဗေ - သတ္တဝါအားလုံးတို့ သည်၊ ယထာကမ္မံ - မိမိတို့ ပြုထားခဲ့တဲ့ ကံအားလျော်စွာ၊ ဂမိဿန္တိ - သံသရာခရီးကို ဆက်ပြီးတော့ သွားကြရလေကုန်၏။

သတ္တဝါတွေဟာ သေဆုံးသွားပြီးရင် မပြီးသေးဘူးတဲ့။ မိမိတို့ပြုထားခဲ့တဲ့ ကောင်းကံဆိုးကံအားလျော်စွာ သံသရာခရီးကို ဆက်ကြရပါတယ်။ ကောင်းတဲ့ကံတွေ ပြုလုပ်အားထုတ်ထားတဲ့ ပုဂ္ဂိုလ်က ကောင်းတဲ့ဂတိ၊ ကောင်းတဲ့ဘဝတွေကို လားရောက်ပြီး တော့ သံသရာခရီး ဆက်ကြရတယ်။ မကောင်းတဲ့ကံတွေ ပြုလုပ် အားထုတ်ထားတဲ့ပုဂ္ဂိုလ်က မကောင်းတဲ့ဂတိ၊ မကောင်းတဲ့ဘဝကို လားရောက်ပြီးတော့ သံသရာခရီး ဆက်ကြရပြန်ပါတယ်။ ဒါကိုပဲ ပျံ့တော်မူတယ်လို့ ပြောရတာပါပဲ။

http://www.dhammadownload.com



## ယပင့်နဲ့ ပျံတော်မူမှာလား၊ ရရစ်နဲ့ ပြန်တော်မူမှာလား

ရဟန်းတော်များ စုတိစိတ်ကျသွားတယ်ဆိုရင် မြန်မာစကားက ဘယ်လိုပြောသလဲ 'ပျံလွန်တော်မူတယ်' တဲ့။ ပျံလွန်တော်မူတယ် ဆိုတဲ့စကားထဲမှာ ပျံဆိုတာက ဘယ်လို သတ်ပုံပေါင်းလဲ။ ပစောက်ယပင့် သေးသေးတင် ပျံ၊ ပျံလွန်တော်မူတယ်လို့ ဒီလို ရေးတယ်နော်။

အဲဒီတော့ ဒီနေရာမှာ ဦးဇင်းတို့က နှစ်မျိုးခွဲပြီး ပြောချင်ပါတယ်။ ပစောက်ယပင့် သေးသေးတင်နဲ့ ပျံလွန်တော်မူတာက တစ်ခု၊ ပစောက်ရရစ် နငယ်သတ်နဲ့ ပြန်လွန်တော်မူတာက တစ်ခု လို့ နှစ်ခုပြောချင်တယ်။

ပစောက်ယပင့်နဲ့ ပျံတော်မူတယ်ဆိုတာကို အရင်ကြည့်ရအောင်။ အဲဒီ ပစောက်ယပင့်နဲ့ ပျံတယ်ဆိုတာက ဥပမာဆိုပါတော့ ငှက်တွေပျံတယ်လို့ သုံးတယ်။ ငှက်ပျံတယ်ဆိုတာ နိမ့်ရာကနေ

http://www.dhammadownload.com

မြင့်ရာကို ငှက်တက်သွားတာကို ငှက်ပျံတယ်လို့ ပြောတာနော်။ နိမ့်ရာကနေ မြင့်ရာကို အဆင့်ဆင့် တိုးတက်ပြီးတော့ သွားတာကို ပျံတယ်လို့ ပြောရတယ်။

အဲဒီလိုပါပဲ၊ ရဟန်းတော်ကနေပဲ အရင်ဆုံး စပြောကြစို့ ပေါ့လေ။ ရဟန်းသာမဏေများလည်းပဲ သေလွန်သွားပြီးတဲ့နောက် မှာ ယခုဘဝထက် အဆင့်မြင့်တဲ့ နတ်ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်၊ အဲဒီလို မိမိရဲ့ လက်ရှိဘဝထက် အဆင့်မြင့်တဲ့ဘဝ၊ အဆင့်မြင့်တဲ့ နေရာဌာနတွေကို တိုးတက်ရောက်ရှိသွားတယ်ဆိုရင် ပစောက်ယ ပင့်နဲ့ ပျံလွန်တော်မူတယ်လို့ ဒီလို ပြောရမှာပဲနော်။

အသက်ရှင်စဉ်မှာလည်း သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံ အောင် ကြိုးစားအားထုတ်တယ်၊ သေခါနီးကာလမှာလည်းပဲ ဘာ အစွဲမှ မစွဲဘဲနဲ့ သေလွန်သွားတယ်ဆိုရင် ရဟန်းတော်များ သေ လွန်သွားတဲ့အခါ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝစတဲ့ ကောင်းရာ သုဂတိတွေကိုပဲ ပျံကြရတာပါပဲ။ ရဟန္တာအဖြစ်နဲ့ သေလွန်ရတယ် ဆိုရင်တော့ နိဗ္ဗာန်ဆိုတဲ့ အကောင်းဆုံးနေရာဌာနအထိ ပျံရတာ ပေါ့။

ဒါကြောင့် ယေဘုယျအားဖြင့်၊ အများစုအားဖြင့်တော့ ရဟန်းတော်များဟာ သီလ၊ သမာဓိ၊ ပညာကို ကြိုးစားဖြည့်ကျင့်ပြီး တော့ ဘုရားပေးတဲ့ နည်းလမ်းတွေနဲ့ သေခါနီးမှာလည်း အစွဲကင်း အောင် ကြိုးစားအားထုတ်နိုင်ကြတဲ့အတွက်ကြောင့် ကောင်းရာ သုဂတိတွေကိုပဲ ပစောက်ယပင့်နဲ့ ပျံတော်မူကြရတာပါ။

ဘုန်းကြီးတိုင်း ပစောက်ယပင့်နဲ့ ပျံကြလားဆိုတော့ မပျံ

http://www.dhammadownload.com

ကြဘူးနော်။ ပစောက်ရရစ် နငယ်သတ်နဲ့ ပြန်တော်မူတာလည်း ရှိသေးတယ်။ ပစောက်ရရစ်နငယ်သတ်နဲ့ ပြန်တယ်ဆိုတဲ့ စကား က ဘယ်နေရာသုံးသလဲဆိုတော့ . . .

ဆိုကြပါစို့၊ အခုတရားနာပရိသတ်များပဲ၊ ဒကာ ဒကာမ များဆိုလည်း တရားလာနာကြတယ်။ ပြီးတော့ ဘယ်ပြန်ကြမလဲ၊ ကိုယ့်အိမ်ကိုယ် ပြန်ကြမယ်။ ဆရာလေး ဆရာကြီးများလည်းပဲ တရားနာပြီးတော့ ဘယ်ပြန်ကြမလဲ။ ကိုယ့်ကျောင်းကိုယ် ပြန်ကြ မယ်။ ကိုယ့်ကျောင်းသည်ပင်လျှင် တစ်နည်းတော့ ကိုယ့်အိမ်ပဲပေါ့။

ဈေးသွားတဲ့ ပုဂ္ဂိုလ်များကလည်း ဈေးဝယ်ပြီး ဝယ်စရာ ခြမ်းစရာတွေ ဝယ်ခြမ်းပြီးလို့ရှိရင် အိမ်ပြန်မယ်။ အလုပ်သွားလုပ် တဲ့ ပုဂ္ဂိုလ်ကလည်း အလုပ်ပြီးရင်၊ ရုံးမှာ အလုပ်သွားလုပ်တဲ့ ပုဂ္ဂိုလ် ကလည်း ရုံးကိစ္စတွေပြီးလို့ ရုံးဆင်းပြီဆိုရင် ဘယ်ပြန်မလဲ။ အိမ်ပြန် မယ်။ လူတွေ အားလုံးဟာ ကိုယ့်အိမ်ကို ပြန်ကြတာချည်းပဲနော်။ ကိုယ်ပိုင်အိမ်ကို ပြန်ကြတယ်။ ကိုယ်အမြဲတမ်းနေတဲ့ အိမ်ကို ပြန် ကြတယ်။

အဲဒီလိုပါပဲ၊ မေ့လျော့နေကြတဲ့ ပုထုဇဉ်သတ္တဝါများရဲ့ ကိုယ်ပိုင်အိမ်ဆိုတာ ဘာတဲ့လဲ။

ပမတ္တဿ စတ္တာရော အပါယာ သကဂေဟသဒိသာ။

မေ့နေတဲ့ ပုထုဇဉ်၊ မေ့မေ့လျော့လျော့ နေနေတဲ့ ပုထုဇဉ် အတွက် ကိုယ်ပိုင်အိမ်ဆိုတာ အပါယ်လေးဘုံပါပဲ။

လူ့ပြည်၊ နတ်ပြည် ကောင်းရာသုဂတိကို ရောက်လာကြ တယ်ဆိုတာ ဧည့်လာကြတာနော်။ အလည်အပတ်သဘောမျိုးနဲ့

http://www.dhammadownload.com

လာကြတာ။ အပန်းဖြေခရီးထွက်တဲ့သဘောမျိုးနဲ့ လာကြတာ။ ဒါပေမဲ့ အဲဒီရောက်လာတဲ့ လူ့ဘဝ နတ်ဘဝမှာ မေ့မေ့လျော့လျော့ မနေဘူး ဆိုရင်တော့လည်း ကိုယ်ပိုင်အိမ် မပြန်ရဘူးပေါ့။ မေ့မေ့လျော့လျော့နဲ့ နေကြမယ်ဆိုရင်တော့ ကိုယ်ပိုင်အိမ်ပြန်ရမှာပဲ။

'မေ့' ဆိုလို့လည်းပဲ မကောင်းမှုဒုစရိုက်တွေ လုပ်နေတဲ့ ပုဂ္ဂိုလ်မှ မေ့တယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်။ မေ့ခြင်းက သုံးမျိုး ရှိတယ်။ မကောင်းမှုဒုစရိုက်တွေ ပြုလုပ်ပြီးတော့ နေတာလည်းပဲ မေ့တာပဲ။ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေ ခံစားပြီးတော့ နေတာလည်းပဲ မေ့တာပဲ။ တရားဘာဝနာအလုပ် အားထုတ်ပြန်တော့လည်း ကမ္မဋ္ဌာန်းအာရုံမှာ စိတ်မရောက်ဘဲနဲ့ ဟိုဟိုဒီဒီ ပျံ့လွင့်ပြီးတော့ နေတာလည်းပဲ မေ့နေတာပဲ။ မေ့ခြင်းသုံးမျိုး။

အဲဒီလို မေ့နေတဲ့ ပုဂ္ဂိုလ်များရဲ့ လားရာဟာ အပါယ်လေးဘုံပဲ။ ဒါကြောင့် သေလွန်ပြီးလို့ အပါယ်လေးဘုံများ ရောက်ရှိသွားမယ်ဆိုရင် ပစောက်ရရစ်နဲ့ ပြန်တော်မူတာပဲပေါ့။ ကိုယ်ပိုင်အိမ်ပြန်ရတာလေ။ ရဟန်း သာမဏေများ သေသွားတိုင်း၊ သင်္ကန်းဝတ်ထားတဲ့ပုဂ္ဂိုလ်များ သေသွားတိုင်း ကောင်းရာသုဂတိရောက်တယ်လို့ မယူဆနဲ့နော်။

မကောင်းတဲ့ ဒုဂ္ဂတိက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာလို့ သုံးမျိုး ရှိပါတယ်။ အသူရကာယ်က ပြိတ္တာထဲ ထည့်ရမှာပဲ။ အဲဒီတော့ ရဟန်းတော်များ သေပြီး ငရဲရောက်သွားတာလည်း မရှိဘူးလား၊ နမူနာလေးတစ်ခု ပြောနိုင်မလား။ ဘယ်သူများ ခေါင်းထဲမှာ ပေါ်လာလဲ။ ရဟန်းဖြစ်ပြီးတော့ ငရဲရောက်သွားတာ ပိဋကတ်တော်မှာ

http://www.dhammadownload.com

ဘယ်သူရှိတုံး . . .၊

'ဒေဝဒတ်ပါဘုရား'

'အရှင်ဒေဝဒတ်နော်'

ဒကာကြီးက ဒေဝဒတ်ပါလို့ ဖြေတာ မှန်ပါတယ်၊ သို့သော် ဒေဝဒတ်လို့တော့ မပြောစေချင်ဘူး။ သူက တစ်ချိန်မှာ ပစ္စေကဗုဒ္ဓါ ဖြစ်မယ့်ပုဂ္ဂိုလ်။ ဒါကြောင့် အရှင်ဒေဝဒတ်လို့ အပြည့်အစုံပဲ ပြောပါနော်။ ရဟန်းသံဃာများကို ရှေ့က ဦးတို့ အရှင်တို့ ထည့်ပြီးတော့ ပြောရမယ်။ ဒီတော့ အရှင်ဒေဝဒတ် . . .။

အရှင်ဒေဝဒတ်သည် သေလွန်ပြီးတဲ့နောက် ဘယ်ရောက်သွားသလဲ။ အဝီစိငရဲကို ရောက်သွားတယ်။ ဒါပထောက်ရရစ်နဲ့ ပြန်တော်မူသွားတာပေါ့။

ရဟန်းတော်များ သေပြီးတော့ တိရစ္ဆာန်ဖြစ်သွားတာလည်း ရှိတာပဲ။ ဧရကပတ္တနဂါးမင်းဆိုတာ ရဟန်းဘဝမှာ လှေစီးရင်းနဲ့ ပိန်းရွက်လေးတစ်ရွက်ကို ချိုးမိတော့ ဒေသနာမကြားမိဘူး၊ သေခါနီးမှာ အဲဒီဒေသနာမကြားမိတဲ့ အပြစ်ကလေး သွားသတိရတော့ သေတဲ့အခါ နဂါးသွားဖြစ်တယ်။ နဂါးဆိုတာလည်းတိရစ္ဆာန်ပါပဲ။

တချို့က နဂါးသိုက်က လာတယ်ဆိုရင် ဂုဏ်ယူတာလည်း ကြားဖူးသေးတယ်နော်။ တချို့က သိုက်က လာတာဆိုရင် သိပ်ဂုဏ်ယူကြတယ်။ သိုက်ကလာတာ ဂုဏ်ယူစရာကောင်းလား။ ဘုရားသိုက်ကပဲ လာလာ၊ ပစ္စည်းဥစ္စာသိုက်ကပဲ လာလာ၊ သိုက်ဆိုတာ အမှန်ကတော့ အပါယ်လေးဘုံထဲက ပြိတ္တာပဲ။ အဲဒီတော့

http://www.dhammadownload.com

ငါသိုက်က လာတာဟော့ဆိုပြီးတော့ ဂုဏ်ယူနေတယ်ဆိုရင် ငါပြိတ္တာဘဝက လာတာဟော့ဆိုပြီး ဂုဏ်ယူတာနဲ့ မတူဘူးလား။ အတူတူပဲနော်။

နဂါးသိုက်က လာတယ်ဆိုရင် တချို့က ပိုပြီးတောင် ဂုဏ်ယူသေးတယ်။ အဲဒါဆိုရင် ပိုတောင် ဆိုးသွားတယ်နော်။ ငါ တိရစ္ဆာန်ဘဝက လာတာလို့ ပြောနေတာပဲ။ ဒါကြောင့် ဂုဏ်မယူပါနဲ့။ ငှက်သိုက်ကပဲ လာလာ၊ ခိုသိုက်ကပဲလာလာ၊ စာကလေးသိုက်ကပဲ လာလာ၊ ဘယ်သိုက်က လာတာမှ မကောင်းပါဘူးနော်။

အဲဒီတော့ အဲဒီရဟန်းတော်ဟာ သေခါနီးမှာ မိမိရဲ့ အာပတ်အပြစ်ကလေးကို သတိရပြီး စုတေသွားလို့ တိရစ္ဆာန်ဖြစ်သွားရတယ်။ နောက်တစ်ခါ ပြိတ္တာဖြစ်သွားတာလည်း ထင်ထင်ရှားရှား တစ်ခု ရှိပါတယ်။ ဘာလဲ။ မိမိရဲ့ သင်္ကန်းလေးစွဲပြီး သန်းပြိတ္တာဖြစ်သွားတယ်။

ရဟန်းတော်တစ်ပါး သူ့ရဲ့ သင်္ကန်းလေးကို မနက်ဖြန်ကျရင်တော့ ဆွမ်းခံထွက်ရင် ဒီသင်္ကန်းလေး ကြော့ကြော့မော့မော့ ဝတ်လိုက်မယ်ဟဲ့လို့ သင်္ကန်းလေးမှာ စွဲနေတယ်၊ အဲဒီညမှာပဲ သေလွန်သွားတော့ သင်္ကန်းမှာ သန်းပြိတ္တာ သွားဖြစ်တယ်။

သန်းဆိုလို့လည်း တိရစ္ဆာန်လို့ချည်းပဲ မယူဆနဲ့နော်။ ပတ်ဝန်းကျင်မှာမြင်နေရတဲ့ တချို့တိရစ္ဆာန်လေးတွေဟာ တိရစ္ဆာန်လို့ ကိုယ်က ထင်နေပေမယ့် အဲဒါ ပြိတ္တာလေးတွေ။ ကျီးပြိတ္တာတို့၊ ဝက်ပြိတ္တာ၊ မြွေပြိတ္တာတို့ ကြားဖူးမှာပေါ့နော်။

အဲဒီတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝကို လားရောက်ရ

http://www.dhammadownload.com

တယ်ဆိုရင် ပစောက်ယပင့်နဲ့ ပုံ့တာလား၊ ရရစ်နဲ့ ပြန်တာလား။ ရရစ်နဲ့ ပြန်တော်မူတာပါ။ ဒါက ရဟန်းတော်များရဲ့အပိုင်းကို ပြောလိုက်တာပေါ့။

လောကဝေါဟာရအရ၊ လောကပညတ်အနေနဲ့ဆိုရင်တော့ ရဟန်းတော်များကိုသာ ပုံ့လွှန်တော်မူတယ်ဆိုတဲ့ စကားလုံးသုံးခွင့် ရှိပါတယ်။ တရားဝင်အနေနဲ့ပေါ့လေ။ သို့သော် ဓမ္မသဘောကို စဉ်းစားတဲ့အနေနဲ့၊ ဓမ္မဓိဋ္ဌာန်ကျကျ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို ဆင်ခြင်စဉ်းစားတဲ့အနေနဲ့ကတော့ တရားနာပရိသတ်များ၊ လူဝတ်ကြောင်ပုဂ္ဂိုလ်များအတွက်လည်း ဒီစကားလုံးကို ပြောလို့ရပါတယ်။

တရားသဘောနဲ့ ဆင်ခြင်ပြီး ကြည့်မယ်ဆိုရင် တရားနာပရိသတ်များ၊ လူဝတ်ကြောင်များ၊ သီလရှင်ဆရာလေးများလည်းပဲ သေလို့ရှိရင် ယပင့်ပုံ့တော်မူတာနဲ့ ရရစ်ပြန်တော်မူတာ နှစ်ခုမရှိနိုင်ဘူးလား။ ရှိနိုင်ပါတယ်။

ကုသိုလ်ကောင်းမှုတွေလည်း ပြုထားတယ်၊ သေခါနီးမှာလည်း ဘာအစွဲမှ မစွဲဘူးဆိုရင်တော့ ယပင့်နဲ့ ပုံ့တော်မူကြမယ်ပေါ့။ ကုသိုလ်ကောင်းမှုကလည်း ဘာမှမရှိဘူး၊ သေခါနီးမှာလည်း အစွဲမျိုးစုံနဲ့ သေသွားတယ်ဆိုရင်တော့ ရရစ်နဲ့ ပြန်တော်မူကြမယ်။ တရားနာပရိသတ်များက ယပင့်နဲ့ ပုံ့တော်မူချင်လား၊ ရရစ်နဲ့ ပြန်တော်မူချင်လား။ ကိုယ့်ဘာသာကိုယ် စဉ်းစားဆုံးဖြတ်ကြပေါ့နော်။

■

http://www.dhammadownload.com



## ကာမဂုဏ်အစွဲ၊ခန္ဓာအစွဲနဲ့သေရင်ရရစ်နဲ့ပြန်တော်မူမယ်

ပစောက်ရရစ်နဲ့ ပြန်တော်မူတဲ့ သေနည်းကလည်း လေး မျိုးရှိပါတယ်။

(၁) ကာမေသု အဝီတရာဂ - ကာမဂုဏ်အာရုံတွေမှာ တပ်မက်ခြင်းဖြစ်ပြီးတော့၊ ကာမဂုဏ်အာရုံတွေကို စွဲပြီးတော့ သေ နည်းက တစ်မျိုးရှိတယ်။

(၂) ကာယေ အဝီတရာဂ - မိမိရဲ့ ခန္ဓာကိုယ် ကာယကြီး ကို စွဲပြီးတော့ သေတဲ့ သေနည်းကလည်း တစ်မျိုးရှိတယ်။

(၃) အကတကလျာဏော ကတပါပေါ - ကောင်းမှု ကုသိုလ်တွေ မပြုလုပ်ခဲ့ရတာ၊ မကောင်းမှုအကုသိုလ်တွေ ပြုလုပ်ခဲ့ ရတာကို စွဲပြီးတော့ သေနည်းကလည်း တစ်မျိုးရှိတယ်။

(၄) အနိဋ္ဌင်္ဂတော သဒ္ဓမ္မေ - သူတော်ကောင်းတရားမှာ ယုံမှားခြင်း ဖြစ်ပြီးတော့ သူတော်ကောင်းတရားမှာ ဆုံးဖြတ်ချက်

http://www.dhammadownload.com

မချနိုင်ဘဲနဲ့ သေဆုံးသွားရခြင်းက တစ်မျိုးလို့ လေးမျိုးရှိတယ်။ ပစောက်ရရစ်နဲ့ ပြန်တော်မူမယ့် သေနည်းက လေးမျိုးရှိပါတယ်။

ကာမေသု အဝီတရာဂ - ကာမဂုဏ်ကို စွဲပြီးတော့ သေသွားတဲ့ ပုဂ္ဂိုလ်များဟာ သေလို့ရှိရင် မိမိစွဲတဲ့ ကာမဂုဏ်အာရုံရှိရာ ပတ်ဝန်းကျင်မှာပဲ အပါယ်ဘုံသား ဖြစ်ရပါတယ်။ ကြောင်သွားဖြစ်မယ်၊ ခွေးသွားဖြစ်မယ် စသည်အားဖြင့်ပေါ့။

မိမိလှူထားတဲ့ ကျောင်းကန်ဘုရား သွားပြီး စွဲပြန်တော့လည်းပဲ ကိုယ်ဆောက်ထားတဲ့ကျောင်းကို ကုသိုလ်အနေနဲ့ အာရုံမပြုဘဲနဲ့ ငါ့ကျောင်းဆိုတဲ့ အစွဲလေးနဲ့ သေသွားမယ်ဆိုလို့ရှိရင် ကျောင်းဒကာ၊ ကျောင်းအစ်မကလည်း ကိုယ်ဆောက်ထားတဲ့ ကျောင်းမှာ ကျောင်းစောင့်ပြိတ္တာ သွားဖြစ်မှာပဲ။

တချို့ရိပ်သာတွေမှာ ရှိပါတယ်။ ခြောက်တယ်၊ လှန့်တယ်ဆိုတာ ယောဂီတွေ ခဏခဏကြုံကြရတယ်။ ရိပ်သာအတော်များများမှာပါပဲ။ ဘာလဲဆိုရင် ကိုယ်လှူထားတဲ့ကျောင်း၊ ကိုယ်လှူထားတဲ့အခန်း၊ ကိုယ်လှူထားတဲ့ဇရပ်ကို စွဲပြီးတော့ သေကြတော့ အဲဒီမှာ၊ ကျောင်းမှာ လာပြီး ပြိတ္တာလာဖြစ်ကြတာ။ ကျောင်းစောင့်ပြိတ္တာ၊ အခန်းစောင့်ပြိတ္တာ လာဖြစ်ကြတာ။ ဒါကြောင့် ရိပ်သာတွေမှာ ခြောက်တယ်၊ လှန့်တယ်ဆိုတာ တချို့ယောဂီတွေ မကြာခဏကြုံကြရသတဲ့။

ဒါကြောင့် သားအာရုံ၊ သမီးအာရုံ၊ ပစ္စည်းအာရုံ စွဲလို့ရှိရင်လည်းပဲ အပါယ်ဘုံသားဖြစ်ရတာပဲ။ ပစ္စည်းစွဲပြီး သေတော့ အဲဒီပစ္စည်းကို စောင့်ရတယ်။ ပစ္စည်းစောင့်ပြိတ္တာ၊ အခုခေတ်လို ပြော

http://www.dhammadownload.com

တော့ ဥစ္စာစောင့်တဲ့။ ဥစ္စာစောင့်ဆိုရင် လူတွေက သိပ်အထင်ကြီး ကြတာ။ တကယ်တော့ ကိုယ်မြှုပ်နှံထားတဲ့ ပစ္စည်းကို စွဲပြီးသေလို့ အဲဒီပစ္စည်းရဲ့ ပတ်ဝန်းကျင်နားလေးမှာ၊ အဲဒီပစ္စည်းနားကနေ မခွာ နိုင်ဘဲနဲ့ ပြိတ္တာဖြစ်နေရတာပါ။

တချို့နေရာလေးမှာ မြွေလေးတွေ တွေ့တယ်။ မနေ့က တွေ့လည်း ဒီမြွေပဲ၊ ဒီနေ့တွေ့လည်း ဒီမြွေပဲ၊ လတွေနှစ်တွေ ကြာ တော့လည်း ဒီမြွေလေး တွေ့ပြန်ပြီ။ ကိုယ်ကတော့ တိရစ္ဆာန်ပဲ ထင်တာ။ ဘယ်ဟုတ်မလဲ။ သူ့ပစ္စည်း အဲဒီနားမှာရှိတော့ အဲဒါစွဲပြီး ပြိတ္တာဖြစ်နေတာ။ အဲဒီနား လူတွေလာရင် သူ့ပစ္စည်းလေးများ တူးသွားမလား၊ ဖော်သွားမလား၊ ယူသွားမလားဆိုပြီး တစ်ခါတည်း မြွေယောင်ဆောင်ပြီးတော့ ခြောက်လှန့်တဲ့သဘောပါ။

ဒီတော့ သားသမီးစွဲတော့လည်း သားသမီးအိမ်မှာ ခွေး၊ ကြောင်၊ အိမ်မြှောင်၊ တောက်တဲ့ ဖြစ်ရဦးမယ်။ ပစ္စည်းစွဲတော့ လည်း ဥစ္စာစောင့် ဖြစ်ရဦးမယ်။ လှူထားတဲ့ပစ္စည်းတွေကို ငါ့ဟာ ငါ့ဟာနဲ့ စွဲပြန်တော့လည်း လှူထားတဲ့ ပစ္စည်းနားမှာ အစောင့် ပြိတ္တာ သွားဖြစ်ရဦးမယ်ဆိုတော့ ကာမဂုဏ်အာရုံတွေ စွဲပြီးတော့ သေတာဟာလည်း ကောင်းသော သေခြင်း မဟုတ်ပါဘူးနော်။ အဲဒီလို ကာမဂုဏ်အစွဲနဲ့ သေရင်လည်း ပစောက်ရရစ်နဲ့ပဲ ပြန် တော်မူရမှာပဲ။

ကာယေ အဝီတရာဂ - ကိုယ့်ခန္ဓာကိုယ်ကို စွဲပြီးတော့ သေတဲ့ပုဂ္ဂိုလ်များကျတော့လည်းပဲ ဘာဖြစ်သလဲဆိုတော့ အ လောင်းစောင့်ပြိတ္တာ သွားဖြစ်တယ်။

http://www.dhammadownload.com

သုသာန်တွေ သွားလို့ရှိရင် သရဲခြောက်တယ်၊ တစ္ဆေ ခြောက်တယ်ဆိုတာ ကြားဖူးမှာပေါ့။ သုသာန်တွေမှာ သရဲတစ္ဆေ ခြောက်တယ်ဆိုတာ တကယ်တော့ သူ့အလောင်းသူ စောင့်နေတဲ့ အလောင်းစောင့်ပြိတ္တာတွေက ခြောက်တာပါပဲ။

ကိုယ့်အလောင်းလေး စောင့်နေတယ်။ ကိုယ့်အရိုးစုလေး စောင့်နေတယ်။ အရိုးစု အမှုန့်ဖြစ်တဲ့အထိအောင်ကို စောင့်နေမှာ။

တချို့ကျတော့လည်း ကိုယ့်ခန္ဓာကိုယ် စွဲပြီးတော့ သေတဲ့ အခါကျတော့ အလောင်းစောင့်ပြိတ္တာတော့ မဖြစ်ပါဘူး။ ကိုယ့် အလောင်းမှာ အလောင်းမှာရှိတဲ့ အသားတွေ၊ အကြောတွေ၊ အရိုး တွေကို စားတဲ့ အလောင်းစားပိုး သွားပြီးတော့ဖြစ်တယ်။ ကိုယ့် အလောင်းကိုယ် ပြန်စားတဲ့ ပိုးလောက်ကလေး ဖြစ်တယ်ပေါ့။ ဒါကြောင့် ကိုယ့်ခန္ဓာကိုယ်ကို စွဲပြီးသေတော့လည်း ကောင်းသော သေခြင်း မဖြစ်ပါဘူး။ အဲဒီလို ခန္ဓာကိုယ်အစွဲနဲ့ သေရင်လည်း ပစောက်ရရစ်နဲ့ပဲ ပြန်တော်မူရမှာပါပဲ။

တစ်ခါတုန်းက ဆေးကျောင်းသားတစ်ယောက် စာကျက် တယ်။ စာကျက်တယ်ဆိုတော့ ဆေးကျောင်းသားတို့ရဲ့ သဘာဝ အတိုင်း အရိုးစုလေးတွေကို ကိုင်ပြီးတော့ ကြည့်ရတယ်၊ ကျက်ရ တယ်ပေါ့။ အရိုးစုလေးတွေကလည်းပဲ ဒီလိုပဲ နီးစပ်ရာ သုသာန် တွေ ဘာတွေမှာ သုဘရာဇာတွေနဲ့ ညှိနှိုင်းပြီးတော့ ဝယ်ယူတာ တွေလည်း ရှိတာပေါ့။

တစ်နေ့တော့ သူဝယ်ထားတဲ့ အရိုးစုတွေနဲ့ စာကျက်ရင်း

http://www.dhammadownload.com

ညမိုးချုပ် သန်းခေါင်ကျော်တော့ အိပ်ငိုက်လာတယ်၊ အိပ်ငိုက်လာတော့ အရိုးစုလေးကိုင်ပြီးတော့ စာကျက်နေရင်းမတ်တတ်နဲ့ အရိုးစုက အောက်ပြုတ်ကျသွားတယ်။ အောက်ပြုတ်ကျသွားတော့ သူက ခြေထောက်နဲ့ ယူပြီးတော့ ခြေမနဲ့ ခြေညှိုးနဲ့ ညှပ်ပြီးတော့ ကောက်တယ်။

အဲဒါ ညအိပ်လည်း အိပ်ရော အိပ်မက်ပေးတယ်။ နင်ငါ့ကို ခြေထောက်နဲ့ ညှပ်ပြီးတော့ မကိုင်ပါနဲ့။ ငါ့အရိုးကို နင်ခြေထောက်နဲ့ မညှပ်နဲ့၊ ဒီတစ်ခါ ညှပ်လို့တော့ အသေပဲ။ အဲဒီလိုပြောတယ်။ လန့်နိုးလာတယ်။

နောက်တစ်ရက်ကျတော့လည်း သူကတော့ မယုံဘူးပေါ့လေ။ ခေတ်လူငယ်ပီပီ။ နောက်တစ်နေ့လည်း အရိုးလေးက ပြုတ်ကျသွား၊ ခြေထောက်နဲ့ပဲ ညှပ်ပြီးတော့ ကောက်ယူတာပဲ။ ညအိပ်လည်း အိပ်ရော အိပ်မက်ပေးတော့တာပဲ။ မနေ့က ငါ့အရိုးစုကို ခြေထောက်နဲ့ ညှပ်မယူပါနဲ့လို့ ပြောတဲ့ကြားက ဒီနေ့ခြေထောက်နဲ့ ပြန်ညှပ်ပြန်ပြီ။ မနက်ဖြန်သာ ညှပ်လို့ကတော့ နင့်ကို အသေသတ်မယ်ဆိုပြီးတော့ အဲဒီနေ့မှာ လည်ပင်းကို တစ်ခါတည်း ညှစ်လိုက်တယ်။

ဒုတိယနေ့ လည်ပင်းညှစ်တော့ အလန့်တကြား ဖြစ်ပြီးတော့ နောက်နေ့ကျတော့ ခြေထောက်နဲ့ မညှပ်ရဲတော့ဘူး။ လက်နဲ့ပဲ ကိုင်ရဲတော့တယ်။ နောက်တစ်ခါ သုံးရက်မြောက်နေ့သာ တကယ်လို့ ခြေထောက်နဲ့ ညှပ်လို့ရှိရင် တကယ်အသေသတ်တော့မှာကိုးနော်။

http://www.dhammadownload.com

အဲဒါဘာလဲဆိုရင် သူ့အရိုးစုလေးမှာ သူ့ခန္ဓာကိုယ်ကို စွဲပြီးတော့ သူ့အလောင်းကောင်မှာ သွားပြီးတော့ အလောင်းစောင့် ပြိတ္တာ သွားဖြစ်နေခြင်းပါပဲ။ ကြောက်စရာ မကောင်းဘူးလား။ ကြောက်စရာ သိပ်ကောင်းတယ်နော်။ မစားရမသောက်ရဘဲနဲ့ ကိုယ့်အရိုးစုမှာ စွဲပြီးတော့ ပြိတ္တာသွားဖြစ်တယ်။

ဒါကြောင့် သုသာန်တွေမှာ ခြောက်တယ်လှန့်တယ် ဆိုတာ ခန္ဓာကိုယ်စွဲပြီးတော့ဖြစ်နေတဲ့ အလောင်းစောင့်ပြိတ္တာတွေ ဖြစ်ပါတယ်။ အိမ်တွေမှာ၊ ရပ်ထဲရွာထဲမှာ၊ သစ်ပင်တွေမှာ ခြောက်တယ် လှန့်တယ် ဆိုတာကတော့ ကာမဂုဏ်အာရုံတွေကို၊ နေရာဌာနတွေကို စွဲပြီးတော့ သေတဲ့ ပြိတ္တာတွေပါပဲ။

တချို့သေဆုံးသွားတဲ့ မိဘဘိုးဘွားတွေကို တစ်နှစ်တစ်ခါ သင်္ချိုင်းသွားပြီးတော့ ကန်တော့ကြတယ်။ အစားအစာလေးတွေ ပေး၊ ရေလေးတွေပေး၊ အမွှေးတိုင်လေးတွေ ထွန်းပြီးတော့ သွားပူဇော်ကြ၊ သွားကန်တော့ကြတယ်။

အဲဒီတော့ သေလွန်သွားတဲ့ပုဂ္ဂိုလ်ကို အစားအစာကျွေးတယ် ဆိုတာ လူအချင်းချင်းကျွေးသလို တိုက်ရိုက်ကြီး သွားကျွေးလို့ ရတာ မဟုတ်ဘူး။ ကိုယ့်အိမ်မှာ၊ ဒါမှမဟုတ် ဘုန်းကြီးကျောင်းတွေမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ၊ အလှူခံပုဂ္ဂိုလ်တွေကို ကုသိုလ်ကောင်းမှုပြု၊ အစားအစာတွေ လှူဒါန်းပြီးတော့ အမျှဝေမှ အဲဒီအမျှကို သာဓုခေါ်လိုက်လို့ရှိရင် တမလွန်ရောက်တဲ့ ပုဂ္ဂိုလ်က အစားအစာတွေ ပြည့်စုံသွားတာ။

သင်္ချိုင်းအုတ်ဂူပေါ် သွားပြီးတော့ အစားအစာတွေသွားပြီး

http://www.dhammadownload.com

တော့ တင်လိုက်ရုံနဲ့ တမလွန်ကလူက စားလို့မရဘူး။ တကယ်လို့ ရတယ်ဆိုရင်၊ ရတယ်လို့ ယူဆပြီးတော့ အစားအစာတွေ သွားတင်ကြ၊ သွားပူဇော်ကြတယ်ဆိုရင် သေလွန်သွားတဲ့ ကိုယ့်မိဘ၊ ကိုယ့်ဘိုးဘွားသည် အလောင်းစောင့်ပြိတ္တာ ဖြစ်နေမှ သူစားလို့ရမှာပေါ့။ လူ့ဘဝ၊ နတ်ဘဝ ကောင်းရာသုဂတိရောက်သွားရင် စားလို့ ရပါဦးမလား။ မရတော့ဘူးနော်။

ပူဇော်တဲ့ပုဂ္ဂိုလ်၊ သွားကန်တော့တဲ့ပုဂ္ဂိုလ်ကလည်းပဲ ငါ့မိဘတွေတော့ ငါကန်တော့တယ်။ ငါသေသွားလို့ရှိရင်လည်းပဲ ငါ့သားသမီးတွေက ဒီလိုပဲ သချိုင်းလာပြီး ငါ့ကို ကန်တော့ကြဦးမှာပဲ ဆိုပြီးတော့ သူကလည်းပဲ သူ့ခန္ဓာကိုယ်လေးကို စွဲပြီးတော့ သားသမီးတွေရဲ့ အကန်တော့ခံချင်တော့ သေတော့ ဘာဖြစ်ပြန်သလဲ။ အလောင်းစောင့်ပြိတ္တာပဲ ပြန်ဖြစ်တယ်။

သူ့အလောင်း သူ့အုတ်ဂူမှာ ပြိတ္တာဖြစ်မှပဲ သားသမီးတွေ လာကန်တော့လို့ရှိရင် စားလို့ရမှာ မဟုတ်ဘူးလား။ ဒီတော့ ကိုယ့်သားသမီးတွေရဲ့ အကန်တော့ခံဖို့ဆိုတဲ့ ရည်ရွယ်ချက်ကလေး၊ စိတ်အစွဲကလေး၊ သာယာမှုကလေးကလည်း ရှိနေတော့ သေလို့ရှိရင် ကိုယ့်အလောင်း၊ ကိုယ့်အုတ်ဂူမှာစောင့်တဲ့ အလောင်းစောင့်ပြိတ္တာပဲ ဖြစ်ဖို့သေချာပါတယ်။ ဒါကြောင့် အစဉ်အလာဆိုတိုင်းလည်းပဲ လက်ခံသင့်တာ မဟုတ်ဘူး။ မကောင်းတဲ့ အစဉ်အလာဆိုရင် ရဲရဲဝံ့ဝံ့ ဖယ်ရှားရမယ်။

သေဆုံးသွားတဲ့ မိဘဘိုးဘွားတွေရဲ့ ကျေးဇူးတရားကို အောက်မေ့သတိရတဲ့အနေနဲ့ အမှတ်တရလုပ်တာဆိုရင်တော့ မ

http://www.dhammadownload.com

ဆိုးပါဘူး။ ကျေးဇူးတရားကို မမေ့ဘူး၊ အမြဲအသိအမှတ်ပြုနေတယ်ဆိုတဲ့ သဘောပေါ့။ ဒါပေမဲ့ မကျွတ်မလွတ်ဖြစ်နေတဲ့ ပုံစံမျိုး သဘောထားပြီးတော့တော့ မလုပ်နဲ့ပေါ့။ ကျေးဇူးမမေ့ကြောင်း သက်သေပြတာ၊ ကျေးဇူးဂုဏ်တွေ ပြန်နှလုံးသွင်းတာကတော့ ကောင်းပါတယ်။

■

http://www.dhammadownload.com



## ကုသိုလ်မပွား၊ တရားမသိဘဲ သေရင် ရရစ်နဲ့ ပြန်တော်မူမယ်

အကတကလျာဏော ကတပါပေါ ဆိုတာက ကုသိုလ်တွေ ဘာမှပြုမထားဘူး။ မကောင်းမှုအကုသိုလ်တွေချည်းပဲ ပြုထားတယ်။ အသက်ရှင်စဉ်တုန်းကတော့ သေတစ်နေ့ မွေးတစ်နေ့ပေါ့၊ မွေးလာ သေမှာပဲပေါ့၊ တစ်ဘဝတစ်ခါ သေရတာဘာဆန်းလို့လဲ၊ သေပြီးပြီးတာပဲနဲ့ မေ့မေ့လျော့လျော့ ကုသိုလ်တွေမပြု၊ အကုသိုလ်တွေပြုပြီးတော့ နေတာပဲ။

ဒါပေမဲ့ တကယ်သေခါနီးပြီဆိုတဲ့အခါကျတော့ ကုသိုလ်ယုံတဲ့သူပဲဖြစ်ဖြစ်, မယုံတဲ့သူပဲဖြစ်ဖြစ်၊ အကုသိုလ်ယုံတဲ့သူပဲ ဖြစ်ဖြစ်, မယုံတဲ့သူပဲဖြစ်ဖြစ် တကယ်သေတော့မယ်၊ တကယ်စုတိစိတ်ကျတော့မယ်ဆိုတဲ့အချိန်ကျရင်တော့ အသက်ရှင်စဉ်တုန်းက ဘယ်လိုပဲ လေလုံးထွားထွားနဲ့ ပြောထားထား တကယ်သေတော့မယ်ဆိုရင်၊ သေခါနီးပြီဆိုရင် သေခါနီး လူတစ်ယောက်ရဲ့ စိတ်ဟာ

http://www.dhammadownload.com

ဘဝတစ်ခုကို တပ်မက်တဲ့ တဏှာ ဖြစ်စမြဲပါပဲ။

သေပြီးပြီးတာပဲလို့ ယူဆထားတဲ့လူကလည်း တကယ် သေတော့မယ်ဆိုတဲ့အခါကျတော့ ဘဝအသစ်ကလေးတစ်ခု ထပ် ဖြစ်ချင်တယ်၊ ဖြစ်ချင်တဲ့ စိတ်ဆန္ဒလေး ပေါ်လာတယ်။ အဲဒီအခါ မှာ ကုသိုလ်ကလည်း အာရုံမှာ မထင်၊ ပြုခဲ့တဲ့ အကုသိုလ်တွေချည်း ပဲ အာရုံထင်၊ အကုသိုလ်တွေအကျိုးကြောင့် မကောင်းတဲ့ လား ရောက်ရမယ့် ဒုဂ္ဂတိနိမိတ်တွေကလည်း လာပြီးတော့ ထင်ပြီဆို တော့ အဲဒီကျမှ နောင်တတွေ ရတယ်။

ငါအသက်ရှင်စဉ်တုန်းက ကောင်းမှုကုသိုလ်တွေ မပြုခဲ့ တာ မှားလေခြင်း၊ မကောင်းမှုအကုသိုလ်တွေချည်းပဲ လုပ်ခဲ့မိတာ မှားလေခြင်းလို့ သေခါနီးကျမှ အဲဒီမှာ နောင်တရပါတယ်။ အဲဒီ နောင်တရတဲ့ စိတ်အစွဲနဲ့လည်း သေသွားရော ပစောက်ရရစ်နဲ့ပဲ ပြန်တော်မူရတော့တာပါပဲ။

နောက်တစ်ခုကတော့ အနိဋ္ဌာဂ်တော သဒ္ဓမ္မေ - သူတော် ကောင်းတရားမှာ ဆုံးဖြတ်ချက်မချနိုင်ဘဲနဲ့ သေသွားတာ။ အထူး သဖြင့်တော့ ဝိပဿနာဉာဏ် မဖြစ်တာပေါ့။ ရုပ်တရားနာမ်တရား ဆိုတာ စာတွေထဲမှာ ဖတ်ဖူးတယ်။ ဆရာတော်သမားတော်တွေ ဟောတာ နားထောင်ဖူးတယ်။ ဒါပေမယ့် ရုပ်ဆိုတာ ဘာ၊ နာမ် ဆိုတာ ဘာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ မမြင်လိုက်ရဘူး။ ရုပ်နာမ်ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတွေလည်း ကိုယ်တိုင် မမြင်လိုက်ရဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေလည်း မမြင်လိုက်ရဘူး။

ကိုယ်တွေ့ဉာဏ်နဲ့ မမြင်လိုက်ရတော့ သေခါနီးကျတော့မှ

http://www.dhammadownload.com

သေရတဲ့ဆင်းရဲဟာလည်း ပင်ပန်းတယ်၊ ဘဝခန္ဓာအသစ်ဖြစ်ရတာလည်း ပင်ပန်းတယ်ဆိုတဲ့ သဘောလေးတွေ သိလာတော့ ဩော်ငါ့မှာ တစ်မဂ်တစ်ဖိုလ်ရအောင် အားမထုတ်ခဲ့မိလေခြင်း ဆိုပြီးတော့ အဲဒီမှာ သူတော်ကောင်းတရားမှာ ဆုံးဖြတ်ချက်ချနိုင်တဲ့အဆင့်ထိအောင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုက်တဲ့ အဆင့်ထိအောင် အားမထုတ်နိုင်ခဲ့တာ တွေးပြီးတော့လည်းပဲ နောင်တရတဲ့ စိတ်တွေနဲ့ သေဆုံးရတတ်ပါတယ်။

တစ်နည်းအားဖြင့်တော့လည်းပဲ တစ်မဂ်တစ်ဖိုလ် အနည်းဆုံးရအောင် အားမထုတ်နိုင်တဲ့အတွက်ကြောင့် အပါယ်လေးဘုံကို ရောက်ချင်လည်းရောက်မယ်။ ကောင်းတဲ့အာရုံနဲ့ သေရင်တော့လည်း ကောင်းရာသုဂတိရောက်မယ်။ ရဟန္တာဖြစ်အောင်၊ ဘဝခန္ဓာဇာတ် အမြစ်ပြတ်အောင် အားမထုတ်နိုင်ခဲ့ဘူးဆိုရင်ပေါ့။

အနိဋ္ဌဂ်တော သဒ္ဓမ္မေရဲ့ အထွတ်အထိပ်ကတော့ ရဟန္တာဖြစ်တာကို ပြောတာပါပဲ။ အသက်ရှင်စဉ်တုန်းက ပုထုဇဉ်ဘဝနဲ့ပဲ ကျေနပ်ခဲ့တယ်၊ သို့မဟုတ် သောတာပန်ဖြစ်တာနဲ့ပဲ ကျေနပ်ခဲ့တယ်၊ သကဒါဂါမ်ဖြစ်တာနဲ့ပဲ ကျေနပ်ခဲ့တယ်၊ အနာဂါမ်ဖြစ်တာနဲ့ပဲ ကျေနပ်ခဲ့တယ်၊ ရဟန္တာဖြစ်အောင် အားမထုတ်ဘဲ ပေါ့ပြီးတော့ နေခဲ့မိတယ်။

သေတော့မယ်ဆိုတော့၊ ဘဝအသစ်တစ်ခု ရောက်ရတော့မယ် ဆိုတော့ ဩော် ဘဝခန္ဓာဇာတ် အမြစ်မပြတ်လေခြင်းဆိုပြီးတော့ အဲဒီလိုစိတ်နဲ့ သေသွားတော့ ဘဝသစ်တစ်ခုကို တစ်ခါပြန်ပြီးတော့ ရောက်ရပြန်တယ်။ ဘဝသစ်တစ်ခုရပြီဆိုတော့ ဆင်း

http://www.dhammadownload.com


ရဲဒုက္ခ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဆင်းရဲဒုက္ခတွေ ပြန်ပြီးတော့ ခံစားရပြန်ပါတယ်။

အဲဒီလိုအားဖြင့် သေခြင်းလေးမျိုးရှိတဲ့အထဲမှာ ကာမဂုဏ်အစွဲ၊ ခန္ဓာကိုယ်အစွဲ၊ မကောင်းမှုအကုသိုလ်အစွဲတွေနဲ့ သေသွားလို့ရှိရင်တော့ ပစောက်ရရစ်နဲ့ပဲ ပြန်တော်မူရမယ်။ သူတော်ကောင်းတရားမှာ ဆုံးဖြတ်ချက် မချနိုင်ဘဲ ဒါန၊ သီလ၊ ဘာဝနာတွေအပေါ်မှာ ယုံကြည်မှုမရှိဘဲနဲ့ အပြစ်ပြောပြီးတော့ သေသွားရင်တော့လည်း ပစောက်ရရစ်နဲ့ ပြန်တော်မူရမှာပဲပေါ့။ အပါယ်လေးဘုံဆိုတဲ့ ကိုယ်ပိုင်အိမ်ကို ပြန်ရမှာပါ။

ကုသိုလ်အာရုံ၊ ကုသိုလ်စိတ်နဲ့ သေပေမယ့် ဘဝခန္ဓာဇာတ် အမြစ်ပြတ်အောင် အားမထုတ်နိုင်သေးဘူးဆိုရင်တော့လည်း အို၊ နာ၊ သေတရားတွေနဲ့ လုံးထွေးရစ်ပတ်နေတဲ့ ဘဝခန္ဓာတစ်ခုခုကို ရရတော့မှာပဲ။ ခန္ဓာအိမ်ကို ပစောက်ရရစ်နဲ့ နောက်တစ်ခေါက် ပြန်တော်မူရဦးမှာပါပဲ။ သူကတော့ အပါယ်လေးဘုံဆိုတဲ့ ကိုယ်ပိုင်အိမ်ကို မဟုတ်တော့ဘူး၊ ဘဝခန္ဓာဆိုတဲ့ ကိုယ်ပိုင်အိမ်ကို ပြန်ရမှာ။

ဘာပဲပြောပြော တရားနာပရိသတ်များအနေနဲ့ အနှစ်ချုပ် မှတ်ရမှာကတော့ သေဆုံးခြင်းနဲ့ပတ်သက်ပြီးတော့ ပစောက်ယပင့်နဲ့ ပျံတော်မူတာတစ်ခု၊ ပစောက်ရရစ်နဲ့ ပြန်တော်မူတာတစ်ခု နှစ်ခုရှိတယ်။ အဲဒီထဲက ငါတို့တော့ ပစောက်ရရစ်နဲ့ ပြန်တော်မမူစေရဘူး။ ပစောက်ယပင့်နဲ့ပဲ ပျံတော်မူအောင် ကြိုးစားမယ်။ ဒီလိုနှလုံးသွင်းရမှာ မဟုတ်ဘူးလား။

http://www.dhammadownload.com



# မိတ်ဆွေကောင်းဆိုတာ ပေးနိုင်ခဲတာ ပေးရမယ်

ဒီတော့ ပစောက်ယပင့်နဲ့ ပျံလွန်တော်မူချင်ကြတယ် ဆိုရင် အခုလိုအချိန်အခါမျိုးမှာ အဓိက ရှေးဦးစွာ လုပ်ရမယ့် အလုပ်က တရားခေါင်းစဉ်အတိုင်း သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ကြရမယ်။

သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့တယ်ဆိုတာ သေခြင်းတရားအကြောင်းကို စဉ်းစားတာကို ပြောတာပါပဲ။ တစ်နေ့ကျရင် သေရမှာပဲ၊ အချိန်မရွေး သေသွားနိုင်တယ်၊ ခဏနေ သေရင် သေသွားနိုင်တယ်၊ ဝင်သက်တစ်ရှူ ထွက်သက်တစ်ရှိုက်အတွင်းမှာ သေသွားနိုင်တယ် စသည်အားဖြင့် သေခြင်းတရားနဲ့ ပတ်သက်ပြီးတော့ စဉ်းစားတွေးတောတာကိုပဲ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့တယ်လို့ ပြောတာပါပဲ။

ကိုယ်က သေခြင်းတရားကို မိတ်ဆွေဖွဲ့တော့ သေခြင်း

http://www.dhammadownload.com

တရားကလည်း မိတ်ဆွေကောင်းပီသစွာနဲ့ ကောင်းရာကောင်းကြောင်း ဆောင်ကြဉ်းပေးတော့မှာပါပဲ၊ ကောင်းကျိုးပြုတော့မှာပါပဲ။

မိတ်ဆွေဆိုတာ ကောင်းကျိုးပြုမှ မိတ်ဆွေလို့ခေါ်ရတာ၊ ကောင်းကျိုးမပြုဘူးဆိုရင် မိတ်ဆွေဆိုတဲ့နာမည်ဟာ အပေါ်ယံနာမည်ပါပဲ။ တကယ့်နာမည်မဟုတ်ဘူး။ အဓိပ္ပာယ်ပြည့်ဝတဲ့ နာမည် မဟုတ်ဘူး။ နာမည်အစစ် မဟုတ်ဘူး။

ဒီတော့ မိတ်ဆွေရဲ့ အင်္ဂါရပ်အရည်အသွေးတွေ အများကြီးရှိတဲ့အထဲက သုံးခုလောက်ပဲ ကြည့်ရအောင်။ မိတ်ဆွေဆိုတာ ဒုဒ္ဒဒံ ဒဒါတိ - ပေးနိုင်ခဲတာကိုလည်း ပေးရမယ်။ ဒုက္ကရံ ကရောတိ - ပြုနိုင်ခဲတာကိုလည်း ပြုပေးရမယ်။ ဒုက္ခမံ ခမတိ - သည်းခံနိုင်ခဲတာကိုလည်း သည်းခံရမယ်။ ဒါမှ မိတ်ဆွေလို့ ခေါ်ပါတယ်။

ဒုဒ္ဒဒံ ဒဒါတိ ပေးနိုင်ခဲတာ ပေးတယ်ဆိုတော့ သေခြင်းတရားကို မိတ်ဆွေဖွဲ့လိုက်မယ်ဆိုရင်၊ သေခြင်းတရားကို ဆင်ခြင်ပွားများလိုက်မယ်ဆိုရင် သေခြင်းတရားဟာ မိတ်ဆွေအရာမှာတည်သွားပြီးတော့ ပွားများတဲ့ပုဂ္ဂိုလ်၊ မိမိကို မိတ်ဆွေလာဖွဲ့တဲ့ပုဂ္ဂိုလ်ကို ပေးနိုင်ခဲတဲ့အရာ ပေးပါလိမ့်မယ်။ ပေးနိုင်ခဲတဲ့အရာဆိုတာ ဘာလဲဆိုရင် မသေခြင်းတရားပါပဲ။

သေခြင်းတရားက မသေခြင်းတရားကို မပေးနိုင်ပါဘူး။ ပေးနိုင်ခဲပါတယ်။ သူက သတ္တဝါအားလုံးကို သေပဲ သေစေချင်တာပါ။ မဟုတ်ပေဘူးလား။ သေခြင်းတရားက သတ္တဝါအားလုံးကို ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်၊ ဂုဏ်ရှိဂုဏ်မဲ့၊ ဆင်းရဲချမ်း

http://www.dhammadownload.com


သာ အားလုံးကို သေပဲ သေစေချင်တာ။ မသေခြင်းဆိုတဲ့ သဘော တရားကို သူ လုံးဝ မပေးချင်ဘူး။ ပေးဖို့ အင်မတန်ခက်ခဲတဲ့ မသေခြင်းတရားကို သူပေးပါလိမ့်မယ်။

ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ သေခြင်းတရားကို မိတ်ဆွေ ဖွဲ့ပြီးတော့၊ သေခြင်းတရားကို အမြဲတမ်းအောက်မေ့ပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုမယ်၊ အထူးသဖြင့် ဝိပဿနာဘာဝနာ အလုပ်ကို အားထုတ်မယ်ဆိုရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ဆိုက် ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုမယ်။

နိဗ္ဗာန်ကို အပြီးတိုင် မျက်မှောက်ပြုနိုင်တော့မယ်ဆိုရင် ဘယ်တော့မှ မသေတော့ဘူး။ ဘယ်တော့မှ မသေနိုင်တဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်ရှိခြင်းဟာ သေခြင်းတရားကို ပွားများခြင်းကြောင့် ရရှိတာဖြစ်လို့ အဲဒီ မသေခြင်းတရားဟာ သေခြင်းတရားက ပေး တာလို့ တင်စားပြီးတော့ ပြောရပါတယ်။ ဒါ့ကြောင့် မသေခြင်း တရားတည်းဟူသော ပေးဖို့ အင်မတန်ခက်ခဲတဲ့အရာကို ပေးနိုင်တဲ့ အတွက်ကြောင့် သေခြင်းတရားဟာ မိတ်ဆွေကြီးပါ။ မိတ်ဆွေ ကောင်း မိတ်ဆွေစစ်ကြီးပါ။

■

http://www.dhammadownload.com



## မိတ်ဆွေကောင်းဆိုတာ ပြုနိုင်ခဲတာ ပြုရမယ်

ဒုက္ကရံ ကရောတိ ပြုနိုင်ခဲတဲ့အရာကိုလည်း ပြုနိုင်တယ်။ သေခြင်းတရားကို မိတ်ဆွေဖွဲ့ပြီးတော့ ဆင်ခြင်အောက်မေ့ပွားများ တယ်ဆိုရင် သေခြင်းတရားကို ဆင်ခြင်ခြင်းကြောင့် ဖြစ်ပေါ်လာ တဲ့ သံဝေဂဉာဏ်တွေနဲ့ ပြုနိုင်ခဲတဲ့အလုပ်တွေကို ပြုဖြစ်သွားပါ တယ်။

ဒါနကောင်းမှု၊ သီလကောင်းမှု၊ သမထကောင်းမှု၊ ဝိပဿနာကောင်းမှုဆိုတဲ့ ကောင်းမှုလုပ်ငန်းကြီးလေးမျိုးဟာ ပြုနိုင်ခဲ တဲ့ အလုပ်ပါပဲ။ ပြုဖို့ခက်တဲ့ အလုပ်ပါပဲ။

ဒါနကောင်းမှုဆိုတာလည်း ကိုယ့်ရှိတဲ့ပစ္စည်း၊ ကိုယ်ပိုင်တဲ့ ပစ္စည်းကို သူများကို အလကားပေးလိုက်ရတာဆိုတော့ ပေးဖို့ အင်မတန် ခက်ခဲပါတယ်။ သဒ္ဓါတရားတွေ သိပ်ကောင်းပြီးတော့ ဒါနကောင်းမှုမှာ ကျင့်သားရနေကြလို့သာ တရားနာပရိသတ်

http://www.dhammadownload.com

အနေနဲ့ ဒါနကောင်းမှုကို ပြုရတာ လွယ်နေတာ။ ဒါပေမဲ့ ဒါန ကောင်းမှုဟာလည်း ပြုဖို့ ခက်တာပဲ။

ကိုယ်နဲ့ နှုတ်နဲ့ လွန်ကျူးချင်တာကို မလွန်ကျူးအောင် စောင့်ထိန်းရတဲ့ သီလကလည်း ခက်တာပဲ။ ဘုရားဂုဏ်တော်၊ ကသိုဏ်းအာရုံ၊ မေတ္တာဘာဝနာစတဲ့ အာရုံကောင်းတစ်ခုခုမှာ တည်တံ့နေအောင်၊ ငြိမ်ဝပ်နေအောင် ထားရတဲ့ သမထကောင်းမှု ကလည်း ပြုဖို့ခက်တာပဲ။ ရုပ်တရား၊ နာမ်တရားတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာကြီးသုံးပါးကို မြင်အောင် ရှုပွားရတဲ့ ဝိပဿနာဆိုတာကတော့ ပိုခက်သွားပြီ။

ဒီ ကုသိုလ်လေးမျိုးဟာ ပြုနိုင်ခဲတဲ့၊ ပြုဖို့ခက်တဲ့ အလုပ်ဆို တာ တရားနာပရိသတ် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ကြည့်ရင် သိနိုင် ဟာပေါ့။ ဒါနကောင်းမှုကတော့ နည်းနည်းလွယ်သေးတယ်။ ဒါန ထက်စာရင် သီလလုံအောင် စောင့်ထိန်းဖို့ ပိုခက်သွားပြီ။ သီလ ထက်စာရင် သမထဘာဝနာကို ပွားများဖို့ ပိုခက်သွားပြီ။ အဲဒါ ထက် ဝိပဿနာအလုပ်ကို အားထုတ်ဖြစ်ဖို့ဆိုတာ ပိုပြီးတော့ ခက် သွားပြီ။

အဲဒီလို ပြုဖို့ရန် အင်မတန်ခက်ခဲလှပါတယ်ဆိုတဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်ကောင်းမှုလေးမျိုးကို သေခြင်း တရားပွားများတဲ့ပုဂ္ဂိုလ်၊ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ထားတဲ့ ပုဂ္ဂိုလ်ဟာ အလွယ်တကူနဲ့ ပြုဖြစ်သွားပါတယ်။

သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ဆိုတဲ့ နေရာမှာလည်း သေ မယ်လို့ ဆင်ခြင်တာသက်သက်တွင် မဟုတ်ဘူးနော်။ သေလည်း

http://www.dhammadownload.com


သေရမယ်၊ သေပြီးသွားရင်လည်း ဘဝအသစ်တွေ ထပ်ဖြစ်ရဦးမယ်။ အဲဒီအခါမှာ ကိုယ့်ရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံသာလျှင် အားကိုးရာရှိတယ်။ အဲဒီထိအောင် ဆက်ပြီးတွေးရမှာ။ အဲဒီလို တွေးဖြစ်မှလည်း သေခြင်းတရားကို သတိရတာနဲ့ တစ်ပြိုင်နက် သေခြင်းတရားကို အကောင်းဆုံး ရင်ဆိုင်ဖို့အတွက်ဆိုပြီးတော့ ကုသိုလ်ကောင်းမှုလေးမျိုးကို ပြုလုပ်အားထုတ်ဖြစ်ပါတယ်။

ကုသိုလ်အလုပ်တွေ အထူးသဖြင့် ဝိပဿနာအလုပ်တွေ အားထုတ်ဖြစ်ဖို့အတွက်ဆိုတာ သံဝေဂဉာဏ် လိုအပ်ပါတယ်။ သံဝေဂဉာဏ်ကို ဖြစ်စေတဲ့ အာရုံတွေထဲမှာ သေခြင်းတရားဟာ အကောင်းဆုံး၊ အင်အားအကြီးဆုံး၊ အပြင်းထန်ဆုံးအာရုံပါပဲ။

သေခြင်းတရားကို ပွားများခြင်းအားဖြင့် သံဝေဂဉာဏ် အထွတ်အထိပ်ကို ရောက်ရှိနိုင်ပါတယ်။ ဒါ့ကြောင့် သေခြင်းတရားတည်းဟူသော မိတ်ဆွေဟာ ပြုနိုင်ခဲတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုဖြစ်အောင် အားပေးကူညီတဲ့အတွက်ကြောင့် မိတ်ဆွေကောင်းကြီးပါ။

■

http://www.dhammadownload.com



## မိတ်ဆွေကောင်းဆိုတာ သည်းခံနိုင်ခဲ့တာ သည်းခံရမယ်

ဒုက္ခမံ ခမတိ - သည်းခံနိုင်ခဲ့တဲ့ အရာတွေကိုလည်း သည်းခံတယ်။ ဘဝမှာ ကြုံတွေ့ရတဲ့ လောကဓံအဆိုးတွေ၊ လောကဓံအကောင်းတွေ အားလုံးကို သည်းခံနိုင်ပါတယ်။ လာဘော - လာဘ်လာဘတွေ ပေါ်များ၊ ယသော - အခြံအရံတွေပေါ်များ၊ ပသံသာ - အချီးအမွမ်းခံရ၊ သုခံ - ကိုယ်ချမ်းသာ စိတ်ချမ်းသာ၊ ပစ္စည်းဥစ္စာချမ်းသာ၊ အဲဒီလို အကောင်းလောကဓံတွေနဲ့ တွေ့ကြုံလာပြန်တော့လည်း . . . .

ဒြော် ဒါတွေဟာ မိန်းမောနေစရာ၊ မာန်ယစ်နေစရာ မဟုတ်ဘူး။ တစ်နေ့ကျ သေရမှာပဲ။ သေရင် ဒါတွေအားလုံး ထားခဲ့ရမှာပဲဆိုပြီးတော့ သေခြင်းတရားလေး သတိရလိုက်တာနဲ့ တစ်ပြိုင်နက် အကောင်းလောကဓံတွေနဲ့ ကြုံလို့လည်းပဲ စိတ်မတက်တော့ဘူး။

http://www.dhammadownload.com

လာဘ်မရခြင်း၊ အခြံအရံမဲ့ခြင်း၊ အကဲ့အရဲ့ခံရခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဆိုတဲ့ အဆိုးလောကဓံတွေနဲ့ ကြုံတွေ့လာရပြန်တော့လည်း တစ်နေ့ကျ သေရမှာပဲ၊ အချိန်မရွေး သေသွားနိုင်တာပဲလို့ သေခြင်းတရားအကြောင်း သတိရလိုက်တာနဲ့ တစ်ပြိုင်နက် အဆိုးလောကဓံတွေကိုလည်း ခံနိုင်ရည်ရှိသွားတယ်။ အဆိုးလောကဓံတွေကြောင့် စိတ်မပျက်တော့ဘူး။

အကောင်းလောကဓံတွေကြောင့်လည်း စိတ်မတက်၊ အဆိုးလောကဓံတွေကြောင့်လည်း စိတ်မပျက်၊ လောကဓံအားလုံးကို ခံနိုင်ရည်ရှိတဲ့ အစွမ်းသတ္တိကို သေခြင်းတရားပွားများခြင်းက ဖန်တီးပေးနိုင်ပါတယ်။

ဘဝမှာ ဟိုဟာဖြစ်ချင် ဒီဟာဖြစ်ချင်၊ ဟိုဟာလုပ်ချင် ဒီဟာ လုပ်ချင်၊ ဟိုဟာလည်း ရယူချင် ဒီဟာလည်း ရယူချင် စသည်အားဖြင့် လိုအင်ဆန္ဒတွေများပြီးတော့ ပူလောင်နေတဲ့ သဘောကိုလည်း သေခြင်းတရားက ငြိမ်းသတ်ပေးနိုင်ပါတယ်။

သေခြင်းတရားကို ဆင်ခြင်လိုက်တာနဲ့ တစ်ပြိုင်နက် လိုအင်ဆန္ဒတွေ နည်းပါးပြီးတော့ အေးချမ်းသွားရပြန်ပါတယ်။ လိုအင်ဆန္ဒ မများအောင်လည်း သေခြင်းတရားကို ပွားများခြင်းက ထိန်းချုပ်ပေးနိုင်ပါတယ်။

လောဘ၊ ဒေါသ၊ ဣဿာမစ္ဆရိယ၊ မာန်မာန အစရှိတဲ့ စိတ်ဆိုး စိတ်ယုတ် စိတ်ပုပ် စိတ်ညံ့တွေ မိမိရဲ့ စိတ်အစဉ်မှာ ဖြစ်မလာအောင်လည်းပဲ သေခြင်းတရားပွား များခြင်းက ဖန်တီးပေးနိုင်ပါတယ်။ စိတ်ဆိုး စိတ်ယုတ်တွေ ပေါ်လာမယ်ကြံဦး၊ တစ်

http://www.dhammadownload.com

နေ့ကျ သေရမယ့်ဥစ္စာပဲ၊ ဘာလို့ စိတ်ယုတ်တွေ မွေးနေတာလဲ၊ ဘာလို့ ဒီစိတ်ပုပ်တွေ မွေးနေတာလဲ။ သေခြင်းတရားကို သတိရမယ်ဆိုရင် စိတ်ဆိုး စိတ်ယုတ် စိတ်ပုပ် စိတ်ညံ့တွေကို ကိုယ့်နှလုံးသားက ဖယ်ထုတ်နိုင်ပါတယ်။

ဝိပဿနာစိတ်ကလေး မိမိရဲ့သန္တာန်မှာ ဖြစ်မနေဘူး၊ ဝိပဿနာအလုပ်မှာ အာရုံရောက်မနေဘူး၊ ဝိပဿနာအမှတ်သတိတွေ လွတ်ပြီးတော့နေတယ်ဆိုရင်လည်းသေခြင်းတရားလေး သတိရလိုက်တာနဲ့ ဩော် ခုချိန်များသေသွား ဘယ့်နှယ်လုပ်မလဲ၊ အချိန်ပိုင်းလေးအတွင်း သေရင်သေသွားနိုင်တာ၊ ဝိပဿနာစိတ်ကလေးဖြစ်နေမှ တော်မယ်ဆိုပြီး ဝိပဿနာအာရုံယူပြီးတော့ ဝိပဿနာစိတ်ဖြစ်အောင်လည်း အားထုတ်ဖြစ်ပါတယ်။

အဲဒီလိုအားဖြင့် လောကဓံ အကောင်းအဆိုးအမျိုးမျိုးကို သည်းခံနိုင်ခြင်းနဲ့တကွ လိုအင်ဆန္ဒတွေမများအောင်၊ စိတ်ဆိုး၊ စိတ်ယုတ်၊ စိတ်ပုပ်၊ စိတ်ညံ့တွေကင်းအောင်၊ ဝိပဿနာစိတ်တွေ ဖြစ်အောင် သေခြင်းတရားပွားများခြင်းက ဖန်တီးပေးနိုင်ပါတယ်။ ဒါ့ကြောင့် သေခြင်းတရားဟာ မိတ်ဆွေစစ် မိတ်ဆွေကောင်းကြီး ဖြစ်ပါတယ်။

သေခြင်းတရားကို ပွားများတယ်ဆိုတာ ပါဠိလိုပြောမယ်ဆိုရင်တော့ မရဏာဿတိပါပဲ။ မရဏာဿတိလို့ခေါ်တဲ့ သေခြင်းတရားကို အမြဲမပြတ်ပွားများမယ်ဆိုရင် ပွားများနေတဲ့သူရဲ့သန္တာန်မှာ အပ္ပမာဒတရားနဲ့ ပြည့်စုံပါတယ်။ အပ္ပမာဒဆိုတာ မမေ့တာပါပဲ။ 'အပ္ပမာဒတရား' ဆိုတာ 'မမေ့တရား' ပေါ့။ အဓိကအား

http://www.dhammadownload.com

ဖြင့်တော့ ဝိပဿနာအလုပ်ပေါ့။ ဒါပေမဲ့ ဒါန၊ သီလ၊ သမထ ကောင်းမှုများလည်း ပါဝင်ပါတယ်။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်လေးမျိုး မမေ့တာကို အပ္ပမာဒ လို့ခေါ်တယ်။ အဲဒီ အပ္ပမာဒကို ပွားများလို့ရှိရင် ဘာရမလဲဆိုတော့ အမတကို ရပါမယ်။ အမတဆိုတာ သေခြင်းကင်းရာ နိဗ္ဗာန်ပါ။

သေခြင်းတရားကို ပွားများတာကို မရဏာဿတိ၊ မရဏာဿတိကို ပွားလို့ မမေ့မလျော့နေတာကို အပ္ပမာဒ၊ အပ္ပမာဒကြောင့် ပြည့်စုံသွားတာ အမတ၊ မရဏာဿတိကိုပွားရင် အပ္ပမာဒကို ရပါတယ်။ အပ္ပမာဒကို ပွားများလို့ရှိရင် အမတကို ရပါတယ်။ အမတဆိုတာ မသေတော့တာပေါ့။

အပ္ပမာဒတရားနဲ့ ပြည့်စုံပြီဆိုရင်၊ ဒီဘဝနဲ့ပဲ ရဟန္တာဖြစ်သွားပြီဆိုရင် နောက်ဘဝအသစ် ထပ်မဖြစ်တော့ဘူး။ ဘဝမှထပ်မဖြစ်တော့ သေခြင်းတရားလည်း ထပ်မဖြစ်တော့ဘူးပေါ့။ သေစရာ မလိုတော့ဘူးပေါ့။

ရဟန္တာထိ မဖြစ်သေးတောင်မှ အနည်းဆုံးသောတာပန်ထိဖြစ်တယ်ဆိုရင်ပဲ ဘဝတွေ သိပ်ပြီးမကျင်လည်ရတဲ့အတွက်ကြောင့်၊ သေရဦးမယ့်ဘဝ အကန့်အသတ် အပိုင်းအခြား အတိအကျရှိသွားပြီဖြစ်တဲ့အတွက်ကြောင့် အဲဒီအကန့်အသတ်တွေ ကုန်ဆုံးသွားတဲ့အခါမှာ ရဟန္တာဖြစ်ပြီးတော့ ဘဝချုပ်ငြိမ်းသွားမယ်။ အဲဒီအခါမှာလည်း သေခြင်းတရားက လွတ်မြောက်သွားမယ်။

ဒီတော့ သေခြင်းတရားမှ လွတ်မြောက်ခြင်းဆိုတဲ့ အမတကို ရတာဟာ အရင်းစစ်လိုက်တော့ မရဏာဿတိကြောင့်ပဲ။ အပ္ပ


http://www.dhammadownload.com

မာဒလေးကို ကျော်ကြည့်လိုက်ပေ့ါ။ သေခြင်းတရားကို ပွားများတဲ့ အတွက်ကြောင့် မသေခြင်းတရားကို ရပါတယ်။ မသေချင်လို့ရှိရင် ဘာလုပ်ရမလဲ။သေခြင်းတရားကို ပွားများရမယ်။

မသေတာကို လိုချင်ရင် သေတာနဲ့ အရင် ရင်းနှီးရမှာပဲ။ အသေလွတ်ရာကို လိုချင်ရင် အသေနဲ့ပဲ အရင် ရင်းနှီးရမှာပဲ။ အသေနဲ့ ရင်းနှီးတယ်ဆိုတာ သေခြင်းတရားကို ပွားများတာကို ပြောတာပါပဲ။ အသေနဲ့ရင်းမှ မသေတာကို ရမယ်။

■

http://www.dhammadownload.com



# သေခြင်းတရားနဲ့ အစမ်းသပ်မခံနိုင်ရင် သူတော်ကောင်းမဟုတ်

သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့တဲ့နေရာမှာ မိတ်ဆွေဖွဲ့နည်းကလည်း လေးမျိုးရှိပါတယ်။ မိတ်ဆွေဖွဲ့နည်း လေးမျိုးရှိတဲ့ အကြောင်းကို မြတ်စွာဘုရားရှင်က မြင်းဥပမာ၊ အာဇာနည်မြင်းဥပ-မာလေးမျိုးနဲ့ ဟောကြားထားပါတယ်။

လောကမှာ တချို့သော အာဇာနည်မြင်းတွေဟာ သခင်ဖြစ်တဲ့ပုဂ္ဂိုလ်က နှင်တံလေး ပြလိုက်တာနဲ့၊ နှင်တံအရိပ်အယောင်လေးမြင်တာနဲ့ ထိတ်လန့်တဲ့စိတ်ဖြစ်တယ်။ ငါ့သခင် ဘာများခိုင်းမလို့လဲ၊ ငါဘာများလုပ်ပေးရမလဲ ဆိုပြီးတော့ ထိတ်လန့်တဲ့စိတ်ဖြစ်ပြီးတော့ သခင်ခိုင်းတဲ့အလုပ်ကို ကျေပွန်စွာ လုပ်ပါတယ်။

ဒုတိယမြောက် အာဇာနည်မြင်းကတော့ သခင်က နှင်တံလေး ပြလိုက်ရုံနဲ့ မထိတ်လန့်သေးဘူး။ ကိုယ်လုပ်ရမယ့် အလုပ်ကို မလုပ်သေးဘူး။ မွေးညင်းလေးကို နှင်တံလေးနဲ့၊ ကြိမ်တံလေးနဲ့

http://www.dhammadownload.com

ပွတ်လိုက်တော့မှ ထိတ်လန့်တဲ့စိတ် ဖြစ်ပြီးတော့ ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်ပါတယ်။

တတိယမြောက် အာဇာနည်မြင်းကတော့ . . နှင်တံပြရုံနဲ့ လည်း မထိတ်လန့်ဘူး။ အမွေးကို ပွတ်ရုံနဲ့လည်း မထိတ်လန့်သေး ဘူး။ အရေပြားကို ထိအောင်ရိုက်မှ တစ်နည်းပြောရရင် အသားနာ အောင်ရိုက်မှပဲ ထိတ်လန့်တဲ့စိတ်ဖြစ်တယ်။ ကိုယ်လုပ်ရမယ့်အလုပ် ကို လုပ်တယ်။

စတုတ္ထမြောက် အာဇာနည်မြင်းကတော့ နှင်တံပြရုံ လောက်နဲ့လည်း မထိတ်လန့်ဘူး။ အမွေးကို ပွတ်ရုံနဲ့လည်း မထိတ် လန့်ဘူး။ အသားကို နာအောင် ရိုက်ရုံနဲ့လည်း မထိတ်လန့်သေး ဘူး။ အရိုးကွဲအောင် ရိုက်မှ၊ အရိုးထိအောင် ရိုက်မှပဲ ထိတ်လန့် တဲ့စိတ်ဖြစ်တယ်။ ထိတ်လန့်တဲ့စိတ်ဖြစ်ပြီးတော့ ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်တယ်။ အဲဒီတော့ မြင်းအာဇာနည် လေးမျိုးရှိပါ တယ်။

အဲဒီလို မြင်းအာဇာနည်လေးမျိုးရှိသလို သူတော်ကောင်း အာဇာနည်သည်း လေးမျိုးရှိတယ်။ တချို့ပုဂ္ဂိုလ်များက ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ၊ ဘယ်သူဘယ်ဝါ၊ ဘယ်ယောက်ျား၊ ဘယ် မိန်းမတော့ သေပြီတဲ့လို့ သတင်းလေးကြားလိုက်တာနဲ့ သံဝေဂ တွေ ဖြစ်တယ်။ သံဝေဂဖြစ်ပြီးတော့ ဝိပဿနာ အားထုတ်တယ်။ အားထုတ်တဲ့အတိုင်းလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီး တော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

ဒုတိယမြောက် သူတော်ကောင်းအာဇာနည်ကတော့

http://www.dhammadownload.com

သေတဲ့အကြောင်း ကြားရုံနဲ့တော့ မတုန်လှုပ်သေးဘူး။ ကိုယ့်မျက်စိရှေ့မှာ သေဆုံးနေတဲ့ ယောကျ်ား၊ မိန်းမကို မြင်ရတော့မှ ထိတ်လန့်တဲ့စိတ် ဖြစ်တယ်။ သံဝေဂဖြစ်တယ်။ ဝိပဿနာ အားထုတ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

တတိယမြောက် သူတော်ကောင်းအာဇာနည်ကတော့ သေတဲ့အကြောင်း ကြားရုံနဲ့လည်း သံဝေဂမဖြစ်ဘူး။ ကိုယ့်ရှေ့မှာ သေတာ မြင်ရုံနဲ့လည်း သံဝေဂ မဖြစ်သေးဘူး။ ကိုယ်အင်မတန်ချစ်ခင်မြတ်နိုးတဲ့ ဆွေမျိုးသွေးသားထဲက တစ်ယောက်ယောက် သေဆုံးသွားတော့မှပဲ သံဝေဂဖြစ်တယ်။ ဝိပဿနာ အားထုတ်တယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

စတုတ္ထမြောက် သူတော်ကောင်းအာဇာနည်ကတော့ သေကြောင်းကြားရုံ၊ သေတာမြင်ရုံ၊ ဆွေမျိုးသွေးသားထဲက သေရုံနဲ့လည်း သံဝေဂမရသေးဘူး။ မတုန်လှုပ်သေးဘူး။ ကိုယ်ကိုယ်တိုင် သေလုမျောပါး ဆင်းရဲဒုက္ခခံစားရပြီး အချိန်ပိုင်းအတွင်းမှာ သေရတော့မယ်ဆိုတာကို သေချာပေါက် သိတော့မှပဲ သံဝေဂဖြစ်တယ်။ သံဝေဂဖြစ်ပြီးတော့ ဝိပဿနာတရား အားထုတ်တယ်။ အားထုတ်တဲ့အတိုင်းပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။ သူတော်ကောင်း အာဇာနည်လေးမျိုး။

အဲဒီလေးမျိုးလုံး ဝိပဿနာအားထုတ်ဖြစ်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာ ဘာ့ကြောင့်

http://www.dhammadownload.com

လဲဆိုလို့ရှိရင် သေခြင်းတရားကို ပွားများလိုက်မိလို့ပါပဲ။ ဒါ့ကြောင့် 'သေခြင်းတရားသည် သူတော်ကောင်းတို့၏ မိတ်ဆွေ' ဆိုတာ ဒီ အဖြစ်အပျက်ကို ကြည့်ပြီး ပြောတာပါပဲ။

သေခြင်းတရားကို သတိရလိုက်တဲ့အတွက်ကြောင့် သံဝေဂ ဖြစ်တယ်။ အဲဒီသံဝေဂကို အခြေခံတဲ့ စိတ်စွမ်းအားနဲ့ ဝိပဿနာ အလုပ်ကို အားထုတ်လိုက်တဲ့အတွက်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

သံဝေဂအားကောင်းမှလည်း ဝိပဿနာဉာဏ်ဆိုတာက မြန်မြန်ထက်ထက် တိုးတက်သွားတာကိုး။ သံဝေဂအားနည်းနေ လို့ရှိရင် သူများအားထုတ်ဆိုလို့သာ ထုတ်နေရ၊ ဉာဏ်က မဖြစ်၊ အာရုံက မမိ၊ စိတ်က ဟိုရောက်ဒီရောက်၊ ဒီလို ဖြစ်တတ်တာကိုး။ ကိုယ်ပိုင်အသိနဲ့ သံဝေဂဉာဏ်ရှင်သန်ပြီဆိုတော့မှ ဝိပဿနာဉာဏ် ကလည်း အားကောင်းတယ်။

ဝိပဿနာဉာဏ် ထက်သန်အားကောင်းမှလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလွယ်တကူ ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။ ဒီတော့ ဒီပုဂ္ဂိုလ်လေးမျိုး တရားထူး တရားမြတ် ရသွားကြတာဟာ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့လိုက် လို့ပါပဲ။

ဒါ့ကြောင့် တစ်နေ့ကျရင် သေရမှာပဲ၊ အချိန်မရွေး သေ သွားနိုင်တာပဲလို့ ဆင်ခြင်ခြင်းဟာ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ ခြင်းပါပဲ။ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ကဲ့နေရာမှာ ငါလည်း တစ် နေ့ သေရမှာပဲလို့ ဒီလို တွေးရုံသက်သက်ကလေးနဲ့၊ သံဝေဂလေး

http://www.dhammadownload.com

တွေ ဖြစ်ပြီးတော့ ထိတ်လန့်နေရှုသက်သက်နဲ့တော့ မိတ်ဆွေ တကယ်မဖြစ်သေးဘူး။

ခုနက သူတော်ကောင်းအာဇာနည်လေးမျိုးရဲ့ သံဝေဂ ဖြစ်ပုံကို ပါဠိတော်က ပြထားတော့ ပထမဆုံး သံဝေဂ အရင်ဖြစ် တယ်။ သံဝေဂဖြစ်ပြီး ဘာလုပ်လဲဆိုတော့ အင်မတန်အရေးကြီးတဲ့ အချက်ပါပဲ။

သံဝိဂ္ဂေါ ယောနိသော ပဒဟတိ။ ( အံ၊ ၁၊ ၄၃၀။ )

'ထိတ်လန့်သည်ဖြစ်၍ နည်းမှန်လမ်းမှန်အားဖြင့် အား ထုတ်တယ်။' သံဝေဂဖြစ်၊ ဖြစ်ပြီးတော့ သံဝေဂစိတ်စွမ်းအားနဲ့ ဘာ ဆက်လုပ်ရမှာလဲဆိုတော့ နည်းမှန်လမ်းမှန်နဲ့ ဝိပဿနာအလုပ်ကို အားထုတ်ရမှာ။ မြတ်စွာဘုရားရှင် ဟောကြားထားတဲ့ နည်းလမ်း စည်းကမ်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို ဆက်ပြီးတော့ အားထုတ်သွားမှသာလျှင် သေခြင်းတရားကို ပွားများခြင်းဟာ ကိုယ့်အတွက် မိတ်ကောင်း ဆွေကောင်း ပီသသွားမှာ ဖြစ်ပါတယ်။

သေမှာလေးတွေးပြီး ထိတ်လန့်နေရုံလောက်နဲ့ သေခြင်း တရားက ကိုယ့်ရဲ့ မိတ်ဆွေစစ် မဖြစ်သေးဘူး။ သေမှာတွေးလို့ ဖြစ်လာတဲ့ သံဝေဂနဲ့ ဝိပဿနာကို နည်းမှန်လမ်းမှန် အားထုတ်မှ သေခြင်းတရားက ကိုယ့်ရဲ့ မိတ်ဆွေစစ်ဖြစ်တယ်။ ကိုယ်က သေ ခြင်းတရားကို မိတ်ဆွေဖွဲ့ရာရောက်ပါတယ်။ ဒါ့ကြောင့် မိတ်ဆွေဖွဲ့ နည်း၊ အဆင့်မြင့်မိတ်ဆွေဖွဲ့နည်းလေးကို မှတ်သားထားကြရမယ်။

■

http://www.dhammadownload.com



# ဒီနေ့တစ်ရက်သာ ငါ့ဘဝပါ

အဲဒီလို သံဝေဂဖြစ်ပြီးတဲ့နောက် ဖြစ်လာတဲ့ သံဝေဂနဲ့ ဝိပဿနာအလုပ်ကို အားထုတ်ကြရမယ်။ ဒါမှ မိတ်ဆွေဖွဲ့ရာ ရောက်တယ်။ အဲဒီလို မိတ်ဆွေဖွဲ့တဲ့နေရာမှာလည်း ဘယ်လောက် နီးကပ်တဲ့ မိတ်ဆွေဖွဲ့မှာလဲ။ သေခြင်းတရားတည်းဟူသော ကိုယ့်ရဲ့ မိတ်ဆွေကို ကိုယ်နဲ့ ဘယ်လောက် အနီးကပ် ပေါင်းသင်းမှာလဲ။ ဒါလေးလည်း လိုအပ်ပါသေးတယ်။

လောကမှာ မိတ်ဆွေတွေဆိုတာကတော့ အမျိုးမျိုး ရှိကြတာပေါ့။ တချို့မိတ်ဆွေကလည်း အလှမ်းဝေးတဲ့မိတ်ဆွေ၊ တစ်ခါတစ်ရံ အလှူအတန်းရှိမှ၊ ပွဲလမ်းသဘင်ရှိမှ၊ အခမ်းအနားတွေရှိမှ တစ်ခါတစ်ရံ တွေ့ရတဲ့မိတ်ဆွေ၊ တချို့မိတ်ဆွေကျတော့လည်း တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါဆိုသလို အိမ်လည်သွားရတဲ့ မိတ်ဆွေ၊ တချို့မိတ်ဆွေကျတော့လည်း နေ့စဉ်လိုလိုကို တွေ့ရတဲ့မိတ်

http://www.dhammadownload.com

ဆွေ၊ အဲဒီလိုအားဖြင့် ရင်းနှီးမှုအတိုင်းအတာပေါ် မူတည်ပြီး မိတ်ဆွေကလည်း အနီးအဝေး အမျိုးမျိုးရှိပါတယ်။

ခင်တာတော့ ခင်တာပဲ၊ ရင်းနှီးတာတော့ ရင်းနှီးတာပဲပေါ့။ ဒါပေမဲ့ ကိုယ့်အကြောင်းကို တချို့ပုဂ္ဂိုလ်တွေကျတော့လည်း အပြည့်အစုံ ပြောပြသင့်တယ်။ တချို့ အကြောင်းအရာတွေကျတော့လည်း မပြောသင့်ဘူး စသည်အားဖြင့် ကိုယ့်မှာဖြစ်နေတဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းအရာတွေကလည်း မိတ်ဆွေဆို တိုင်း အကုန်ပြောသင့်တာတော့ မဟုတ်ဘူးနော်။

ဒီအကြောင်းအရာ ဒီမိတ်ဆွေ ပြောသင့်ပေမယ့် ဟိုအကြောင်းအရာကျတော့ ဒီမိတ်ဆွေ ပြောသင့်ချင်မှ ပြောသင့်မှာ၊ ဒီအကြောင်းအရာပဲ ဟိုမိတ်ဆွေကိုကျတော့ ပြောသင့်ချင်မှ ပြောသင့်မှာ၊ ဟိုမိတ်ဆွေကို ပြောသင့်တဲ့အကြောင်းအရာ ဒီမိတ်ဆွေကိုကျတော့ ပြောသင့်ချင်မှ ပြောသင့်မှာ၊ မိတ်ဆွေ တစ်ယောက်နဲ့တစ်ယောက် ပြောသင့်တဲ့စကားချင်း တူချင်မှ တူမှာနော်၊ မတူပါဘူး။ အဲဒီလို စကားအားဖြင့်လည်း မိတ်ဆွေက ပုံစံအမျိုးမျိုး၊ အသွင်သဏ္ဌာန်အမျိုးမျိုး၊ အနီးအဝေးအမျိုးမျိုး ရှိတယ်။

ဒါ့ကြောင့် သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့တော့ရော ဝေးဝေးကြီးမှာ ထားပြီးဖွဲ့မှာလား၊ အဝေးမိတ်ဆွေဖွဲ့မှာလား၊ မနီးမဝေးမိတ်ဆွေဖွဲ့မှာလား၊ အနီးကပ်မိတ်ဆွေဖွဲ့မှာလား၊ အနီးကပ်ဆိုရင်လည်း ဘယ်လောက်အနီးကပ်ဖွဲ့မှာလဲ။ ဒါလေးလည်း အရေးကြီးပါတယ်။

မြတ်စွာဘုရားရှင်ကတော့ ဝင်သက်တစ်ရှူ ထွက်သက်

http://www.dhammadownload.com

တစ်ရှိုက်အတွင်းမှာပဲ သေသွားနိုင်တယ်၊ သေခြင်းတရားဟာ ဝင်သက် တစ်ရှူ ထွက်သက်တစ်ရှိုက်အတွင်းမှာပဲ ရှိတယ်လို့ အဲဒီ လောက်အထိအောင် သေခြင်းတရားနဲ့ အနီးစပ်ဆုံး မိတ်ဆွေဖွဲ့ စေချင်ပါတယ်။ သေခြင်းတရားကို ကိုယ့်ရဲ့ ဝင်သက်ထွက်သက် နားမှာ အနီးကပ်ထားပြီး မိတ်ဆွေဖွဲ့စေချင်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်က ရဟန်းတော်ရှစ်ပါးကို မြတ်စွာဘုရားရှင်က မေးတယ်။

'ချစ်သားတို့ မရဏာဿတိပွားကြရဲ့လား၊ သေခြင်းတရား နဲ့ မိတ်ဆွေဖွဲ့ကြရဲ့လား'

'မှန်လှပါ၊ မရဏာဿတိ ပွားကြကြောင်းပါ၊ သေခြင်း တရားနဲ့ မိတ်ဆွေဖွဲ့ကြကြောင်းပါ'

'ဘယ်လောက်ထိအောင် သေခြင်းတရားနဲ့ အနီးကပ် မိတ်ဆွေဖွဲ့ကြသလဲ'

တစ်ပါးက ဘုရားတပည့်တော်တော့ တစ်နေ့နဲ့တစ်ည၊ ခုခေတ်စကားနဲ့ ပြောရရင်တော့ တစ်ရက်ပေါ့လေ၊ တစ်ရက် လောက် အသက်ရှင်ခွင့်ရရင် ကောင်းမယ်၊ ဒီတစ်ရက်အတွင်းမှာ သေဆုံးသွားနိုင်တယ်၊ မသေဆုံးတဲ့ ဒီတစ်ရက်လေးအတွင်းမှာ ဝိပဿနာအလုပ်ကို ပန်းတိုင်ရောက်အောင် အားထုတ်ရရင် ကောင်းမယ်လို့ သေခြင်းတရားကို တစ်ရက်အကွာအဝေးထားပြီး တော့ မိတ်ဆွေဖွဲ့ပါတယ်။ လိုရင်းပြောတော့ တစ်ရက်အတွင်း သေနိုင်တယ်ပေါ့။

နောက်တစ်ပါးကတော့ တစ်နေ့အတွင်း၊ ညပိုင်းမပါဘူး

http://www.dhammadownload.com

ပေါ့။ အလင်းရောင်ရှိတဲ့နေ့ပိုင်း၊ တစ်နေ့အတွင်းမှာပဲ သေသွားနိုင်တယ်၊ မသေခင် တစ်နေ့ပိုင်းလေးအတွင်းမှာ ဝိပဿနာအလုပ်ကို ပန်းတိုင်ရောက်အောင် အားထုတ်ရရင် ကောင်းမယ်လို့ သေခြင်းတရားကို တစ်နေ့အကွာအဝေး ထားပြီးတော့ အနီးကပ် မိတ်ဆွေဖွဲ့ပါတယ်။

နောက်တစ်ပါးကတော့ အဲဒီနေ့လယ်ပိုင်းရဲ့တစ်ဝက်၊ နေ့တစ်ဝက်အတွင်းမှာ သေသွားနိုင်တာပဲ။ မသေခင် ဒီ နေ့တစ်ဝက်လေးအတွင်းမှာ ဘုရားအဆုံးအမကို ပြုကျင့်အားထုတ်ရင် ကောင်းမှာပဲ ဆိုပြီး သေခြင်းတရားကို နေ့တစ်ဝက်လောက် အကွာအဝေးထားပြီးတော့ မိတ်ဆွေဖွဲ့ပါတယ်။

နောက်တစ်ပါးကတော့ ဆွမ်းတစ်ထိုင်စား၊ ဆွမ်းစားတဲ့ လုပ်ငန်းအစအဆုံးပေါ့။ ဆွမ်းတစ်ထိုင်စားလေးအတွင်းမှာ သေသွားနိုင်တာပဲ။ မသေခင် ဒီဆွမ်းတစ်ထိုင်စားလေးအတွင်းမှာ ဝိပဿနာအလုပ်ကို ပန်းတိုင်ရောက်အောင် အားထုတ်ရရင် ကောင်းမယ်လို့ သေခြင်းတရားကို ဆွမ်းတစ်ထိုင်စား အကွာအဝေး ထားပြီးတော့ အနီးကပ် မိတ်ဆွေဖွဲ့ပါတယ်။

နောက်တစ်ပါးကတော့ ဆွမ်းစားချိန်ရဲ့၊ ဆွမ်းတစ်ထိုင်စားရဲ့ တစ်ဝက်အတွင်းမှာပဲ သေသွားနိုင်တာပဲ။ မသေခင် ဆွမ်းစားချိန် ဆွမ်းတစ်ထိုင်စားရဲ့ တစ်ဝက်အတွင်းမှာ တရားဘာဝနာအလုပ်ကို ပန်းတိုင်ရောက်အောင် အားထုတ်ရရင်ကောင်းမှာပဲလို့ သေခြင်းတရားကို ဆွမ်းတစ်ထိုင်စားရဲ့ တစ်ဝက်အကွာအဝေးထားပြီးတော့ အနီးကပ် မိတ်ဆွေဖွဲ့ပါတယ်။

http://www.dhammadownload.com

နောက်တစ်ပါးကတော့ ဆွမ်းလေးငါးလုတ်၊ ဆွမ်းစစား တဲ့ အချိန်ကစပြီး ဆွမ်းလေးငါးလုတ် စားနေတဲ့အချိန်အတွင်းမှာပဲ သေသွားနိုင်တာပဲ။ မသေခင် ဒီဆွမ်းလေးငါးလုတ်စားနေတဲ့ အချိန်ကာလလေးအတွင်းမှာ တရားဘာဝနာအလုပ်ကို ပန်းတိုင် ရောက်အောင် အားထုတ်ရင်ကောင်းမယ်လို့ သေခြင်းတရားကို ဆွမ်းလေးငါးလုတ်စာ အကွာအဝေးထားပြီးတော့ အနီးကပ် မိတ် ဆွေဖွဲ့ပါတယ်။

နောက်တစ်ပါးကတော့ ဆွမ်းတစ်လုတ်၊ ပထမဆုံးဆွမ်း တစ်လုတ် စားနေတဲ့အချိန်မှာကိုပဲ သေသွားနိုင်တာပဲ။ မသေခင် ဆွမ်းတစ်လုတ်စားနေတုန်းလေးအတွင်းမှာ ဘရားဘာဝနာအလုပ် ကို ပန်းတိုင်ရောက်အောင် အားထုတ်မယ်လို့ ဒီလို နှလုံးသွင်းပြီး တော့ သေခြင်းတရားကို ဆွမ်းတစ်လုတ်စာ အကွာအဝေး ထားပြီး တော့ အနီးကပ် မိတ်ဆွေဖွဲ့ပါတယ်။

နောက်တစ်ပါးကတော့ ဝင်လေရှူနေတာလေး ပြန်မ ထွက်ခင်၊ ထွက်လေရှိုက်လိုက်တာလေး ပြန်မဝင်ခင်၊ ဝင်လေ တစ်ရှူ ထွက်လေတစ်ရှိုက်လေးအတွင်းမှာပဲ သေဆုံးသွားနိုင်တယ်။ မသေခင် ဒီဝင်လေတစ်ရှူ၊ ထွက်လေတစ်ရှိုက်လေးအတွင်းမှာ တရားဘာဝနာအလုပ်ကို ပန်းတိုင်ရောက် ဆုံးခန်းတိုင် ပြီးမြောက် အောင် အားထုတ်ရရင် ကောင်းမယ်လို့ နှလုံးသွင်းပြီးတော့ သေ ခြင်းတရားကို ဝင်လေတစ်ရှူ ထွက်လေတစ်ရှိုက် အကွာအဝေး ထားပြီးတော့ အနီးကပ် မိတ်ဆွေဖွဲ့ပါတယ်။

အနီးကပ်တော့ အနီးကပ်တွေချည်းပဲ။ အနီးကပ် မိတ်

http://www.dhammadownload.com

ဆွေက ဘယ်နှမျိုးရှိသွားလဲ၊ ရှစ်မျိုးရှိသွားတယ်။ အနီးအဝေး ရှစ်မျိုး ကွာသွားတယ်။ အဲဒီတော့ တစ်နေ့တစ်ညအတွင်း၊ နေ့ညအစုံ တစ်ရက်အတွင်းမှာပဲ သေသွားနိုင်တယ်လို့ ဆင်ခြင်တယ်ဆိုရင်ကို ပဲ သေခြင်းတရားကို ဆင်ခြင်တာ တော်တော်လေး နီးနေပါပြီနော်။

ဒါပေမဲ့ မြတ်စွာဘုရားရှင်က တစ်ရက်အတွင်း၊ တစ်နေ့ အတွင်း၊ နေ့ဝက်အတွင်း၊ ဆွမ်းတစ်ထိုင်စားအတွင်း၊ ဆွမ်းတစ်ထိုင် စားရဲ့ တစ်ဝက်အတွင်း၊ လေးငါးလုတ်အတွင်း၊ အဲဒီလို အချိန် ကာလ ခြောက်မျိုးအတွင်းမှာ သေသွားနိုင်တယ်လို့ ဆင်ခြင်တဲ့ ရဟန်းတော်ခြောက်ပါးကို မချီးမွမ်းပါဘူး။

'မင်းတို့ တယ်မေ့တာကိုးကွယ်။ တယ်ပြီးတော့ ပမာဒ တရား လွှမ်းမိုးတာကိုး။ အပ္ပမာဒတရား မရှိလိုက်လေခြင်း' လို့ မိန့်ကြားတော်မူပါတယ်။

ဆွမ်းတစ်လုတ်စားအတွင်းမှာကို သေသွားနိုင်တယ်။ ဝင်လေ တစ်ရှူ ထွက်လေတစ်ရှိုက်အတွင်းမှာကို သေသွားနိုင်တယ် ဆိုပြီး ဆင်ခြင်တဲ့ ရဟန်းတော်နှစ်ပါးကို မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်က ချီးမွမ်းပါတယ်။ 'တော်ကြပါပေတယ်ကွယ်၊ သင်တို့ မမေ့မလျော့ နေကြပါပေတယ်' လို့ ချီးမွမ်းတော်မူပါတယ်။

ဒီတော့ မြတ်စွာဘုရားချီးမွမ်းတဲ့ ထမင်းတစ်လုတ် အတွင်း၊ ဝင်လေတစ်ရှူ ထွက်လေတစ်ရှိုက်အတွင်းမှာကို သေ သွားနိုင်တယ်။ ဒီမသေခင်လေးအတွင်းမှာ တရားဘာဝနာအလုပ် ကို မိမိရရနဲ့ အပိုင်အားထုတ်လိုက်မဟုတ်လို့ နှလုံးမသွင်းနိုင်ကောင်မှ မြတ်စွာဘုရား မချီးမွမ်းဆုံးဖြစ်တဲ့၊ မိတ်ဆွေဖွဲ့တဲ့နေရာမှာ အဝေး

http://www.dhammadownload.com

ဆုံးဖြစ်နေတဲ့ 'တစ်ရက်အတွင်း သေနိုင်တယ်' ဆိုတာကို တရားနာပရိသတ်များ ဆင်ခြင်နိုင်မယ်ဆိုရင် အင်မတန် အကျိုးများလှပါပြီ။

ငါ့ရဲ့အသက်ရှင်ရမယ့်ကာလဟာ တစ်ရက်ပဲရှိတယ်။ ဒီနေ့ တစ်ရက်ပဲ ငါပိုင်တယ်။ ဒီနေ့တစ်ရက်ပဲ ငါအသက်ရှင်ခွင့်ရှိတယ်။ မနက်ဖြန်ဆိုရင်တော့ သေချင်သေသွားနိုင်တယ်။ မနက်ဖြန်ဆိုတာ ငါ့အတွက် မသေချာဘူး။ ငါပိုင်တာ ဒီနေ့တစ်ရက်တည်းပဲ။ မနက်ဖြန် သေချင် သေသွားမှာ။

မနက်ဖြန် သေချင်သေသွားမှာဆိုတာထက် သေမှာလို့သာ သဘောထားလိုက်တာ အကောင်းဆုံးပါပဲနော်။

မနက်ဖြန်ဆိုရင်တော့ ငါသေတော့မှာပဲ၊ ဒီနေ့တစ်ရက်ပဲ ငါအသက်ရှင်ခွင့်ရှိတယ် လို့ အဲဒီလို ထပ်ကာထပ်ကာ နှလုံးသားရဲ့ အနက်ရှိုင်းဆုံး ရောက်အောင် နှလုံးသွင်းဆင်ခြင်နိုင်မယ်ဆိုရင် အဲဒီတစ်ရက်ဟာ တစ်ရက်ဆိုတစ်ရက် အင်မတန် အဖိုးတန်သွားပါပြီ။

ငါ့အတွက် ဒီနေ့တစ်ရက်ပဲ အသက်ရှင်သန်ခွင့်ရှိတယ်လို့ စိတ်ထဲမှာ နက်နက်ရှိုင်းရှိုင်း ထင်မြင်နေပြီဆိုရင် ဒီတစ်ရက်ကလေးကို မကောင်းမှု အကုသိုလ်အလုပ်တွေနဲ့ အချိန်ဖြုန်းဖြစ်မှာ မဟုတ်တော့ပါဘူး။ လောကီအာရုံ ကာမဂုဏ်တွေနဲ့ချည်းလည်း အချိန်ဖြုန်းဖြစ်မှာ မဟုတ်တော့ပါဘူး။ ကောင်းမှုကုသိုလ်အလုပ်တွေကိုပဲ စက္ကန့်တိုင်း၊ မိနစ်တိုင်း လုပ်ဖြစ်အောင် ကြိုးစားတော့မှာ သေချာပါတယ်။

မလွဲမရှောင်သာလို့ လောကီကိစ္စ လူမှုအလုပ်တွေ လုပ်

http://www.dhammadownload.com

ရတယ်ဆိုရင်လည်းပဲ တရားသတိလေးနဲ့၊ အမှတ်သတိလေးနဲ့ပဲ လုပ်ဖြစ်တော့မှာပါနော်။ လောကီမှာ နေရင်တော့ လောကီအလုပ်တွေက မလုပ်လို့ ဖြစ်မှမဖြစ်ဘဲကိုး။


တကယ့်ကို မနက်ဖြန် သေရတော့မယ်၊ ဓမ္မသဘောအရ မဟုတ်ဘဲ လောကသဘောအရ ဒီနေ့တစ်ရက်ပဲ အသက်ရှင်ရတော့မယ်ဆိုရင်တော့ လောကီအလုပ်တွေလုပ်ဖို့ လုံးဝမလိုတော့ပါဘူးနော်။ တရားအလုပ်ပဲ အချိန်ပြည့်အားထုတ်ရုံပါပဲ။ ပတ်ဝန်းကျင်ကလည်း မနက်ဖြန်သေမယ် လို့ သေချာနေတဲ့ လူတစ်ယောက်ကို တရားအားထုတ်ခွင့်၊ ကုသိုလ်ပြုခွင့် ပေးမှာပါပဲ။

ကိုယ်က တစ်ရက်ပဲ အသက်ရှင်တော့မယ် လို့ တရားသဘောအရ နှလုံးသွင်းထားတာဆိုရင်တော့ မလွဲမရှောင်သာ လောကီကိစ္စ လူမှုအလုပ်တွေ လုပ်နေရပေမယ့် စိတ်လွတ်ကိုယ်လွတ်မလုပ်ဘဲ အမှတ်သတိလေးနဲ့ လုပ်ရမယ်။ ဒါဆိုရင် အလုပ်လုပ်နေပေမယ့်လည်း တရားအလုပ် မပျက်တော့ဘူးပေါ့။

လောကီအာရုံ ကာမဂုဏ်တွေကို ကိုယ်က မစွန့်ပစ်နိုင်သေးလို့ ခံစားရပြန်တော့လည်း အမှတ်သတိလေးနဲ့ ခံစားရမှာပေါ့။ မေ့မေ့မြောမြောကြီးနဲ့ သူ့ဘက်လိုက်ပြီး မခံစားဘဲနဲ့ အမှတ်သတိလေးနဲ့ ကိုယ့်ဘက်ပါအောင် ခံစားဖို့ လိုတာပါပဲ။

ဒါ့ကြောင့် သေခြင်းတရားကို မိတ်ဆွေဖွဲ့တဲ့နေရာမှာ တစ်ရက်လောက်ကလေး အနီးကပ်ဆုံးထားပြီး မိတ်ဆွေဖွဲ့ရင်ကို အင်မတန် အကျိုးများလှပါပြီ။ အဲဒီလို ဖွဲ့နိုင်တယ်ဆိုရင်ပဲ၊ ကိုယ့်ကို သေခြင်းတရားက မိတ်ဆွေကောင်း ပီသစွာနဲ့ ကောင်းကျိုးပြုပါပြီ။

http://www.dhammadownload.com



## ကျေးဇူးအများကြီးတင်ပါတယ် သေခြင်းတရား

အဲဒီတော့ တစ်ရက်ဆိုတာ အသာထားလိုက်ပါဦး၊ ခုနစ်ရက်ဆိုတဲ့ကာလလေးမှာ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့လိုက်မယ်၊ ခုနစ်ရက်ကာလအတွင်း သေရမှာပဲ၊ ခုနစ်ရက်ပြည့်ရင်တော့ သေရမှာပဲ၊ ငါ့ရဲ့ အသက်ရှင်သန်ခွင့်ဟာ ခုနစ်ရက်ပဲရှိတယ်လို့ သေခြင်းတရားကို ခုနစ်ရက် အနီးနားလေးမှာ ထားပြီးတော့ မိတ်ဆွေဖွဲ့လိုက်မယ်ဆိုရင်ပဲ . . . လောကီကောင်းကျိုးရော၊ လောကုတ္တရာကောင်းကျိုးရော အတော်ကြီးများနေပါပြီ။

မြတ်စွာဘုရားရှင် လက်ထက်တုန်းက သာဝတ္ထိမြို့အနီး မြစ်တစ်ဖက်ကမ်းမှာ ကုန်သည်ကြီးတစ်ယောက် နောက်ပါလှည်းငါးရာနဲ့အတူ လှည်းဝိုင်းဖွဲ့ပြီး စတည်းချနေထိုင်ခဲ့ဖူးပါတယ်။

သာဝတ္ထိမြို့နဲ့ မိုင်ပေါင်းများစွာဝေးကွာတဲ့ ဗာရာဏသီမြို့ကနေ လှည်းငါးရာအပြည့် အထည်အလိပ်တွေ တင်ပြီး သာဝတ္ထိ

http://www.dhammadownload.com

မြို့ရဲ့ ခုနစ်ရက်ကြာကျင်းပတဲ့ နက္ခတ်သဘင်ပွဲမှာ ရောင်းဝယ်ဖောက်ကားဖို့ ထွက်လာခဲ့တာပါ။

သာဝတ္ထိမြို့ရောက်လုနီး မြစ်တစ်ခုနား အရောက်မှာတော့ မနက်ဖြန်မှ သာဝတ္ထိဘက် ကူးမယ်ဆိုပြီး မြစ်ကမ်းအနီးမှာ လှည်းတွေ ချွတ်၊ လှည်းဝိုင်းဖွဲ့ပြီး တစ်ညတာ စခန်းချ နားနေခဲ့ပါတယ်။

ညရောက်တော့ မမျှော်လင့်ဘဲ မိုးကြီးသည်းထန်စွာ ရွာသွန်းလိုက်တဲ့အတွက် မြစ်ရေ တရကြမ်း စီးဆင်းပြီး မြစ်ရေကြီး၊ မြစ်ရေ လျှံသွားခဲ့ပါတယ်။

ခုနစ်ရက်လုံးလုံး ရေမကျတဲ့အတွက် သာဝတ္ထိဘက် ကူးလို့မရ ဖြစ်သွားပါတယ်။ ခုနစ်ရက်လွန်လို့ မြစ်ရေလည်း ကူးလို့ရရော၊ သာဝတ္ထိမြို့က နက္ခတ်သဘင်ပွဲလည်း ပြီးရောဆိုတော့ ကုန်သည်ကြီးမှာ အခက်တွေ့ရပါတော့တယ်။

ထွက်လာခဲ့တဲ့ ခရီးက ဝေးလံလွန်းလှတဲ့အတွက် အထည်အလိပ်တွေ ပြန်သယ်သွားရင် အပြန်ခရီးမှာ အချိန်လည်းကြာ၊ လူလည်း ပန်း၊ စရိတ်လည်း ထောင်းမှာမို့ ဗာရာဏသီ မပြန်တော့ဘဲ ဒီလှည်းဝိုင်းမှာပဲ စခန်းချနေထိုင်ရင်း အထည်တွေ တဖြည်းဖြည်း ကုန်အောင်ရောင်းတော့မယ်၊ နွေရော၊ မိုးရော၊ ဆောင်းရော ဒီနေရာမှာပဲ နေတော့မယ်၊ တစ်နှစ်လုံး ဒီမှာနေ၊ ဒီမှာစီးပွားရေးလုပ်ပြီးမှ ဗာရာဏသီ ပြန်တော့မယ်လို့ ကုန်သည်ကြီးက ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီလို ဆုံးဖြတ်လိုက်တဲ့အချိန်မှာ မြတ်စွာဘုရားရှင်က

http://www.dhammadownload.com

သာဝတ္ထိမြို့တွင်းမှာ ဆွမ်းခံကြွနေပါတယ်။

ကုန်သည်ကြီးရဲ့စိတ်အကြံကို သိတော်မူတဲ့အတွက် မြတ်စွာဘုရားရှင်က ပြုံးတော်မူပါတယ်။ နောက်ထပ်ခုနစ်ရက်သာ အသက်ရှင်ရတော့မယ့်သူက တစ်နှစ်လုံး သာဝတ္ထိမှာနေဖို့ ကြံစည်နေပါလားဆိုတဲ့ အသိနဲ့ ပြုံးတော်မူခြင်းပါပဲ။

ပြုံးရခြင်းအကြောင်း အရှင်အာနန္ဒာကို ပြောပြတော့ အရှင်အာနန္ဒာက မြတ်စွာဘုရားထံ ခွင့်ပန်ပြီး ကုန်သည်ကြီးရှိရာ လှည်းဝိုင်းကို ဆွမ်းခံကြွတော်မူပါတယ်။

ဆွမ်းလောင်းလာတဲ့ကုန်သည်ကြီးကို 'အသက်ရဲ့ အန္တ-ရာယ် ဆိုတာ သိဖို့မလွယ်ကြောင်း၊ အချိန်မရွေး၊ နေရာမရွေးမှာ အရွယ်မရွေး သေသွားနိုင်တဲ့အတွက် မသေခင် ကိုယ်ပိုင်တဲ့ လောလောလတ်လတ် အချိန်ပိုင်းကလေးမှာ ဒါန၊ သီလ၊ သမထ၊ ဝိပ-ဿနာဆိုတဲ့ အပ္ပမာဒလုပ်ငန်းကြီးလေးရပ်ကို မမေ့မလျော့ ပြုသင့်ကြောင်း' အရှင်အာနန္ဒာက မိန့်ကြားတော်မူပါတယ်။

'နောက်ခုနစ်ရက်ပြည့်ရင် ဘဝတစ်ပါး ပြောင်းသွားရတော့မယ်လို့ မြတ်စွာဘုရား မိန့်တော်မူကြောင်း' ကိုပါ ပြောပြလိုက်တဲ့အတွက် ကုန်သည်ကြီးခမျာ သတိသံဝေဂ အကြီးအကျယ် ရသွားပါတယ်။ ကိုယ့်ရဲ့ သေခြင်းတရားကို ကိုယ့်ရဲ့ အနီးအနားမှာ တွေ့မြင်လိုက်ရတော့ သတိသံဝေဂ အားကောင်းသွားတာပေါ့။

သေခြင်းတရားကြောင့် အင်အားကြီးမားစွာ ဖြစ်ထွန်းလာတဲ့ သတိသံဝေဂကို အခြေခံပြီး ကုန်သည်ကြီးဟာ အပ္ပမာဒလုပ်ငန်းကြီးလေးရပ်ကို ခြေလှမ်းသွက်သွက် အရှိန်ပြင်းပြင်း ပြုလုပ်

http://www.dhammadownload.com

အားထုတ်ပါတယ်။

ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ခုနစ်ရက်တိုင်တိုင် ဆွမ်းအလှူတွေပေး၊ သီလတွေ ဆောက်တည်ကျင့်သုံး၊ သမထ၊ ဝိပဿနာ၊ ဘာဝနာတရားတွေပွားများနဲ့ အပ္ပမာဒလုပ်ငန်းကြီး လေးရပ်ကို ဇယ်ဆက်သလို အကွက်စေ့စေ့ အားထုတ်လိုက်တာ ခုနစ်ရက်ပြည့်တဲ့နေ့မှာ သောတာပန် အရိယာပုဂ္ဂိုလ် ဖြစ်သွားခဲ့ပါ တယ်။

'အသိဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အချိန်မရွေး၊ နေရာမရွေးမှာ အရွယ်မရွေး သေသွားနိုင်တယ်ဆိုတဲ့ အသက်ရဲ့ အန္တရာယ်ကို မသိမမြင် မဆင်ခြင်နိုင်တဲ့အတွက် . . .

ဒီနေရာမှာပဲ မိုးလေးလပတ်လုံး နေမယ်။ ဒီနေရာမှာပဲ ဆောင်းလေးလပတ်လုံး နေမယ်။ ဒီနေရာမှာပဲ နွေလေးလပတ်လုံး နေမယ်။ ဒီနေရာမှာပဲ တစ်နှစ်ပတ်လုံး နေမယ်လို့ လွဲမှားစွာ ကြံစည် ဆုံးဖြတ်တတ်ကြပါတယ်'

အဲဒီ မြတ်စွာဘုရားတရားကို နာကြားရင်း သတိပဋ္ဌာန် ဝိပဿနာတရား ပွားများအားထုတ်လိုက်လို့ သောတာပန်ဖြစ်သွား ခဲ့တာပါ။

တရားအဆုံး သောတာပန်ဖြစ်ပြီးတဲ့နောက် မြတ်စွာ ဘုရားနဲ့ သံဃာတော်တွေကို လိုက်ပို့ပြီး လှည်းဝိုင်း ကိုယ့်နေရာ ကိုယ်ပြန်အရောက် ခေါင်းမူးတယ်ဆိုပြီး အိပ်ရာပေါ် လှဲအိပ်လိုက် တာ လှဲအိပ်နေရင်းနဲ့ပဲ ဘဝတစ်ပါး ပြောင်းသွားခဲ့ပါတယ်။

အပ္ပမာဒလုပ်ငန်းတွေကို ပြည့်စုံပြီးမြောက်အောင် အား

http://www.dhammadownload.com

ထုတ်လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် သေလွန်တဲ့အခါ တုသိတာနတ်ပြည်ကို လားရောက်ခဲ့ရပါတယ်။


တုသိတာနတ်ပြည်ရောက်ရတဲ့ လောကီအကျိုး၊ သောတာပန် ဖြစ်ရတဲ့ လောကုတ္တရာအကျိုးတွေဟာ သေခြင်းတရားကို အနီးကပ် သတိရလိုက်မိခြင်းရဲ့ အကျိုးတရားတွေပါပဲ။

ခုနစ်ရက်ပြည့်ရင် သေရမယ်ဆိုတာသာ အစကကြိုမသိခဲ့ရင်၊ ကြိုသိပေမယ့်လည်း မသေခင်လုပ်ရမယ့်အလုပ်ကို မှန်မှန်ကန်ကန် မဆုံးဖြတ်တတ်ခဲ့ရင်၊ ဆုံးဖြတ်တတ်ပေမယ့်လည်း တကယ်လက်တွေ့ အလုပ်မလုပ်ဖြစ်ခဲ့ရင် အခုလို လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေ ရလာမှာ မဟုတ်ပါဘူး။

လူတိုင်းလူတိုင်း ကုန်သည်ကြီးလို သေခြင်းတရားကို ကိုယ်နဲ့ အနီးကပ်ဆုံးနေရာမှာ ထားပြီး ရှုမြင်ဆင်ခြင်နိုင်ခဲ့မယ်ဆိုရင် အံ့ဩဖွယ်ကောင်းလောက်အောင် လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေ ရလာမှာ သေချာပါတယ်။

သေခြင်းတရားကို ကြိုတွေးခြင်း၊ ကြိုသိခြင်းဟာ လောကီ၊ လောကုတ္တရာ အဖိုးတန်ရတနာသိုက်တွေကို အမြန်ဆုံး တူးဖော်ပေးမယ့် အကောင်းဆုံးလက်နက်ပါပဲ။

http://www.dhammadownload.com



## သေခြင်းတရားကို အသေသတ်ပစ်လိုက်ရအောင်

ကုန်သည်ကြီးကို သောတာပန်ဖြစ်စေတဲ့ ဂါထာလေးကလည်း အင်မတန် မှတ်သားစရာ ကောင်းပါတယ်။

'ဗာလလို့ခေါ်တဲ့ အသိဉာဏ်ပညာမရှိတဲ့ပုဂ္ဂိုလ်ဟာ သေခြင်းရဲ့ အန္တရာယ်ကို မသိနိုင်ဘူး။ မသိမမြင် မဆင်ခြင်နိုင်ဘူး။ အချိန်မရွေး၊ နေရာမရွေး၊ အရွယ်မရွေး သေဆုံးသွားနိုင်တယ်ဆိုတာကို မဆင်ခြင်မိကြဘူး။ မဆင်ခြင်မိကြတဲ့အတွက်ကြောင့် တစ်နှစ်လုံး ဒီမှာပဲ နေမယ်၊ နွေလေးလလုံး ဒီမှာပဲနေမယ်၊ မိုးလေးလလုံး ဒီမှာပဲနေမယ်၊ ဆောင်းလေးလလုံး ဒီမှာပဲနေမယ် ဆိုပြီးတော့ ဆုံးဖြတ်ချက်တွေချကြပါတယ်' တဲ့။

သေမင်းလို့ခေါ်တဲ့ သေခြင်းတရားမှာ မရွေးသုံးပါးရှိတယ်။ သေခြင်းတရားဟာ မရွေးသုံးပါး လက်ကိုင်ထားပြီးတော့ သတ္တဝါတွေကို တိုက်ခိုက်နေပါတယ်။ ပါဠိအတိုင်းဆိုရင်တော့

http://www.dhammadownload.com

ကာလ၊ ဒေသ၊ ဝယပေါ့။ ကာလ = အချိန်မရွေး၊ ဒေသ = နေရာမရွေး၊ ဝယ = အရွယ်မရွေး။ အချိန်မရွေး၊ နေရာမရွေး၊ အရွယ်မရွေးဆိုတဲ့ မရွေးသုံးပါး၊ လက်နက်ကြီးသုံးမျိုးနဲ့ သေမင်းက သတ္တဝါများကို တိုက်ခိုက်နေတယ်။

'အချိန်မရွေး'၊ သတ္တဝါတွေဟာ အချိန်မရွေး သေသွားနိုင်တာပဲ။ မနက်ပိုင်းလည်း သေသွားနိုင်တာပဲ။ နေ့လယ်ပိုင်းလည်း သေသွားနိုင်တာပဲ၊ ညနေပိုင်းလည်း သေသွားနိုင်တာပဲ၊ ဘယ်အချိန်အခါမျိုးမှာမဆို သေသွားနိုင်တယ်။

'နေရာမရွေး'၊ သတ္တဝါတွေဟာ ဘယ်နေရာ ဘယ်ဒေသမှာမဆို သေသွားနိုင်တယ်။ သထုံမှာ မွေးတဲ့သူ၊ သထုံမှာ အခြေချတဲ့သူက ရန်ကုန်သွားနေတုန်းခဏမို့ သေမင်းက ခေါ်ချင်တဲ့ ဥစ္စာ၊ ဪ သူက သထုံမှာနေတဲ့သူပဲ၊ ရန်ကုန်မှာရောက်နေတုန်းမို့လို့ မခေါ်သေးပါဘူးလို့ ရှိလား။ မရှိဘူးနော်။ ဘယ်နေရာမှာမဆို သေမင်းက ဆွဲခေါ်သွားနိုင်တာပဲနော်။

မကြာခင်ကပဲ ဦးဇင်းတို့နဲ့ ရင်းနှီးတဲ့ ဒကာကြီး တစ်ယောက်ရဲ့ဇနီးမယား မော်လမြိုင်ခဏသွားတုန်း မော်လမြိုင်မှာ ဆုံးသွားသတဲ့။ သထုံမှာနေတဲ့ ဒကာမကြီးကို သေမင်းက ဪ သူမော်လမြိုင် ခဏလာတုန်း မခေါ်ပါဘူးလို့ ရှိလား။ မရှိပါဘူးနော်။ မရှိလို့ပဲ ခေါ်သွားပါပြီ။ ဒါ့ကြောင့် သေမင်းဟာ နေရာမရွေးပါဘူး။ နေရာမရွေး သေမင်းက ခေါ်သွားနိုင်ပါတယ်။

'အရွယ်မရွေး'၊ သတ္တဝါတွေဟာ အရွယ်မရွေး သေသွားနိုင်ပါတယ်။ လူငယ်ပိုင်း၊ လူလတ်ပိုင်းမို့လို့ မခေါ်သေးပါဘူးလို့

http://www.dhammadownload.com

လည်း မရှိပါဘူး။ လူကြီးပိုင်းကလည်း ၆၀၊ ၇၀ ဆိုတော့ နေနိုင်ပါသေးတယ်လေ၊ အသက် ၈၀၊ ၉၀ မှခေါ်မယ်လို့ ဒီလိုလည်း မရှိပါဘူး။ ဘယ်အရွယ်မျိုးမှာမဆို ငယ်တဲ့အရွယ်မှာပဲဖြစ်ဖြစ်၊ လတ်တဲ့အရွယ်မှာပဲဖြစ်ဖြစ်၊ ကြီးတဲ့အရွယ်မှာပဲဖြစ်ဖြစ်၊ အသက်တိုင်းအရွယ်တိုင်းမှာ သေမင်းက ဆွဲခေါ်သွားနိုင်တာပဲ။

ဒါ့ကြောင့် သေမင်းဟာ မရွေးသုံးပါး လက်ကိုင်ထားပြီးတော့ သတ္တဝါတွေကို အမြဲ တိုက်ခိုက်နေပါတယ်။ သေမင်းစွဲကိုင်ထားတဲ့ လက်နက်ကြီးသုံးပါးက မရွေးသုံးပါးပါ။

အဲဒီလို သေမင်းက မရွေးသုံးပါးနဲ့ တိုက်ခိုက်နေတာကို မသိကြတော့ ဒီမှာ ဘယ်လောက်နေမယ်၊ ဟိုမှာတော့ ဘယ်လောက်နေမယ်နဲ့ ဒီလို စီမံကိန်းတွေ ချကြပါတယ်တဲ့။ ဒါဟာ ဘာလဲဆိုတော့ အသိအလိမ္မာ၊ ဉာဏ်ပညာမရှိတဲ့ ပုဂ္ဂိုလ်များရဲ့ လွဲမှားစွာ ကြံစည်ခြင်းမျှသာ ဖြစ်ပါတယ်လို့ ဟောကြားထားပါတယ်။

ဒါ့ကြောင့် ဦးဇင်းတို့ ဒီမှာ သထုံမှာ ရွှေပါရမီတောရဆိုပြီးတော့ တောရလာဆောက်တည်တော့ မေးကြတယ်။ အရှင်ဘုရား ဒီမှာဘယ်လောက်နေမှာလဲ၊ ဘယ်နှနှစ်လောက် တောရဆောက်တည်မှာလဲ။ အဲဒီမေးခွန်းလေးတွေကို အခြေအနေအားလျော်စွာ၊ အတိုင်းအတာအားလျော်စွာ ဖြေရတိုင်း ဖြေရတိုင်း ဒီတရားတော်ကို အမြဲတမ်း သတိရပါတယ်။ တစ်နှစ်နေမယ်လို့ ပြောလည်း ဒီတစ်နှစ်အတွင်း သေသွားရင် ဘယ့်နှယ်လုပ်မလဲ။ ဒီတော့ ဘယ်နှနှစ်နေမယ်လို့ ရဲရဲကြီးတော့ မပြောဝံ့ပါဘူးနော်။

http://www.dhammadownload.com

ဒါကြောင့် မရွေးသုံးပါးနဲ့ တိုက်ခိုက်နေတဲ့ သေမင်းကို တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ကလည်းပဲ သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ထားတဲ့ ပုဂ္ဂိုလ်များပီပီ မရွေးလေးပါးနဲ့ ပြန်ပြီးတော့ တိုက်ခိုက်ရမယ်။

ဘောလုံးကန်တယ်ဆိုရင် ဟိုတစ်ဖက်အသင်းက ကိုယ့်ကို တိုက်စစ်ဆင်လာရင် ကိုယ့်ဘက်ကလည်း တိုက်စစ်ဆင်ရမှာပဲနော်။ ဟိုဘက်က အကွက်ကျကျနဲ့ ဂိုးသွင်းဖို့ ကြိုးစားလာရင် ကိုယ့်ဘက်ကလည်း ကိုယ့်လူတွေနဲ့ အကွက်ဆင်ပြီးတော့ ဂိုးသွင်းနိုင်အောင် ကြိုးစားရမှာပဲ။ တစ်ဖက်က ဂိုးသွင်းပြီးတော့ တိုက်စစ်ဆင်နေတာပဲ ထိုင်ကြည့်နေလို့ကတော့ တစ်လုံးပြီးတစ်လုံး အရှုံးခံရမှာပဲနော်။

ဒီတော့ မရွေးသုံးပါးနဲ့တိုက်ခိုက်နေတဲ့ သေမင်းကို ကိုယ်က မရွေးလေးတစ်ခုထပ်တိုးလိုက်။ မရွေးလေးပါးနဲ့ ပြန်တိုက်မယ်။ ဘာလဲ မရွေးလေးပါး။ ဦးဇင်းတို့ မကြာမကြာ ဟောနေပါတယ်။ မှတ်မိမလားတော့ မပြောတတ်ဘူး။ ဆိုလိုက်ပါတော့။

အလုပ်, နေရာ၊ ဣရိယာ၊ ချိန်ခါမရွေးရှု။

ဆောင်ပုဒ်ကို ကြည့်ပြီးတော့ ပြောတတ်ပါပြီ။ အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေးဆိုပြီးတော့ မရွေးလေးပါး။ အဲဒီမရွေးက ဘာလုပ်ရမှာလဲလို့ဆိုတော့ စားရမှာ မဟုတ်ဘူးနော်။ ဒီမရွေးက စားရတဲ့မရွေး မဟုတ်ဘူး၊ လုပ်ရတဲ့ မရွေး။

အလုပ်မရွေးဆိုတာ သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို အ

http://www.dhammadownload.com

လုပ်မရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ ဘာအလုပ်လုပ်နေလို့ ဝိပဿနာ မရှုနိုင်ဘူးဆိုတာ မရှိစေရဘူး။ ဘာအလုပ်ပဲလုပ်လုပ် ဝိပဿနာ ရှုနိုင်ရမယ်၊ ထမင်းစားတဲ့ အလုပ်လုပ်နေလည်း ရှုရမှာပဲ။ အဝတ်လျှော်တဲ့ အလုပ်လုပ်နေလည်း ရှုရမှာပဲ။ ထမင်းချက် ဟင်းချက်တဲ့ အလုပ်လုပ်နေလည်း ရှုရမှာပဲ။ အလုပ်မရွေး ရှုရမယ်။

ရှုလည်းရှုလို့ ရပါတယ်။ ထမင်းချက်နေရင်းနဲ့ ချက်တယ် ချက်တယ်လို့ မှတ်လိုက်တော့ အမှတ်ဖြစ်မသွားဘူးလား။ ဝိပဿ-နာ ဖြစ်သွားတာပါပဲ။ ငရုတ်သီးထောင်းတော့ရော။ ထောင်းတယ် ထောင်းတယ် မှတ်လိုက်တာ ဘာများခက်လို့လဲ။ သို့သော် ဉာဏ် ကတော့ ထောင်းတယ် ဆိုပြီးတော့ ငရုပ်ကျည်ပွေ့တို့ လက်တို့ဆီမှာ အာရုံမရောက်ရဘူးပေါ့။ ပထမအစမှာတော့ ပညတ်အာရုံတွေ မကင်းနိုင်သေးဘူးပေါ့။ သမာဓိဉာဏ် အားကောင်းလာပြီဆိုရင် တော့ အဲဒီပညတ်တွေ ကွာကျပြီးကော့ အတွင်းထဲက ပရမတ် သဘော မြင်လာမယ်။

စကတည်းကလည်း ပရမတ်သဘောကို မြင်အောင် စိတ် က အာရုံညွှတ်ထားရမယ်။ ငရုတ်သီးထောင်းတယ်ဆိုလို့ရှိရင် ထောင်းချက်တိုင်း ထောင်းချက်တိုင်း တဖြည်းဖြည်းချင်း လက်က ရွေ့လျားတွန်းကန်မှုသဘောလေး မရှိဘူးလား။ အဲဒီရွေ့လျားမှု သဘောလေး အပေါ်တက်လိုက် အောက်ကျသွားလိုက်နဲ့ ရွေ့ လျားနေတဲ့ သဘောလေး သိနေရမယ်။

ငရုတ်ကျည်ပွေ့ကိုင်ထားရင်းနဲ့ ကိုင်လာတာကြာတော့

http://www.dhammadownload.com

ပူနွေးလာတဲ့သဘောလေးတွေ ရှိမယ်။ အဲဒီသဘောလေးတွေ သိနေရမယ်။ ထောင်းပါများတော့ လက်တွေ ညောင်းလာမယ်။ ခန္ဓာကိုယ်အတွင်းထဲက အခံရခက်တဲ့သဘော၊ နာကျင်တဲ့သဘောလေးရှိမယ်။ အဲဒီသဘောလေး သိနေရမယ်။ အဲဒီလိုအားဖြင့် လှုပ်ရှားမှုသဘော၊ ထိမှုသဘော၊ ပူမှုအေးမှုသဘော၊ အခံရခက်တဲ့သဘော အဲဒီလိုသဘောတရားလေးတွေကို သိနေဖို့ကတော့ အဓိကပါပဲ။

အဲဒီသဘောကို စိတ်အာရုံစူးစိုက်ပြီးတော့ မှတ်တဲ့အခါမှာတော့ ထောင်းတာကို ထောင်းတယ်လို့ပဲ မှတ်လိုက်ပါတော့။ ထောင်းတဲ့အခါမှာ လှုပ်ရှားမှုလေး သွားမြင်လို့ လှုပ်တယ် လှုပ်တယ်၊ ရွေ့လျားတယ် ရွေ့လျားတယ်လို့တော့ မှတ်စရာ မလိုပါဘူး။ မြတ်စွာဘုရားက သွားရင် သွားတယ်လို့ မှတ်ပါ၊ သွားရင် သွားတယ်လို့ သိပါလို့ ဟောကြားထားတော့ ကိုယ်လုပ်နေကျ အပြုအမူကို လုပ်နေကျ၊ ခေါ်ဝေါ် ပြောဆိုနေကျ၊ သုံးနှုန်းနေကျအတိုင်းလေးပဲ ရှုမှတ်ဖို့ နည်းလမ်းပေးထားတာ ဖြစ်ပါတယ်။

အဲဒါကို နည်းယူပြီးတော့ မှတ်စိတ်သဘော၊ အမှတ်သတိသဘောမျိုးလေးနဲ့ ရှုမှတ်တဲ့အခါမှာတော့ ထောင်းရင် ထောင်းတယ်ပဲပေါ့။ စားရင် စားတယ်ပဲပေါ့။ ထမင်းဟင်းချက်တော့ မွှေရင် မွှေတယ်ပေါ့။ ထမင်းရည်ငှဲ့တော့ ငှဲ့တယ်ပေါ့။ ထမင်းခူးတော့ ခူးတယ်ပေါ့ စသည်အားဖြင့် ကိုယ်လုပ်နေတဲ့အလုပ်ကို လုပ်နေတဲ့အတိုင်းလေးပဲ အမှတ်သတိက ကပ်လိုက်ပေးပါ။

အမှတ်သတိကပ်လိုက်ရင်းနဲ့ အဲဒီ အပေါ်ယံအမှတ်

http://www.dhammadownload.com

သတိရဲ့ နောက်ကွယ်မှာရှိနေတဲ့ သဘောလေးတွေကို အာရုံစူးစိုက်ပြီးတော့ ထားပါ။ အဲဒီလိုအားဖြင့် သမာဓိဉာဏ် ရင့်သန်လာရင်တော့ အပေါ်ယံ ထောင်းတာ ထုတာ နူးတာ ခပ်တာဆိုတဲ့ ပညတ်သဘောတွေ ကွယ်ပပြီးတော့ အတွင်းထဲက ပရမတ်သဘောတွေ မြင်လာပါလိမ့်မယ်။ ကိုယ့်တာဝန်ကတော့ မှတ်နေဖို့ပဲနော်။ ဒါ့ကြောင့် အလုပ်မရွေး ရှုမှတ်ပါ။

နေရာမရွေးဆိုတာကတော့ နေရာမရွေး ရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ ဘယ်နေရာရောက်နေလို့ တရားတော့ မမှတ်နိုင်ဘူးဆိုတာ မရှိစေရဘူး။ ဘယ်နေရာပဲ ရောက်နေရောက်နေ တရားမှတ်နိုင်ရမယ်။

တရားမှတ်တယ်ဆိုတာကလည်း ဘုရားခန်းလို၊ ဓမ္မာရုံလို တင့်တယ်တဲ့နေရာမျိုးမှာမှ မှတ်လို့ရတာ မဟုတ်ဘူး။ အိမ်သာလို၊ ရေအိမ်တို့လို မတင့်တယ်တဲ့နေရာမျိုးမှာလည်း မှတ်လို့ရတယ်။ ဩော် ငါတော့ အိမ်သာတက်နေလို့ တရားမမှတ်နိုင်သေးဘူးလို့ ရှိရမှာလား။ မရှိရဘူးနော်။ အိမ်သာတက်နေတဲ့အချိန် မှတ်လို့ အကောင်းဆုံးပေါ့။ ဘာအလုပ်မှမှ မရှိတော့တာနော်။ အဲဒါ ထိုင်ပြီးတော့ မှတ်နေရုံပဲ။

ထိုင်နေတာကိုလည်း မှတ်ရမယ်။ ဘယ်လိုမှတ်မလဲလို့တော့ မေးစရာပဲ။ မှတ်နည်းကတော့ သိပါပြီနော်။ သွားရင် သွားတယ်လို့ မှတ်ဆိုတာတစ်ခုကို နမူနာကိုင်ထားလိုက်လို့ရှိရင် ကျန်တာတွေ မှတ်နည်းသိပြီ၊ ရေအိမ်ထဲ ကျင်ကြီးကျင်ငယ် နေ့တိုင်းစွန့်နေကြတာချည်းပဲ။ မစွန့်တဲ့သူ မရှိပါဘူးနော်။ စွန့်တိုင်းစွန့်တိုင်း

http://www.dhammadownload.com

အမှတ်သတိလေးနဲ့ ဝိပဿနာဉာဏ်သွင်းပြီးတော့ စွန့်ပေါ့။

ထိုင်နေတဲ့အမူအရာကို ထိုင်တယ် ထိုင်တယ်လို့မှတ်၊ စွန့်ချင်တဲ့ စိတ်ကလေးကို စွန့်ချင်တယ်၊ စွန့်ချင်တယ်မှတ်၊ စွန့်ချလိုက်တဲ့ အမူအရာကို စွန့်တယ်၊ စွန့်တယ်မှတ်၊ အခံရခက်တဲ့ဝေဒနာဖြစ်ရင် နာတယ် နာတယ်လို့မှတ်၊ ကျန်းမာရေးကောင်းပြီး မျှတနေလို့ စွန့်ကောင်းတော့လည်း ကောင်းတယ် ကောင်းတယ်မှတ်ပေါ့နော်။ အနံ့အသက်တွေကတော့ နံမှာ သေချာပေါက်ပဲ။ အနံ့အသက်တွေ နံတော့လည်း နံတယ် နံတယ်လို့ မှတ်ပေါ့။ အိမ်သာထဲမှာ သတိပဋ္ဌာန်လေးပါး အစုံရပါတယ်နော်။ ဒါ့ကြောင့် နေရာမရွေး တရားမှတ်ပါ။

ဣရိယာပုတ်မရွေးဆိုတာကတော့ ဣရိယာပုတ်မရွေးတရားရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ ဘယ်ဣရိယာပုတ်ကြီးနဲ့ ဖြစ်နေလို့ တရားမရှုမှတ်နိုင်ဘူးဆိုတာ မရှိစေရဘူး။ ဘယ်ဣရိယာပုတ်နဲ့ပဲဖြစ်ဖြစ် တရားရှုမှတ်နိုင်ရမယ်။

ဘုရားရှေ့မှာ ထိုင်မှပဲ တို့ကတော့ တရားမှတ်မယ်။ ဒီလိုမဖြစ်စေရဘူး။ ထိုင်မှတ်မှ အားရတယ်ဆိုပြီးတော့ ထိုင်မှတ်တာတစ်ခုတည်းချည်း အားမကိုးရဘူး။ မတ်တတ်ရပ်နေတုန်းလည်း မှတ်ပါ။ လမ်းသွားနေရင်းလည်း မှတ်ပါ။ ခုတင်ပေါ်မှာ၊ ကြမ်းပြင်ပေါ်မှာ၊ အိပ်ရာပေါ်မှာ လဲလျောင်းနေရင်းနဲ့လည်း မှတ်ပါ။

ထိုင်မှတ်တဲ့အခါမှာလည်း တင်ပျဉ်ခွေထိုင်မှ မဟုတ်ဘူးနော်။ ကုလားထိုင်ပေါ်မှာ၊ ဆိုဖာပေါ်မှာ၊ ခုံပုပုလေးပေါ်မှာ၊ ဘယ်ပေါ်မှာပဲ ထိုင်ထိုင်၊ ဘယ်ပုံစံ အနေအထားနဲ့ပဲ ထိုင်ထိုင်၊ တရားရှု

http://www.dhammadownload.com

မှတ်လို့ ရပါတယ်။ မလှုပ်, မကုပ်၊ မပြင်, မပြောင်းဘဲ အကြာကြီး ဆက်တိုက် ထိုင်နိုင်မှ တရားရှုမှတ်ရတာလည်း မဟုတ်ပါဘူး။ အဆင်ပြေသလို လှုပ်, ကုပ်၊ ပြင်, ပြောင်းရင်းနဲ့လည်း တရားရှုမှတ်လို့ ရပါတယ်။

တချို့က 'အကြာကြီး မထိုင်နိုင်လို့' လို့ အကြောင်းပြပြီး တရားရှုမှတ်မှုကို ငြင်းဆန်ကြတယ်။ မထိုင်ဘဲ နေနေတာလားဆိုတော့လည်း မဟုတ်ပါဘူး၊ ထိုင်နေတာပါပဲ။ နေသာသလို ထိုင်ရင်း တရားရှုမှတ်သွားပေါ့။ မလှုပ်မယှက်နဲ့ အကြာကြီး ငြိမ်ကုပ်နေစရာ မလိုပါဘူး။ ဖြစ်တိုင်းသိနေဖို့သာ အဓိကပါ။

ဣရိယာပုတ်လေးပါးလုံး မှတ်ရမယ်။ သွား ရပ် ထိုင် လျောင်း ဣရိယာပုတ်လေးပါးလုံးမှာ အမှတ်သတိလေးကပ်ပြီးတော့ ရှုမှတ်ရမယ်။ သွားရင် သွားတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ လျောင်းရင် လျောင်းတယ်လို့ အခြေခံဣရိယာပုတ်ကြီး လေးပါးကို ရှုမှတ်လို့ရပါတယ်။

အချိန်မရွေးဆိုတာကတော့ အချိန်မရွေး တရားရှုမှတ်ရမယ်လို့ ဆိုလိုပါတယ်။ ဘယ်အချိန်ဖြစ်နေလို့ တရားမရှုမှတ်နိုင်ဘူးဆိုတာ မရှိစေရဘူး၊ ဘယ်အချိန်မှာမဆို တရားရှုမှတ်နိုင်ရမယ်။

မနက်ပိုင်းလေးတော့ ဦးနှောက်လေး ကြည်လို့ မှတ်ကောင်းတယ်၊ မနက်ပိုင်းပဲ တို့ တရားမှတ်မယ်ကွယ်၊ နေ့လယ်နဲ့ ညနေတော့ တို့ နားလိုက်ဦးမယ်။ ဒီလို လုပ်ရမှာလား၊ မလုပ်ရဘူး။ နေ့လယ်မှတ်ကောင်းတဲ့သူကလည်း နေ့လယ်ပဲ မှတ်မယ်။ မနက်နဲ့

http://www.dhammadownload.com

ညတော့ နားလိုက်ဦးမယ်။ ညမှတ်ကောင်းတဲ့သူကလည်း ညပဲ မှတ်မယ်။ မနက်နဲ့ နေ့လယ်တော့ လွှတ်ထားလိုက်ဦးမယ်လို့ ဒီလို မထားရဘူး။ အချိန်မရွေး ရှုမှတ်ရမယ်။

မနက်အချိန်ရော၊ နေ့လယ်အချိန်ရော၊ ညနေအချိန်ရော၊ နောက်တစ်ခါ မျက်စိမှိတ်ထားတဲ့အချိန်ကျမှ ရှုရမှာမဟုတ်ဘူး။ မြင်တဲ့အချိန်မှာလည်း မြင်တယ်လို့ မှတ်ပြီးရှု၊ ကြားတဲ့အချိန်မှာ လည်း ကြားတယ်လို့မှတ်ပြီးရှု၊ နံတဲ့အချိန်မှာလည်း နံတယ်လို့ မှတ်ပြီးရှု၊ စားတဲ့အချိန်မှာလည်း စားတယ် လို့ မှတ်ပြီးရှု၊ ထိတဲ့ အချိန်မှာလည်း ထိတယ်လို့ မှတ်ပြီးရှု၊ တွေးတဲ့အချိန်မှာလည်း တွေးတယ်လို့ မှတ်ပြီးရှု၊ အချိန်တိုင်းအချိန်တိုင်းမှာ ရှုမှတ်လို့ ရပါ တယ်။

ဘာပဲအရေးကြီးလဲဆိုရင် အလေ့အကျင့် လုပ်ထားဖို့ပဲ အရေးကြီးပါတယ်။ အလေ့အကျင့်ရှိရင် ဘာမှ မခက်ပါဘူးနော်။ ကွမ်းကြိုက်တဲ့လူက၊ ကွမ်းစွဲနေသူတစ်ယောက်က ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် ကွမ်းစားမပျက်ပါဘူး။ သတင်းစာဖတ်ရင်းနဲ့ ကွမ်း စားလို့ ရတာပဲ၊ ကွမ်းစားရင်း သတင်းစာဖတ်လို့ ရတာပဲ၊ တီဗီ ကြည့်ရင်း ကွမ်းစားလို့ရတာပဲ၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ စကား ပြောရင်း ကွမ်းစားလို့ ရတာပဲ၊ စာရေးနေရင်းလည်း ကွမ်းစားလို့ ရတာပဲ၊ အလုပ်လုပ်နေရင်းလည်း ကွမ်းစားလို့ ရတာပါပဲ။

ကွမ်းကြိုက်တဲ့လူဟာ အလုပ်လုပ်ရင်း ကွမ်းစား၊ ကွမ်းစား ရင်း အလုပ်လုပ်၊ တစ်ချိန်တည်းမှာ အလုပ်နှစ်ခု လုပ်လို့ ရသလိုပါ ပဲ။ တရားကြိုက်တဲ့ပုဂ္ဂိုလ်၊ တရားစွဲနေတဲ့ပုဂ္ဂိုလ်ဟာလည်း ဘာ

http://www.dhammadownload.com

အလုပ်ပဲ လုပ်လုပ် တရားရှုမှတ်လို့ရပါတယ်။

ဒါ့ကြောင့် သေခြင်းတရားကို ကိုယ်က အနိုင်ရချင်တယ် ဆိုရင်တော့ သူက မရွှေသုံးပါးနဲ့ လာတိုက်ခိုက်တာ ကိုယ်က မရွှေလေးပါးနဲ့ ပြန်တိုက်ရမှာပေါ့။ ဒါဆိုရင် သေခြင်းတရားက လွတ်မြောက်မှာ ဧကန်ပါပဲ။

မရွှေလေးပါး လက်ကိုင်ထားပြီး ပွားများလိုက်လို့ရှိရင်တော့ မကြာခင်အချိန်ကာလအတွင်းမှာပဲ ဝိပဿနာဉာဏ်တွေ ရင့်သန်ပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုခွင့်ရပြီဆိုရင် သေခြင်းတရားက လွတ်မြောက်သွားပါပြီ။ သေခြင်းတရားက လွတ်မြောက်သွားတယ် ဆိုတာ သေခြင်းတရားကို ကိုယ်က အနိုင်ရလိုက်တာပဲပေါ့။

တရားနာပရိသတ်များ သေခြင်းတရားကို ကိုယ်က အရှုံးပေးချင်လား၊ အနိုင်ယူချင်လား။ အနိုင်ယူချင်တယ်ဆိုရင် မရွှေသုံးပါးနဲ့ တိုက်ခိုက်လာတဲ့ သေခြင်းတရားကို ကိုယ်က မရွှေလေးပါးနဲ့ ပြန်ပြီးတော့ တိုက်ခိုက်ရမယ်။

သေခြင်းတရားနဲ့ ခုနစ်ရက်မိတ်ဆွေဖွဲ့လိုက်တဲ့ ကုန်သည်ကြီး သေလွန်သွားတဲ့အခါမှာ ယပင့်နဲ့ပျံသွားလား၊ ရရစ်နဲ့ပြန်သွားလား။ ယပင့်နဲ့ ပျံလွန်တော်မူသွားပါတယ်နော်။ ပျံတော်မူသွားပါတယ်။ အဲတော့ ပစောက်ယပင့်နဲ့ ကုန်သည်ကြီး တုသိတာနတ်ပြည်ကို ပျံတော်မူသွားပြီဆိုတော့ ဦးဇင်းတို့လည်း တရားသိမ်းပြီးတော့ ရွှေပါရမီတောရကို ပစောက်ရရစ်နဲ့ ပြန်တော်မူတော့မယ် နော်။

http://www.dhammadownload.com



## အပ္ပမာဒေန သမ္ပာဒေထ

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ သေခြင်းတရားကို အမြဲမပြတ် ဆင်ခြင်ခြင်းအားဖြင့် သေခြင်းတရားနဲ့ မိတ် ဆွေဖွဲ့နိုင်ကြပါစေ။

သေခြင်းတရားနဲ့ မိတ်ဆွေဖွဲ့ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ သံဝေဂစွမ်းအားနဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကုသိုလ် အလုပ်တွေကို အရှိန်အဟုန်ကောင်းကောင်း၊ အင်အားပါပါ၊ စွမ်းရည်ပြည့်ပြည့် ကြိုးစားအားထုတ်နိုင်ကြပါစေ။

ကြိုးစားအားထုတ်နိုင်ကြတဲ့အတိုင်းလည်း ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့် တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ၊ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက် မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

http://www.dhammadownload.com

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။ အရေး အကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်ငှ ပြည့်စုံအောင် ကြိုးစားအား ထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . . သာဓု . . . . သာဓု ပါဘုရား။



၁၉၉၉ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊ သထုံမြို့
သာသနာ့ဝုဒ္ဓိကျောင်းတိုက်၊ သက်တော်ရှည်ဆရာတော်ဘုရားကြီး၏
အန္တိမအဂ္ဂိရှာပနဌ် ဟောကြားအပ်သော တရားတော်ကို
ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်သန္တာဓိက (ရွှေပါရမီတောရ)

http://www.dhammadownload.com

# ရွှေပါရမီဓမ္မဒေသနာ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဟောကြားအပ်သော တရားတော်(တိပ်ခွေ)များကို နာကြားလိုပါက ရွှေပါရမီဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရွှေပါရမီဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့
အမှတ်(၁၉ အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၂၄၉၈၇၃၊ ၃၈၅၀၄၄။

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၂၂၆၅၀၀၊ ၂၁၀၄၆၂။